

www.burmeseclassic.com
BURMESE
CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား တို့ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- **တစ်မျိုးသားလုံး၏** စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- **အမျိုးဂုဏ်** ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- **မျိုးချစ်စိတ်ဓာတ်** ရှင်သန်ထက်မြက်ရေး
- **တစ်မျိုးသားလုံး** ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





(သုဝေးအိမ်စာပေ)
စာအုပ်အမှတ် (၃)

# "မော်ကဝေဇော် နံ့နက်ခင်း"

## ပျို့ ခေတ်

( လုံး ချင်း ဝ တ္ထု သစ် )

**သုဝေးအိမ်စာပေ**

အမှတ်(၂၄၂)၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉၈၅၂၂၁၄၄၊ ၀၉၈၅၂၂၂၄၄

သုဝေးအိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၉၀၇၀၉၀၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၀၂၀၀၉၀၀ |
| မျက်နှာဖုံးဒီဇိုင်း | သာသာအောင် |
| ကွန်ပျူတာစာစီ | နှမ်းပွင့် ကွန်ပျူတာ |
| ထုတ်ဝေသည့်အကြိမ် | (ပထမအကြိမ်) |
| ထုတ်ဝေသည့်ကာလ | အောက်တိုဘာလ ၊ ၂၀၁၀ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန်(သင်းစာပေ) |
| စာအုပ်ချုပ် | ကိုကျော်ညွန့် (သူဌေးအိမ်) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးတင်မင်းလှ<br>လင်းလက်အိမ်ပုံနှိပ်တိုက်<br>(မြ - ၀၇၈၂၈) |
| တန်ဖိုး | ၅၀၀ ကျပ် |
| ဖြန့်ချိရေး | သူဌေးအိမ်စာပေ၊<br>အမှတ်(၂၄၂)၊ ၃၆လမ်းအထက်၊<br>ကျောက်တံတား၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉၈၅၂၂၀၄၄<br>၀၉၈၅၂၂၂၄၄<br>၀၁-၇၃၀၃၃၆၄၂<br>၀၉၅၀၇၃၀၃၇<br>၀၁-၇၂၅၆၀၆ |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၀၉၅-၀၃

ပျိုခေတ်

မှော်ကဝေ၏ နံနက်ခင်း/ ပျိုခေတ် - ရန်ကုန်
သင်းစာပေ၊ ၂၀၁၀၊

၂၁၂ - စာ၊ စင်တီ ၁၃ x ၂၀
(၁) မှော်ကဝေ၏နံနက်ခင်း



## (၁)

သူမတို့ သူငယ်ချင်း သုံးယောက်ဟာ အရမ်းခင်ကြတဲ့ သူတွေပါ။ သူမတို့ဟာ ငါးတန်းနှစ်ကတည်းက ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ ကိုးတန်းရောက်တော့လည်း ဝိပ္ပဘာသာတွဲကို စိတ်တူညီစွာ ယူခဲ့ကြသည်။ သူမတို့သုံးယောက်ဟာ ညီအစ်မ အရင်းတွေထက်ပင် ပိုချစ်ခင်ကြသည်။ "ရင်ရိပ်နွယ်" သူမက ဆံပင် လိမ်ကောက်ကောက် အညိုရောင်လေးပိုင်ဆိုင်ပြီး မျက်လုံးပြူးပြူးဝိုင်းဝိုင်းလေးဖြင့် ချစ်စရာကောင်းသော ကောင်မလေး။ အသားအရေက ဝင်းဝါစိုပြေသည်။ "နံနက်ခင်း" သူမ ကတော့ ပျော့ပျောင်းနူးညံ့သော ဆံပင် ပုခုံးကျော်ကျော် ဆင်း ဆင်းလေးကို ပိုင်ဆိုင်ထားသူ။

အသားအရေကတော့ ဖြူဖြူကြည်ကြည်ကလေးနှင့် Baby face မျက်နှာလေးကို ပိုင်ဆိုင်ထားတဲ့ ကောင်မလေးပါ။

www.burmeseclassic.com



"မှန်ဇာဖြူ" သူမက ကိုရီးယားစတိုင်(လ်) ဆံပင်တိုတိုလန်လန်လေးများကို တစ်နေ့တစ်မျိုး မရိုးရအောင် ကလစ်ကလေးများ တပ်ထားတတ်သည့် ကောင်မလေး။ အသားညိုပေမယ့် မျက်နှာလေးက ချစ်စရာကောင်းတာမို့ ညိုချောလေးဟု လူပြောများလှသည်။

သူမတို့ သုံးယောက်ဟာ အမြဲပဲ ရယ်နေတတ်ကြသေးသည်။ သူမတို့သုံးယောက်ကို ဘယ်အချိန်ကြည့်ကြည့် သွားကျဲကျဲလေးတွေနဲ့ တွေ့ရတတ်တာမို့ ကောင်လေးတွေက သူမတို့လာတာမြင်လျှင် "သွားတိုက်ဆေး ကြော်ငြာလာပြီဟေ့" ဟု အော်ကြသည်။ ပြီးတော့ သူမတို့ သုံးယောက်မှာ ချစ်စရာအကျင့်လေးတွေရှိကြသေးသည်။ "ရင်ရိပ်နွယ်" သူမက သကြားလုံးအခွံလေးတွေ စုရတာဝါသနာပါလှသည်။ သူမက သူမစားပြီးသော သကြားလုံး အခွံ့လေးတွေကို အယ်(လ်)ဘမ်စာအုပ်ကလေးထဲထည့်ပြီး ဘယ်နေ့ကဘယ်သူဝယ်ကျွေးတာဟု date ကလေးတွေကိုပါ တွဲရက်ရေးတတ်သေးသည်။ သူမက ထိုအလုပ်ကို မမေ့မလျော့ လုပ်တတ်သူပင်။

"နံ့နက်ခင်း" သူမက,တော့ Key change လေးတွေနှင့် နားဆွဲပိစိကွေးလေးတွေကို စုတတ်သူပင်။ သူမမှာ ပုံသဏ္ဍာန် အမျိုးမျိုးအရွယ်အစားအမျိုးမျိုးရှိသည်။ လွယ်အိတ်ကလေးတွေတွင်လည်း တစ်နေ့တစ်မျိုး မရိုးရအောင် Key change လေးတွေကို ချိတ်တက်သေးသည်။ "မှန်ဇာဖြူ" သူမက ကာတွန်းရုပ်ကလေးတွေပါသော ဘောပန်ပုံစံဆန်းလေးတွေကို ဝယ်ပြီးစုသည်။ ဘောပန်ပုံသဏ္ဍာန်အမျိုးမျိုး ကာတွန်းရုပ်





ပုံစံ မျိုးစုံပါသော ဘောပန်လေးတွေကို ရှာရှာဖွေဖွေ ဝယ်ပြီး စုတတ်သည်။ သူမသူငယ်ချင်းနှစ်ယောက်ကိုလည်း ဘောပန်လေးတွေ လက်ဆောင်ပေးတတ်သေးသည်။

သူမတို့ သုံးယောက်တွင် "မှန်ဇာဖြူ" နှင့် "နံ့နက်ခင်း" ကယောကျ်ားနဲနဲဆန်ကာ "ရင်ရိပ်နွယ်" ကတော့ ခပ်အေးအေးနေတတ်သူဖြစ်ပါသည်။ ရှစ်တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်တွင် ကရာတေးသင်တန်းသွားတက်လိုက်သေးသည်။ "ရင်ရိပ်နွယ်" ကို ခေါ်တော့ မတက်ချင်ဘူးဟု ငြင်းသည်။ ထို့ကြောင့် သူမတို့နှစ်ယောက်ပဲ တက်လိုက်ခြင်းဖြစ်ပါသည်။

ဒီနေ့ ကိုးတန်း ဝိပ္ပံခန်း နဲနဲ ငြိမ်သက်နေပါသည်။ အဘယ်ကြောင့်ဆိုသော် အရင်က အခန်းထဲတွင် စလိုက် နောက်လိုက် ပြေးလိုက် လွှားလိုက်နှင့် လူတိုင်းကို စချင် နောက်ချင်တတ်သော "ဂျိုကာသုံးယောက်" ထူးထူးခြားခြား ငြိမ်သက်နေသောကြောင့်ဖြစ်သည်။ "ဂျိုကာသုံးယောက်" ဆိုတာ သူမတို့သုံးယောက်ကို ဝိပ္ပံခန်းမှ ကျောင်းသား/သူ များက "nick name" ပေးထားတာဖြစ်မည်။ သူမတို့ သုံးယောက် ငြိမ်နေခြင်းမှာ အကြောင်းအရင်းတစ်ခုကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com



"တာ ဆရာမမလာတော့ ဖျင်းစရာကြီး အချိန်ကလည်း နှစ်ချိန်ဆက်ဆိုတော့ ဖျင်းစရာကြီး ဘာလုပ်ရင်ကောင်းမလဲ"

"ဒီလိုလုပ်လေ ငါတို့ 'လရိပ်' တို့ အခန်းကို သွားရအောင် စကားသွားပြောကြတာပေါ့"

"အေး နက်နက် ပြောတာဟုတ်တယ် အဲဒီမိန်းမနဲ့လည်း မတွေ့တာကြာပြီနော် ရိပ်ရိပ်"

"အေး သွားမယ်လေ ဒါဆို ထ"

သူမတို့ သုံးယောက် "လရိပ်" တို့ အခန်းရှိရာ ဝိဇ္ဇာခန်းသို့ ထွက်လာကြသည်။ "လရိပ်" ဆိုတာ သူမတို့နှင့် တော်တော်လေး ရင်းနှီးသည့် သူငယ်ချင်းပါ။ သူမတို့ အခန်းနှင့် တစ်ခန်းကျော်မှာ နေရသည်။ သူမတို့အခန်းပြင်ရောက်တော့ . . . .

"'ဟိတ်' နံနက်ခင်း ဘယ်သွားမလို့လဲ"

"ဪ 'သားစင်' နင် ဘာယူထားလဲ"

"ငါက ဝိဇ္ဇာလေ နင်က ဝိပ္ပံမှာလား"

"အင်း ဟုတ်တယ် မိတ်ဆက်ပေးရအုံးမယ်။ ဒါက ငါ့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် သူက 'ရင်ရိပ်နွယ်' တဲ့။ သူကတော့ 'မှုန်ဇာဖြူ' တဲ့ မှတ်ထားနော်"

"ဟုတ်ကဲ့ ခင်ဗျ ကျွန်တော်ကတော့ 'သားရွှေစင်' ပါ လမ်းမှာ တွေ့ရင် ခိုင်းနိုင်ပါတယ်"

"ဟား ဟား တွေ့ရတာဝမ်းသာပါတယ်"

သူမတို့သုံးယောက်က "သားရွှေစင်" ရဲ့ စကားကို ဝိုင်း





ရယ်ကြကာ။

"ကဲ သားစင် နောက်မှတွေ့မယ်နော် အခုတော့ နင်တို့ အခန်းသွားမလို့ဟ တာ့ တာ"

"နံနက်ခင်း" ကလေးလေးလို နှုတ်ဆက်ရင်း ထွက်လာခဲ့သည်။

"နက်နက် ခုနက ကောင်လေး နံမည်က ဘယ်လို"

"သားရွှေစင်လေ ဘာဖြစ်လို့လဲ ရိပ်ရိပ်"

"အဆန်းလေးမို့လို့ပါ နင်နဲ့ဘယ်တုန်းက သိတာလဲ"

"သူက ငါတို့ အိမ်ဘေးက ဆရာမဆီမှာ ခုနှစ်တန်းတုန်းက ကျူရှင်လာတက်တယ်လေ။ ငါကလည်း အဲဒီဆရာမဆီမှာ နားလည်တဲ့ စာတွေဆိုရင် သွားသွားမေးတတ်တော့ သူနဲ့ ခဏခဏ ဆုံဖူးတယ် သိပ်ပြီးတော့ မခင်ပါဘူး"

"တော်တော်ချောတယ်နော်၊ ချောတာထက်ယောကျ်ားပီသတာ"

"ဘာလဲ ဇာဇာ စိတ်ဝင်စားလို့လား"

"ဟုတ်ပါဘူးကွာ ချောလို့ ချောတယ် ပြောတာပါ ရိပ်ရိပ်ရဲ့"

"ထားလိုက်ပါတော့ ဟိုမှာ လရိပ် ဟိတ် ဟိတ် လရိပ်"

"နံနက်ခင်းက လှမ်းခေါ်တော့ "လရိပ်"က လက်ပြန်ပြရင်း အခန်းအပြင်သို့ ထွက်လာသည်။

"လရိပ် အစုတ်ပလုပ်မ ငါတို့အခန်းဘက်ကြတော့ မလာဘူး"

"မဟုတ်ပါဘူး ဇာဇာရယ် ငါတို့အခန်းမှာ ဒီတစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်သိပ်မရှိလို့ပါ အခုတောင် ဆရာက အစည်းအဝေး ရှိလို့စောစောထွက်သွားတာ"

"တုတ်ပါပြီ ဒီတစ်ခါတော့ ယုံလိုက်မယ်နော်"

"လာလေ အခန်းထဲဝင် ငါတို့ခုံမှာထိုင်ပြီး စကားပြောတာပေါ့"

သူမတို့ သုံးယောက် "လရိပ်" တို့ အခန်းထဲဝင်ကာ စကားထိုင်ပြောပြီး ငါးမိနစ်ခန့်အကြာတွင် အခန်းနောက်ဘက်က အသံကျယ်ကျယ်မြင့်အော်သံကြားရလေသည်။

"ဟိတ် ဘယ်ကအမှိုက်တွေလည်း အခန်းထဲ ဘယ်လိုလုပ်ရောက်လာရတာလဲ 'လရိပ်ညို' နင်ဘာလို့ လက်ခံရတာလဲ တံမျက်စည်းနဲ့ လှဲထုတ်လိုက်လေ မျက်စိရှုပ်တယ်"

"ဘယ်လိုကြီးလဲ ငါတို့ကို ပြောတာလား၊ လရိပ်ရဲ့ ရိုင်းလိုက်တာ"

"ဟုတ်တယ်နော် အဲ့ဒါ ဘယ်သူလဲ"

"ဂရုမစိုက်ပါနဲ့ကွာ လွှတ်ထားပေးလိုက် သူနံမည်က "မှော်" တဲ့"

"ဟင် နံမည်ကလည်း ဘယ်လိုကြီးလဲဟ"

"လရိပ်ညို ငါပြောတာ မကြားဘူးလား"

အသံအကျယ်ကြီးက ထွက်လာပြန်သည်။

"မှော် နင်ဘယ်လိုဖြစ်နေတာလဲ ဒါငါ့သူငယ်ချင်းတွေဟဲ့"

"ဘာ သူငယ်ချင်းမှ မသိဘူး ဒီအခန်းမှာ ငါမော်နီတာ ငါပြောတဲ့အတိုင်းလုပ် ဘာမှပြန်မပြောနဲ့"

"ဟာ ဘလိုင်းကြီးကွာ မကျေနပ်ဖူး ငါသွားချဲမယ်"





"နက်နက် မလုပ်နဲ့လေ"

"လရိပ်ညို" က ဆွဲထားသည်။ "မှန်ဇာဖြူ" ကလည်း "နံနက်ခင်း" ကို လက်ဆွဲကာ . . .

"အေးလေ လရိပ်ပြောတာ ဟုတ်သားပဲ နက်နက်ရဲ့ သူ ရိုင်းပေမယ့် ကိုယ်ကပြန်မရိုင်းနဲ့ ပြီးတော့ ဒီအခန်းက ကိုယ့်အခန်းမဟုတ်ဘူး လာလာ ပြန်ကြမယ်"

စိတ်အရမ်းဆိုးနေသော "နံနက်ခင်း" က နှုတ်ခမ်းကိုက်ကာ ထို "မှော်" ဆိုသော ကောင်လေးထံတစ်ချက်စောင်းကြည့်လိုက်သည်။ ထိုကောင်လေးကလည်း ခါးထောက်ကာ မိုက်တိမိုက်ကန်း ပြန်ကြည့်သည်။ "မှန်ဇာဖြူ" အတင်းဆွဲခေါ်သဖြင့် "နံနက်ခင်း" မလိုက်ချင် လိုက်ချင်ဖြင့် လိုက်ပါခဲ့ရသည်။ "ရင်ရိပ်နွယ်" က "မှော်" ကို စေးကြည့်ရင်း ကျန်ခဲ့သည်။

"ဟဲ့ ရိပ်ရိပ် ဘာလုပ်နေတာလဲ လာလေ ပြန်မယ်"

"မှန်ဇာဖြူ"က အော်မှ သတိပြန်ဝင်လာတဲ့လူလို သူမတို့ထံလိုက်လာခဲ့သည်။

"တောက် ရုပ်ကိုက ဆွဲထိုးပစ်ချင်တယ်"

"နက်နက် ငါဆိုရင်လေ ဓားနဲ့ ခုတ်ပစ်ချင်နေတာဟ"

"လာကွာ ဇာဇာ ငါတို့ သွားပြန်ကောရအောင်"

"ဟဲ့ တော်ကြတော့ နက်နက်နဲ့ဇာဇာ အခုဟာက သူများအတန်းနော်၊ တော်ကြာ ကိုယ်က မိန်းကလေး ရုံးခန်းတွေ ဘာတွေ ရောက်ရင် ရှက်စရာ။ အဲဒီကောင်လေးကလည်း ဟယ် သက်သက် ရန်စတယ် ရုပ်ကလေးကတော့ [illegible] စက်စက် ချောတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါဟာ ရုပ်ချော့တာ ဘာလုပ်လို့ရမှာလဲ ယောကျ်ားဖြစ်ပြီး ဘယ်လိုစိတ်မျိုးမှန်းမသိဘူး၊ သူ့ကို ငါတို့ကဘာလုပ်လို့လဲ" သူမတို့ ကိုယ့်အခန်းသို့ ကိုယ်ဝင် ထိုင်တာ မကျေမနပ်ဖြင့် ထိုကိစ္စကို ပြောနေစဉ်မှာ အခန်း အပြင်မှ "သားရွှေစင်" က သူမတို့ကို လက်ယပ်လှမ်း ခေါ်သည်။ သူမတို့ အခန်းအပြင်သို့ ရောက်တော့......

"ပြော သားစင် ဘာကိစ္စလဲ"

"အခုနက ကိစ္စ တောင်းပန်ချင်လို့ပါ"

"ဘာလဲ ဘာကိစ္စလည်း"

"အခုနက မှော်နဲ့ နင်တို့ ပြဿနာဖြစ်မလို့လုပ်တယ်ဆို မှော်ဘက်က အရင်စပြီး ရန်စတာလို့ ပြောတယ်"

"အင်း ဟုတ်တယ် မှော်နဲ့ ငါတို့နဲ့ ဖြစ်တာ နင်နဲ့ဘာဆိုင် လို့လဲ သားစင်ရဲ့"

"အေးလေ နင်က ဘာလို့ တောင်းပန်ရတာလဲ"

"နံနက်ခင်း" က တအံ့တဩ ပြောတော့ "မှန်ဇာဖြူ" နဲ့ "ရင်ရိပ်နွယ်" တို့ကလည်း ဝင်မေးကြသည်။

"ငါနဲ့မှော်က ညီအစ်ကိုလေ မှော်က အဲ့လိုပဲ တစ်ခါတစ် လေ အရမ်းအစသန်တာ အခုလည်း အစသန်လွန်းလို့ဖြစ်သွား တာထင်ပါတယ်ဟာ"

"နင် တောင်းပန်တာ မှော်ကို ခွင့်လွှတ်ဖို့အတွက်လား"

"အင်း"

"ဒါဆိုရင်တော့ အချိန်ကုန်လူပင်ပန်း ဖြစ်လိမ့်မယ် သားစင့် သူကိုယ်တိုင် လာတောင်းပန်ရင်တောင်မှ စဉ်းစားရ





လိမ့်မယ်"

"နံနက်ခင်း" က ပြောပြီး အခန်းထဲပြန်ဝင်လာခဲ့သည်။ သူမတို့ နှစ်ယောက်လဲ နောက်မှလိုက်လာပြီး "ရင်ရိပ်နွယ်" က . . .

"နက်နက်ရယ် သားစင်က အစ်ကို တစ်ယောက်အနေနဲ့ လာတောင်းပန်တာပဲ ခွင့်လွှတ်လိုက်ပေါ့ဟာ မှော်ကလည်း ကောင်မလေးတွေဆိုတော့ စလိုက်တဲ့သဘော ဖြစ်ချင်ဖြစ် မှာပါ"

"နင်ဘာဖြစ်နေတာလဲ ရိပ်ရိပ် ဘာလို့ ဒီယောက်ျားကောင် ခွင့်လွှတ်ချင်နေရတာလဲ"

"ငါတစ်ခုပြောမယ်နော် ရိပ်ရိပ်"

"ဘာလဲ ဇာဇာ ပြောလေ"

"အရင်ကဆို နင်က ငါတို့စိတ်နဲ့အတူတူပဲ ငါတို့ကြည့်မရ ရင်နင်လည်း ကြည့်မရဘူး၊ ငါတို့ သဘောကျရင်-နင်လည်း သဘောကျတယ်၊ အခုကိစ္စ ငါတို့ဘက်ကလုံးဝကို မမှားတာ နော်၊ သူ့ဘက်ကစမှားတာ ဆိုတာကိုလည်း အကုန်သူသိ တယ်၊ အခုဟာက နင်က ဘာလို့သူ့ကို သူမှားတယ်ဆိုတာ ကြီးကို သိသိကြီးနဲ့ ခွင့်လွှတ်ချင်နေရတာလဲ၊ အဲ့ဒါ နင့်ဘက် တနေနဲ့ normal မဖြစ်သလိုပဲ"

"ဇာဇာပြောတာ ဟုတ်တယ် ရိပ်ရိပ်"

"ဟုတ်တယ်ဟာ ငါသူ့ကို ခွင့်လွှတ်ချင်နေတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲဆိုတာတော့ ငါကိုယ်တိုင်မသိဘူး"

"အဲ့ဒါကို ပြောတာ နင့်စိတ်က normal မဟုတ်ပါဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



* * *

(၂)

ဒီနေ့ စနေနေ့မို့ သူမတို့ "ရိပ်ရိပ်" အိမ်မှာ ဆုံကြသည်။ လက်ဖက်သုတ်စားရင်း "ဇာဇာ" က ညက ကြည့်ခဲ့ရသော သရဲကားအကြောင်းကို ပြောပြနေစဉ် ခြံရှေ့မှခေါ်သံကို ကြားရသည်။ "ရိပ်ရိပ်" က ခြံထဲဆင်းသွားပြီး ခဏနေတော့ ပြန်ဝင်လာသည်။ လက်ထဲမှာ ပါဆယ်ထုတ်တစ်ထုတ်နှင့်။

"ငါတို့ သုံးယောက် နံမည်နဲ့ ပို့လိုက်တာဟ ဖွင့်ကြည့်ရအောင်"

"ထူးဆန်းတယ်နော် ဘယ်သူပို့လိုက်တာလည်း မသိဘူး"

"နက်နက်" ပြောရင်း "ရိပ်ရိပ်" လက်ထဲမှ ပါဆယ်ထုတ်ကို ယူကာ ဖောက်လိုက်သည်။ Parking Paper ကို ခွာပြီး ဘူးအဖုံးလေးကို ဖွင့်လိုက်တော့



"အမလေး ဘာကောင်တွေလည်း"

" အား ရှုပ်စရာကြီး"

"ဘာတွေလည်း အမေရေ့"

ဘူးထဲမှာ ဖားပေါက်စနလေးတွေ အများကြီး ရှုပ်လှုပ်နေသည်။သူမတို့သုံးယောက် လန့်အော်ကြသည်။ အခန်းအပြင်မှ . .

"ဟဲ့ ဘာလို့ ဒီလောက် အော်နေကြတာလဲ"

"ဘာမှမဟုတ်ဘူး အမေ ပိုးဟပ်တွေ့လို့"

"ရိပ်ရိပ်" ရဲ့ အမေက တံခါးခေါက်ပြီး လှမ်းမေးတာမို့ "ရိပ်ရိပ်" ကပြန်ဖြေလိုက်ခြင်းဖြစ်ပါသည်။

"တောက် ဘယ်သူ လက်ကမြင်းလိုက်တာလဲ မသိဘူး"

. "အေးလေ ဟယ် ဒီမှာ ကဒ်ကလေး တစ်ကဒ်"

"နက်နက်" က ဘူးအဖုံးမှာ ကပ်နေသော အပြာရောင် ကဒ်ကလေးကို ဆွဲခွာလိုက်ပြီး ကြည့်လိုက်သည်။ ဝိုင်းစက် ညီညာသော လက်ရေးအဆုံးမှာ နံမည်ကိုကြည့်လိုက်တော့ သူမတို့ သုံးယောက်အလွန်ကို အံ့ဩသွားကြသည်။

**"သိပ်လန့်သွားသလား jokers တို့"**

**"မှော်တာဝေ"**

"တောက် . . . ဒါ မှော်ဆိုတဲ့ သတ္တဝါရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ တွေ့မယ် လာ သားစင်တို့အိမ်ကို သွားမယ် အခုဒီ

www.burmeseclassic.com

www.burmeseclassic.com



မော်ဆိုတဲ့ ကောင် ဘယ်မှာရှိမလဲလို့ သွားမေးမယ်"

"ဟုတ်တယ် နက်နက် ဒီကောင် လူပါးဝလာပြီ ဘာရန်ငြိုးမှ မရှိပဲနဲ့ကွာ"

"နင်တို့ကလည်းဟယ် ထစ်ခနဲ ရှိရင် မော့်ကိုပဲ သွားကောမယ် လုပ်နေတာ အခု " မော်ကဝေ" ဆိုတာ မော်လို့ ဘယ်သူ အတိအကျ ပြောနိုင်လဲ ဘာသက်သေမှ မရှိဘဲ သူ့ကို သွားစွပ်စွဲလို့ မရဘူးနော် ခိုင်လုံတဲ့ သက်သေရှိမှ ပြောလို့ရမှာ"

"ဟာကွာ ရိပ်ရိပ် ဘာဖြစ်လို့ ဒီငကောင်နဲ့ ပတ်သတ်လာရင် သည်းခံနိုင်ရတာလဲ"

"ဇာဇာ" က ပြောတော့ "နက်နက်" ကလည်း . . . .

"အေးလေ ရိပ်ရိပ် ဘာဖြစ်နေတာလဲ "မော်ကဝေ" ဆိုတာ မော်ပဲဖြစ်မှာပေါ့ သူဘာလို့ ငါတို့ကို ရန်လိုက်စနေရတာလဲဟာ"

"နင်တို့ ထင်ချင်သလို ထင်နိုင်တယ်ဟာ၊ နင်တို့နဲ့ မော်ကိုတော့ ပြဿနာ မဖြစ်စေချင်ဘူး"

"ငါ တစ်ခုမေးမယ် ရိပ်ရိပ် စိတ်မဆိုးနဲ့နော်"

"ဘာလဲ ဇာဇာ မေးလေ"

"နင် မော့်ကို သဘောကျနေတာလား"

"ရိပ်ရိပ်" က တည်တည်ငြိမ်ငြိမ် လေးပြုံးကာ။ ထိုသို့ "ရိပ်ရိပ်" ပြုံးနေစဉ် "ရိပ်ရိပ်" ရဲ့ မျက်နှာလေးပေါ်တွင် အရောင်တစ်မျိုးလေး ဖြတ်ပြေးသွားသည်ကို သူမတို့ နှစ်ယောက်စလုံး တွေ့လိုက်ရသည်။ "ရိပ်ရိပ်"က ပြုံးရင်း . . .

"ဟုတ်တယ် ဇာဇာ ငါ သူ့ကို သဘောကျသွားတာထက်





ချစ်မိသွားတာထင် တယ်ဟာ အချစ်ဆိုတာ ဘယ်လို အရာလဲ ဆိုတာ ငါ သေချာမသိပေမယ့် ငါသူ့ကို ချစ်မိသွားတယ်"

"ကျိုင်ပဲ ရိပ်ရိပ် ရယ်"

"နက်နက်" ကတော့ ဘာမှဝင်မပြောပဲ ကုတင်ထက်သို့ တက်ကာ လှဲအိပ်လိုက်သည်။ ပြီးတော့ . . .

"ငါ တစ်ခုပဲ ပြောချင်တယ် ရိပ်ရိပ်ရယ်"

" ဘာလဲ နက်နက်"

"ဘယ်လို အချစ်မျိုးပဲ ရောက်ရောက် နင့်ရင်ထဲမှာ ငါနဲ့ ဇာဇာကို ဘယ်တော့မှ ထုတ်မပြစ်ရဘူးနော်"

"နက်နက်ရယ် ဘာလို့ မဟုတ်တာ လျှောက်တွေးရတာလဲ နင်တို့နှစ်ယောက်ဟာ ငါ့ရဲ့ထာဝရ အချစ်ဆုံး သူငယ်ချင်းတွေပါဟာ"

"နက်နက်" က "ရိပ်ရိပ်" ရဲ့ စကားအဆုံးမှာ ကက်ဆက်ကို အသံအကျယ်ကြီး ဖွင့်ပစ်လိုက်သည်။ သူမတို့ရဲ့ ကလေးလေးလို ဖြူစင်ခဲ့ကြသော ဘဝလေးထဲသို့ "မော်" ဆိုသော နံမည်ခပ်ဆန်းဆန်းနှင့် လူတစ်ယောက်ဟာ နတ်ဆိုးတစ်ကောင်လို ဝင်လာခဲ့ခြင်း ဖြစ်လေသည်။

ဒီလိုနှင့် တနင်္လာနေ့ရောက်လာခဲ့သည်။

"ဇာဇာ" နှင့် "နက်နက်" ဒီနေ့ ကျောင်းသို့ စောစောရောက်ခဲ့ကြသည်။ "ရိပ်ရိပ်" ကတော့ မရောက်သေး။

"နက်နက် ဒီနေ့ ရိပ်ရိပ်ကို ဝင်ခေါ်ခဲ့သေးလား"

"ဟင့်အင်း မခေါ်ခဲ့ဘူး ဇာဇာ ငါ ဒီဘက်[illegible] လာလိုက်လို့ ရိပ်ရိပ် ဘာလို့ နောက်ကျရတာလဲ မသိဘူးနော်

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာလာပြီ အသက်ရှည်အုံးမယ်"

"ရိပ်ရိပ် နောက်ကျတယ်နော်"

"နက်နက်" ကမေးလိုက်သည်။

"ဟုတ်တယ် ဒီနေ့ ငါတို့လမ်းထိပ်မှာ ရေခဲမုန့်ဆိုင်အသစ် ဖွင့်တယ်လေ အဲ့ဒါ ဝင်ဝယ်နေလို့ နောက်ကျသွားတာ ဒီမှာ လေ"

"ရိပ်ရိပ်" က ဖော့ဘူးလေးကို ဖွင့်ပြသည်။ ဖော့ဘူးလေး ထဲမှာ ရေခဲမုန့်လေးခုကစားချင်စဖွယ်။ "ဇာဇာ" က ဝမ်းသာ အားရဖြင့် . . .

"ဒါငါတို့အတွက်လား ငါတို့အတွက် ဝယ်လာတာပေါ့ နော်၊ ကျေးဇူးပဲ"

" ဟို မဟုတ်ဘူးဟ နင်တို့စားချင်ရင် ငါနေ့လည်ဝယ် ကျွေးမယ်လေ"

"အမ် ဒါဆို ဒါက ဘယ်သူ့အတွက်လဲ"

"ရိပ်ရိပ်" က မဖြေသေးပဲ တစ်မျိုးလေးပြုံးနေသည်။ ပြီး မှ အသံတိုးတိုးလေးဖြင့် အသံက တကယ့်ကို တိုးတိုးလေး . .

"မှော် အတွက်ပါ"

"ဘာ ဘယ်သူ"

"နက်နက်" က ပြန်မေးသည်။

"မှော် အတွက်"

"မှော် အတွက် ဟုတ်လား မှော်ကဝေအတွက် ရိပ်ရိပ် နင်ရူးနေပြီလား"





"ဇာဇာ" က ထအော်သည်။ "ရိပ်ရိပ်" က လက်ကလေး တကာကာဖြင့် . .

"တိုးတိုးပြောပါ ဇာဇာရယ် လူတွေ ကြားပါအုံးမယ် ငါတောင်းပန်ပါတယ် ငါ့ကိုကူညီနော် မှော့်ကို ဒါလေး သွားပေး ပေးနော်"

" ဟာ မဖြစ်နိုင်ပါဘူး ရိပ်ရိပ်ရယ် မှော်နဲ့ငါတို့နဲ့ ရန်သူ တွေလေ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲဟ"

"ငါမှ ရန်သူမဖြစ်ချင်တာပဲ ဇာဇာရယ်"

"ရိပ်ရိပ်" ကပြောတော့လည်း သူမတို့ကြာကြာ မငြင်းနိုင် ချေ။ "ဇာဇာ"က . . .

"ကဲ ဒီတစ်ခါတော့ ကူညီလိုက်မယ် ပေး ရေခဲမုန့်ဘူး"

ဖော့ဘူးလေးကို "နက်နက်" ကကိုင်ရင်း "ဇာဇာ" နှင့် အတူ ဟို နတ်ဆိုးကောင်တို့အခန်းကိုလာခဲ့ကြသည်။

"ဇာဇာ နင် သွားပေးဟာ ငါဒီက စောင့်နေမယ်"

"အံမယ် နင်သွားပေးပါလား ငါတော့ လုံးဝမသွားချင် ဘူးဟာ"

အခန်းဝမှာ သူမတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် သူပေးကိုယ်ပေးနှင့် အလုပ်ရှုပ်နေကြသည်။

"ကဲဟာ နှစ်ယောက်အတူတူ သွားပေးမယ် လာ"

"အေး . . . အဲဒါကောင်းတယ် အမလေးနော် ဒုတ္



www.burmeseclassic.com

www.burmeseclassic.com



တရားကြီးမားလိုက်တာ" သူမတို့နှစ်ယောက် "မှော်" ရဲ့ ရှေ့ရောက်တော့ . . .

"ဒီမှာ"

"နက်နက်" လှမ်းခေါ်တော့ ကိုယ်တော်ချောက ခေါင်းမော့ကြည့်ကာ မေးဆတ်ပြသည်။ ဘာကိစ္စလည်းဆိုသည့်သဘော။ အကျောကတော့ တော်တော့်ကို မလွယ် . . .

"ရော့ . . ."

ဖော့ဘူးလေးကို "မှော်" ရှေ့သို့ "နက်နက်" က ချပေးလိုက်သည်။ "မှော်" က အံ့ဩသလို ပုခုံးတွန့်ပြရင်း . . .

"ဘာတွေလဲ"

ဟု မေးသည်။ "ဇာဇာ" လက်ပိုက်ပြီး တစ်ဖက်သို့ လှည့်ကာ . . .

"စားစရာတွေပါ ငါတို့သူငယ်ချင်းတစ်ယောက်က ဆံပင်ကောက်ကောက်လေးနဲ့ ကောင်မလေးလေ သိတယ်မှတ်လား၊ သူက နင့်ကို စားစေချင်လို့တဲ့ ရေခဲမုန့်ဝယ်လာတာ"

" အဟုတ် ဖားပေါက်စနလေးတွေ ထည့်ထားတာတော့ မဟုတ်လောက်ပါဘူးနော်. ငါက ရွံ့တက်လို့"

"ဘာလို့ထည့်ရမှာလည်း ငါတို့က သူများကို ဘယ်တော့မှ ရန်မစဘူး၊ အေး ကိုယ့်ကို စ,လာရင်လည်း ငြိမ်ခံနေမှာမဟုတ်ဘူး"

"မှော်" က မျက်ခုံးပင့်ပြီး "နက်နက်" ပြောတဲ့စကားကို နားထောင်နေသည်။

"အခုဟာက စေတနာနဲ့ ဝယ်လာတာကို"





"အဲဒါဆို ယူထားလိုက်မယ်လေ ထားခဲ့ပေါ့"

"ပြီးရော . . ."

"မှော်" က မသိမခန့် ရယ်ရင်း စာအုပ်ပြန်ဖတ်နေသည်။ သူမတို့ ဒီနေရာမှာ ကြာကြာနေရင် လူသတ်မိမှာ ဒါကြောင့်မို့ ပြန်လှည့်ထွက်လာကာ သူမတို့ အခန်းထဲဝင်တော့ "ရိပ်ရိပ်" က . . .

"နက်နက် ဘယ်လိုလဲဟင် သူ ယူထားလိုက်လား"

"အင်း . . . ယူထားလိုက်တယ်"

"နက်နက်" က အဲ့ဒီ တစ်ခွန်းပဲပြောကာ တစ်ခြားအကြောင်းအရာတွေကို ပြောနေသည်။ ခဏအကြာမှာ "အင့်" ခနဲ ရှိုက်သံနှင့်အတူ စာရေးခုံပေါ် မှောက်ကာငိုနေသော "ရိပ်ရိပ်" ကို တွေ့ရသည်။ သူမတို့ နှစ်ယောက်စိုးရိမ်သွားပြီး . . .

"ရိပ် ဘာဖြစ်လို့လဲ"

"ဘာဖြစ်တာလဲ ရိပ်ရိပ် ဘာဖြစ်လို့လဲ"

"အေးလေ ငါတို့ကို ပြောပါဦးဟ"

သူမကို ဝိုင်းပြီးမေးတော့မှ ရိပ်ရိပ်က ငိုရင်းမှ . . .

"သူ . . . သူ အရမ်းရက်စက်တယ်ဟာ အဟင့် ဟင့်"

"ဘယ်သူလည်း"

"ဟိုမှာလေ မှော်ပေါ့"

ဟုဆိုကာ ကျောင်းကော်ရစ်တာကို လက်ညိုးထိုးပြသည်။ သူမတို့ ကြည့်လိုက်တော့ ရေခဲမုန့်ဖော့ဘူးလေးတို့ နှစ်ယောက်အတူစားပြီး ရယ်မောနေကြသော "မှော်" နှင့် သူ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းမှ "ဂန္ထဝင်" ဆိုသော ကောင်မလေး။ "ဂန္ထဝင်" ဆိုတာ "မှော်" တို့ ဝိဇ္ဇာခန်းက အချောအလှလေး တစ်ယောက်ပါပဲ။ "နက်နက်" တော်တော် ဒေါသထွက်သွားကာ . . .

"တောက် . . . ဒီကောင်တော်တော်လူပါးဝတယ်"

ဆိုပြီး ပြေးထွက်သွားကာ "မှော်" ရှေ့မှာ သွားရပ်ပြီး . . .

"ဒီမှာ မှော်ကဝေ နင်က တော်တော်ကြည်နူးနေတယ် ပေါ့"












www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com





သူမတို့နှစ်ယောက်ဟာ ဘယ်တော့မှတည့်မှာ မဟုတ်ပါဘူး။ "ရိပ်ရိပ်" နဲ့ "ဇာဇာ" က ပြာပြာသလဲ အမူအရာများဖြင့် . . .

"နက်နက် ဘယ်အချိန်အထိ ဒီလိုနေရမှာလဲဟင် မုန့်စားကျောင်းဆင်းတော့မယ်ဟ နှစ်မိနစ်ပဲလိုတော့တယ်"

" နင် ခံနိုင်သေးလားဟင် ဘယ်အချိန်ထိလဲ ဆရာမကြီးတို့ ငါတို့သွားပြောပေးရမလား"

"ရတယ် နေနိုင်တယ် ဘာမှမဖြစ်ဘူး ဘေးက သတ္တဝါကို သာမေးကြည့်ရသေးလားလို့ ယောကျ်ားဖြစ်ပြီး တော်တော်





ပျော့တဲ့ကောင်"

"အောင်မာ ဘာသတ္တဝါလဲ ငါလုပ်လိုက်ရသေးအုံးမယ်၊ သားစင် ငါ့ကို အိမ်ရောက်ရင် နှိပ်ပေး"

"အေးပါ မှော် နင်တို့ ဘယ်အချိန်ထိလည်း"

"ကျောင်းဆင်းရင် ပြီးပြီ ဘယ်နှမိနစ်လိုသေးလဲ"

"ကလောင် ကလောင် ကလောင် ကလောင်"

"ဟော ဆင်းပြီ"

ထိုစဉ် ဆရာ ရောက်လာပြီး . . .

"ကဲ ဒီနှစ်ယောက်လက်မှတ်လာထိုးအုံး နောက်ရန်မဖြစ်နဲ့တော့နော်"

သူမတို့ နှစ်ယောက်စလုံး မဖြေ။ "ရိပ်ရိပ်" က

"နက်နက် ပြောလိုက်လေ"

"သားစင် ပေါ့ကောင် ပြောလိုက်လေ"

"ဆရာ နက်နက်ကတော့ သူရန်မစရင် မဖြစ်ပါဘူးတကယ်လို့ သူက သာရန်လာစမယ်ဆိုရင်တော့ နက်နက်ဘက်က သိပ်အာမမခံနိုင်ဘူးဆရာ့"

"ဒါဆိုရင် မှော် အပေါ်မှာ မူတည်နေပြီ မှော် ရော ဘယ်လိုလဲ"

"ဟုတ်ကဲ့ပါ ဆရာ ကျွန်တော် ရန်မစတော့ပါဘူး၊ ဒါပေမယ့် သူငယ်ချင်းချင်း စတာနောက်တာ လောက်ကိုတော့ ခွင့်လွှတ်စေချင်တယ်"

"သူငယ်ချင်း မဟုတ်ပါဘူး ဘာသူငယ်ချင်းလဲ"

"ဟော နံနက်ခင်းက မှော်နဲ့ သူငယ်ချင်း မဟုတ်

www.burmeseclassic.com



မဖြစ်ချင်ဘူးလား"

"မဖြစ်ချင်ပါဘူးဆရာ သူနဲ့နက်နက်နဲ့က ဘယ်တော့မှ ခင်မှာမဟုတ်ဘူး"

"ကဲ . . . ကဲ မခင်ချင်ရင်လည်းနေ အခုတော့ နောက်ရန်မဖြစ်ပါဘူးဆိုပြီး လက်မှတ်ထိုးသွားကြ ကလေးတွေမှ မဟုတ်တော့တာ ကိုးတန်းပဲ ရောက်ပြီ"

"နက်နက် က ကလေးပါဆရာ"

"ဒီပုံကြီးများ ကလေးတဲ့ အဟိ"

"မှော်"က လှောင်သည်။ သူမတို့ လက်မှတ်ထိုးခဲ့ပြီး အခန်းထဲသို့ဝင်ကာ လွယ်အိတ်တွေယူပြီး စက်ဘီးကလေးတွေ ကိုယ်စီနင်းကာ ကျောင်းဆင်းလာခဲ့ကြသည်။

"ဟယ် ရှေ့မှာ မှော်တော့"

"မှော်"က "သားစင်" ဘေးမှ လမ်းလျှောက်၍လိုက်သည်။ "သားစင်" က လူရှုပ်သောကြောင့် စက်ဘီးမနင်းသေးတာထင်သည်။ သူမတို့သုံးယောက် "မှော်" တို့နားရောက်တော့ "နက်နက်" က "မှော်" ဘေးနားသို့ စက်ဘီးကို နင်းသွားကာ ဇက်ပိုးကို . . .

"ဖြောင်း" ကနဲရိုက်ပြီး . . .

"ရေခဲမုန့်"

ဟု အော်ကာ နောက်ပြန်လက်ပြပြီး နင်းပြေးတော့သည်။ "မှော်" ကလည်း ရုတ်တရက်ဆိုတော့ ကြောင်သွားတာ နောက်မှ သတိဝင်လာပြီး . . .

"နာနတ်သီး အပုတ်မ"



ဟု အကျယ်ကြီး လှမ်းအော်ပါသည်။ "နက်နက်" နံမည်က "နံနက်ခင်း" ဆိုတာ တမင်ဖြတ်ခေါ်လိုက်ခြင်းဖြစ်ပါသည်။ "ဇာဇာ" နှင့် "ရိပ်ရိပ်" က "နက်နက်" ရဲ့ စက်ဘီးကို အမှီလိုက်နင်းရင်း "ရိပ်ရိပ်" က . . .

"နက်နက်ရယ် နင်ကလည်း တကယ်ပါပဲ မှော်က အရင်ရန်မစရင် နင်ကအရင်ရန်စတယ်၊ နင်တို့ ဘယ်တော့မှ တည့်ကြမှာလဲ"

"ဘယ်တော့မှ တည့်မှာမဟုတ်ဖူး၊ ငါတို့နှစ်ယောက် က စိန်ခေါ်ထားတာဟ သူဦးကိုယ်ခံ ကိုယ်ဦးကိုယ်ခံပဲ"

"နေပါဦး နက်နက် သူနဲ့ ဂန္ထဝင်နဲ့က ဘာတွေလဲ"

"ဘာမှ မဟုတ်ဘူး အီနေတာ"

"ဘယ်လိုသိလဲ'

"သူပြောတာ"

"ဟမ် မတည့်ကြတဲ့လူတွေက ဒါကြတော့ ပြောပြတယ် ဟုတ်လား"

"ဇာဇာ" က အံ့ဩသလို ဝင်မေးသည်။

"အေးဟ သူလည်း ပြောတယ် ငါမုန်းတဲ့လူကို ဘာလို့ဒီအကြောင်းတွေ ပြောပြနေပါလိမ့်တဲ့"

"ဒါဆို နင်တို့စကားတော့ တော်တော်ပြောဖြစ်တယ်ပေါ့"

"စကားအကောင်းပြောတာတော့ မဟုတ်ပါဘူး ရိပ်ရိပ်ရယ် စကားနိုင်လုနေကြတာပါ"

" ကဲ ငါသွားပြီ တာ့တာ"

"ဇာဇာ" က နှုတ်ဆက်ရင်း သူမတို့လမ်းကြား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသည်။ "နက်နက်" ကလည်း နှုတ်ဆက်ရင်း သူမအိမ်သို့ ဝင်ကျန်ခဲ့သည်။ "ရိပ်ရိပ်" တစ်ယောက်ထဲသာ စက်ဘီးလေးနင်းရင်း အိမ်သို့လာခဲ့သည်။ ထိုစဉ် . . .

" ရိပ်ရိပ် ဟိတ် ရိပ်ရိပ် ခဏနေပါအုံး"

ခေါ်သံနှင့်အတူ စက်ဘီးနှင့် ဝရုန်းသုန်းကား ရောက်လာသူက ကိုးတန်းသိပ္ပံခန်းမှ "ပြင်းရှ"။

"အလန့်တကြားနဲ့ ဘယ်လိုဖြစ်လာတာလဲ ပြင်းရှရဲ့"

"အဟဲ နင့်ကို အကူအညီတောင်းစရာရှိလို့ဟ"

"ဘာများလဲ လာလေ အိမ်လိုက်ခဲ့"

"ရိပ်ရိပ်" တို့ အိမ်ရောက်တော့ ဧည့်ခန်းမှာ ထိုင်ကာ . .

"ကဲ ပြင်းရှ ပြော ဘာအကူအညီလဲ"

"နင် စိတ်မဆိုးနဲ့နော်"

"ဘာလဲဟ မဆိုးပါဘူး ပြော"

"ဟိုဟာလေ ဇာဇာကို ငါသဘောကျလို့ဟ အဲဒါ နင်ပြောပေးပါလား"

"အမလေးတော် ကိုယ့်ဟာသာကိုယ် သွားပြောပေါ့ ငါ့ကို လာပြောခိုင်းနေတယ်"

"လုပ်ပါဟာ ကူညီပါ"

"နင် ကိုယ်တိုင်ဘာလို့ မပြောတာလဲ"

"ငါ ကြောက်တယ်ဟ ဒီနေ့တောင် မှော် နက်နက်ရဲ့ **လက်သီး**ကို အတော် ခံစားလိုက်ရတာ ငါမြင်တယ်၊ နက်နက်နဲ့ **ဇာဇာ**နဲ့က ကရာတေးသင်တန်း အတူတက်ထားတာဆို ငါ



နည်းနည်းလန့်တယ်ဟ"

"ကဲပါ အရိပ်အမြွက်လောက်တော့ ပြောထားပါ့မယ်၊ ဒါပေမယ့် ကျန်တဲ့ကိစ္စကိုတော့ နင့်ဟာသာနင် ပြောပေါ့"

"ဟမ် နင်က အစအဆုံး မကူညီဘူးလား"

"နင်ဟာလေ တော်တော်တုန်းတာပဲ ပြင်းရှရဲ့ ငါက အခင်ဆုံးသူငယ်ချင်းတွေဆိုတော့ အစအဆုံးလုပ်ပေးလို့ ဘယ်ဖြစ်မလဲ နင်ကြည့်ပြီး လုပ်ပေါ့"

"အေးပါဟာ ဒါဆိုလည်း အရိပ်အမြွက်လောက်တော့ ပြောပေးနော်"

"စိတ်ချ ကဲ ငါထမင်းစားလိုက်ဦးမယ် စားပါအုံးလား အိမ်မှာတော့ ဘယ်သူမှမရှိဘူးဟ ဆိုင်ဖွင့်ဖို့ သွားကြတယ်"

"မစားတော့ပါဘူးဟာ ကဲ ဒါဆို ငါသွားတော့မယ် စိတ်ချ နေမယ်နော်"

"အေးပါ"

"ပြင်းရှ" ပြန်သွားတော့ သူမထမင်းစားရင်း ပြုံးမိသည်။ သူမတို့ သုံးယောက်တွင် "နက်နက်" တစ်ယောက်ကို ဘယ်လိုလူမျိုးက ကြိုက်မှာပါလိမ့်။ ကောင်လေးတွေဟာ "နက်နက်" ကို မကြိုက်ကြတာမဟုတ် လန့်ကြတာဖြစ်သည်။ ကြောက်လည်းကြောက်ကြသည်။ "နက်နက်" အကြောင်းကို သူမတို့ အသိဆုံး။ ရှစ်တန်းတုန်းက "နက်နက်" ကို စာလိုက်ပေးသော ကောင်လေးတစ်ယောက်ကို ခြေထောက်နှင့် မေးစေ့ကိုပိတ်ကန်ပစ်လိုက်လို့ ကောင်လေးရဲ့အမေတွေအဒေါ်တွေ **ကျောင်း**သို့လိုက်လာကာ ရန်တွေ့တာခံလိုက်ရသေးသည်။ **ဒါ**

www.burmeseclassic.com



ကတည်းကပဲ "နက်နက်" ကိုတင်မဟုတ် "ဇာဇာ"နှင့် သူမကို ပါ ဘယ်ကောင်လေးမှ မလိုက်ရဲကြတော့။ ဒါကိုပဲ သူမတို့သုံး ယောက်က ဂုဏ်ယူခဲ့ကြတာလေ။ ထိုကိစ္စတွေကြောင့်ပဲ "မှော်" က သူမတို့ကို အမြင်ကတ်ခဲ့တာနေမှာပေါ့။

သူမ နေ့လည်ကျောင်းပြန်တက်တော့ "ဇာဇာ"နှင့် "နက်နက်" ကရောက်နေကြပြီ။ "နက်နက်" က မျက်နှာစူပုတ် ပုတ်ဖြင့် ထိုင်နေသည်။

"နက်နက် ဘာဖြစ်တာလဲ ဇာဇာ"

"ဟီ ဟိ သူဦးကိုယ်ခံ ဖြစ်လာလို့လေ"

"ဘယ်သူလုပ်လိုက်တာလဲ"

"ရေခဲမုန့် ပေါ့"

"ဘယ်လို ရေခဲမုန့် ဟုတ်လား ရေခဲမုန့်ဆိုတာ ဘယ်သူ လဲဟ"

"ရေခဲမုန့်ဆိုတာ မှော် ကိုခေါ်တာလေ ငါတို့ နံမည်ပေး ထားတာ နက်နက်ဖြစ်ကြောင်းကုန်စင်ကိုတော့ နင်ပဲပြော လိုက်တော့"

"နက်နက် ရယ် ပြောပါအုံး"

နက်နက်က ပြုံးစိစိဖြင့် . .

"အစကတော့ ငါခံရတာဆိုပြီး စိတ်ဆိုးတာပေါ့ဟာ၊ အခု တော့ သူဦးသွားတာပဲဆိုပြီး ဖြေသိမ့်လိုက်တယ် ဒီလိုဟ ငါနဲ့ ဇာဇာ က ကျောင်းရှေ့မှာ ဆုံတယ်လေ၊ အဲ့ဒါ အတူတူလာ တော့ ဝိဇ္ဇာခန်းရှေ့ ကော်ရစ်တာမှာ မှော်တို့က ရပ်နေတာဟ ငါလည်း သိပ္ပံခန်းရှေ့ရောက်ရော မှော်ကအရင်စအော်တာ သူ



ဘေးနားက ကောင်တွေကို ဟော့ကောင်တွေ နာနတ်သီးကို မြင်ဖူးလား မမြင်ဖူးရင်ကြည့်ထားကြဟေ့ ဟိုမှာလာနေပြီ ထိပ် မှာ ကြက်တောင်စည်းနဲ့ တွေ့လားလို့ အော်တယ်ဟာ ငါလည်း ဒီနေ့မှ ဆံပင်ကို ခပ်မြင့်မြင့်လေး စည်းထားတော့ ရုတ်တရက် ကြည့်လိုက်တော့ သူပြောသလိုဖြစ်နေတာပေါ့ ဒါနဲ့ငါလည်း ဇာဇာကို ခေါ်ပြီး သူတို့ရှေ့က ခပ်မြန်မြန်လျှောက်လာတာ အဲ့ဒီမှာ အဲ့ဒီကောင်စုတ်က ငါ့ကို ခြေထိုးခံတယ်လေ၊ ငါ ခလုတ် တိုက်ပြီး ဟပ်ထိုးလဲတာပေါ့၊ တကယ် မုန်းစရာကောင်းတယ်"

"ဟား ဟား ဟား"

"ဇာဇာ"နဲ့ "ရိပ်ရိပ်" က အရမ်းအော်ရယ်ကြတော့ "နက်နက်" က မျက်စောင်းထိုးကာ

"ရယ်ပါ ရယ်ပါ ရေခဲမုန့်ကနိုင်တော့ နင်က ရယ်နိုင်မှာ ပေါ့"

"မဟုတ်ပါဘူးဟာ နင့်ရဲ့အဖြစ်က ရယ်စရာကိုး ဟီး ဟီး ဟဲ့ နေအုံး၊ ဇာဇာကို ပြောစရာရှိတယ် ပြင်းရှုရယ်ပေါ့ ခုနက ငါ့အိမ်ရောက်လာပြီး အပူကပ်တာလေ"

"ဘာကိစ္စလည်းဟ"

"နင့်ကို သဘောကျလို့တဲ့ အဲ့ဒါ ငါ့ကိုလာပြောခိုင်းနေ တယ်လေ"

"တကယ်လား ရိပ်ရိပ် ဒီကောင် ဘာကြောင်တာလဲ ဇာဇာ နင်ကရော ဘယ်လိုလဲ"

"ဘာကိုလဲ နက်နက်ရဲ့"

"ပြင်းရှုကိုပေါ့ နင်ရောသဘောကျလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာလို့ သဘောကျရမှာလဲဟ နင်ကလည်း"

"သဘောမကျရင် ပြီးတာပဲ ဟော ဆရာ လာပြီထင်တယ် ဟိုမှာ ဝင်လာကြပြီ"

အခန်းထဲဝင်လာသော ကျောင်းသားကျောင်းသူတစ်ချို့ကို ကြည့်ရင်း "နက်နက်" က ပြောလိုက်သည်။ သူမတို့ ဘေးတန်းမှ ကောင်မလေးကို "ရိပ်ရိပ်" က လှမ်း၍မေးလိုက်သည်။

"ဖြူစင် ဆရာလာပြီလား"

"အေး ဆရာအသစ်ကလေး ဝင်မှာတဲ့"

"ရိပ်ရိပ်" က လှည့်လာကာ . . .

"ဆရာ ရာဇဝင် ဝင်မှာတဲ့ ဟော လာပြီ"

ဆရာအတန်းထဲသို့ဝင်တော့ သူမတို့အားလုံး မတ်တပ်ရပ်ကာ . . .

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ ကဲ ထိုင်ကြ"

သူမတို့ အားလုံး ထိုင်ကြသည်။ ဒီနေ့ ဘောဂဆရာမက ခွင့်ယူထားသဖြင့် ဆရာကအစားဝင်တာထင်သည်။

"ဆရာ့နံမည်က ရာဇဝင်ပါ မင်းတို့ နံမည်တွေလည်း မိတ်ဆက်ပေးအုံးနော် ဟိုးဖက်အစက မိန်းကလေးက စပြော နံမည်ဘယ်လိုခေါ်လဲ"

"ငြိမ်းငြိမ်းပိုင်ပါ ဆရာ"

"ဟုတ်ပြီ သမီးကရော"

"ဖြူစင်ဝေပါ"

တစ်ယောက်ချင်းစီ မိတ်ဆက်လာတာ "ရိပ်ရိပ်" အလှည့်



သို့ ရောက်လာသည်။

"ရင်ရိပ်နွယ်ပါ ဆရာ"

"မှန်ဇာဖြူပါ ဆရာ"

"နက်နက်" အလှည့်ရောက်တော့ ဆရာက ပြုံးကာ . .

"နံနက်ခင်းကိုတော့ ဆရာမှတ်မိတယ် မှော်နဲ့ ရန်ဖြစ်သေးလား"

"နက်နက်"က ထရပ်လိုက်ရင်း . . .

"ဖြစ်ပါတယ် ဆရာ အခု နက်နက်ကျောင်းပြန်တက်တော့ နက်နက်ကို လိုက်စပါတယ်"

"ဖြစ်ကြပြန်ပြီလား"

ဆရာက ရယ်သည်။ ရယ်လိုက်မှ ဆရာတော်တော်လေးတို လှပါသည်။

"ကဲ ကဲ ထိုင်"

ဒီလိုနှင့်တစ်ယောက်ပြီး တစ်ယောက် မိတ်ဆက်တာတစ်တန်းလုံး ကုန်သွားတော့ ဆရာက ပုံပြင်လေးတွေ ပြောပြပါသည်။ သူမတို့ သုံးယောက်က ပုံပြင်ကြိုက်တာမို့ ဆရာ့ပုံပြင်လေးတွေကို သေသေချာချာ စိတ်ဝင်တစား နားထောင်ပါသည်။ ဒီလိုနှင့် ကျောင်းတက်ချိန်တစ်ချိန်ကုန်သွားပါသည်။ ဒီလို စာသင်ချိန်တွေ တစ်ချိန်ပြီးတစ်ချိန် သင်ရင်းကျောင်းဆင်းချိန် ရောက်တော့ သူမတို့ စာအုပ်တွေကို လွယ်အိတ်ထဲထည့်နေစဉ် အခန်းအပြင်မှ မှော်နှင့်သူတို့ ဝိဇ္ဇာခန်းမှ ကောင်လေးတစ်ချို့က အသံအကျယ်ကြီးဖြင့် အော်သွားသည်။

"နာနတ်သီးဖျို့ နာနတ်သီး ကြက်တောင်စည်းနဲ့ နာနတ်"

www.burmeseclassic.com



သီး ဝယ်ကြဦးမလားဗျို့”

“တောက် ကြည့်စမ်း ဒါတမင်အော်သွားတာ အယုတ်တမာကောင်တွေ ရေခဲမုန့်စုတ် ပျော်ကျပါစေဟယ် ပုံဆိုးပန်းဆိုးရေခဲမုန့်ဖြစ်ပါစေ တကယ်ပဲ ဘယ်လိုသတ္တဝါမှန်းမသိဘူး”

ကျောင်းဆင်း၍ စက်ဘီးတွေ ရပ်ထားတဲ့ နေရာသို့မသွားတော့လည်း ဘယ်နေရာကမှန်းမသိ “နာနတ်သီး” ဆိုပြီး အော်သံတွေ ကြားနေရသည်။

“ဘယ်ကအော်နေတာလဲ”

“ထားလိုက်စမ်းပါဟာ လာ သွားကြမယ်”

* * *



(၃)

ဒီလိုနှင့် သူမတို့ရဲ့ စာသင်နှစ်တစ်နှစ်သာ ကုန်သွားတယ် “မှော်”နဲ့ “နက်နက်” ရဲ့ သူဦးကိုယ်ခံ ကိုယ်ဦးသူခံ စနစ်ကြီးကတော့ ပျောက်မသွားသေးပါဘူး။ ဆယ်တန်းရောက်လို့ ရင့်ကျက်သွားပြီမထင်နဲ့ အရင်အတိုင်းပဲ လုံးဝမပြောင်းလဲဘူး။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရင်းနဲ့ပဲ ဆယ်တန်းတစ်နှစ်ပြီးသွားပြန်တယ်။ ဆယ်တန်းကိုလည်း တစ်နှစ်ထဲအတူတူအောင်ခဲ့ကြပြီး “မှော်” နဲ့ သူမတို့ ကွဲခဲ့ကြတော့တယ်။ “မှော်” ဘယ်ရောက်သွားတယ်ဆိုတာ “နက်နက်” ရော “ဇာဇာ” ပါ မသိခဲ့သလို “ရိပ်ရိပ်” လည်း တကယ်ပဲ မသိခဲ့ပါ။

“ဇာဇာ” ကတော့ ဆယ်တန်းအောင်စာရင်းထွက်ပြီး “ကနေဒါ” က သူ့အဒေါ်တွေဆီမှာ ကျောင်းတက်ဖို့ [illegible] တော့သည်။ “နက်နက်” နှင့် “ရိပ်ရိပ်” ကတော့ [illegible]

www.burmeseclassic.com



ဘွဲ့ရပြီး "စက်ာပူ" မှာ မီးသီးဒီဇိုင်း၊ Wall paper ဒီဇိုင်းအိမ်နံရံ အတွင်းအပြင် ဆင်ယင်ပုံ ဒီဇိုင်နာသင်တန်းတက်ပြီး မြန်မာပြည်သို့ပြန်လာကာ "Global" ကုမ္ပဏီကြီးတွင် ဒီဇိုင်နာအဖြစ် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ပါသည်။ "ဇာဇာ" နှင့် မတွေ့ရလည်း e-mail ဖြင့် အမြဲဆက်သွယ်ကာ တစ်ယောက်အကြောင်းတစ်ယောက် ပြောဖြစ်ကြသည်။ "ဇာဇာ" က ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ်တစ်ခုဝင်လုပ်နေသည်တဲ့။ အဲဒီအလုပ်မှာ အုပ်ချုပ်ရသူက "ပြင်းရှ" ရဲ့ အစ်ကို ဖြစ်နေသည်တဲ့။ ဟိုတစ်လောက "ပြင်းရှ" တောင် အလည်လာသည် ဆိုပြီး e-mail တွေရသည်။

* * *



(၄)

"မှော်" သည် ရှေ့နေတစ်ယောက်ဖြစ်သော်လည်း ဘာအလုပ်မှ မယ်မယ်ရရ မလုပ်သေးပေ။ ထိုကိစ္စကို "မှော်"၏ အစ်မကကြည့်မရ။ ထို့ကြောင့် သူ့အမျိုးသားလုပ်သော ကုမ္ပဏီမှာ အလုပ်သွင်းပေးခဲ့သည်။ "မှော်" ကလည်း အခုတလော အလုပ်လုပ်ချင်သည့် ဆန္ဒရှိသဖြင့် သဘောတူခဲ့သည်။ မနက်ဖြန်ဆို အလုပ်ရှင်သူဌေးနှင့် တွေ့ဆုံရမှာ ဖြစ်သည်။ ထိုစဉ် အစ်မက သူ့ကုမ္ပဏီမှပြန်လာပြီး . . .

"မှော်ရေ မမကို တစ်ခုကူညီပါအုံးဟယ် ဒီနေ့ စက်ာပူက ပို့လိုက်တဲ့ ပစ္စည်းတွေကို စစ်ရအုံးမယ် အဲ့ဒီပစ္စည်းစာရင်းတွေက မကြီးရဲ့ ရုံးခန်းထဲက စားပွဲပေါ် အပြာရောင် ဖိုင်တွေနဲ့တွဲထားတယ်။ အဲဒီဖိုင်လေး မကြီးမေ့ကျန်ခဲ့တယ် သွားယူပေးပါလား မှော် နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း မကြီးကတော့လုပ်ပြီဗျာ"

"သွားလိုက်ပါ မှော်လေးက လိမ္မာပါတယ်"

"ပေး ကားသော့ လိပ်စာပေးဦး"

"ရော့ ဒီမှာ ကားသော့ ရော့ ဒါက လိပ်စာကဒ်"

သူက လိပ်စာကဒ်လေးကို ကြည့်ကာ မကြီး "ကြယ်စင်" ၏ ကုမ္ပဏီသို့ ထွက်လာခဲ့သည်။ ကုမ္ပဏီရောက်တော့ ရုံးခန်း တံခါးကပွင့်နေသည်။ အခန်းထဲ ချောင်းကြည့်လိုက်တော့ ကောင်မလေးနှစ်ယောက် စာရွက်တွေ ခဲတံတွေဖြင့် အလုပ်ရှုပ် နေကြသည်။ တစ်ယောက်က ကျောလယ်လောက်ရှိတဲ့ ဆံပင် ရှည်ကြီးကို ဖြန့်ချထားကာ ပန်းနုရောင် ဂါဝန်လေးကို အပေါ် မှ ဂျင်းဂျာကင်လက်တို၊ ခါးတိုတိုလေးကို ဝတ်ထားသည်။ နောက်တစ်ယောက်ကတော့ ဆံပင်ကောက်ကောက်လေးတွေ ကို ပိုနီတေးစည်းထားသည်။ သူက အသံပြုလိုက်ရင်း . . .

"အဟမ်း ဒီမှာ ခင်ဗျ"

သူမတို့နှစ်ယောက်စလုံး လှမ်းကြည့်ကာ . . .

"ဘာကိစ္စများရှိလို့ပါလဲရှင်"

"ဟို အတွင်းရေးမှူး မကြယ်စင်ရဲ့ အခန်းဘယ်မှာလဲ မသိဘူး ခင်ဗျ။ ကျွန်တော်က မကြယ်စင်ရဲ့ မောင်ပါ သူက သူ့အခန်းထဲမှာ ဖိုင်ကျန်ခဲ့လို့ ကျွန်တော့်ကို ယူခိုင်းလိုက်လို့ပါ"

"ဪ မကြယ်စင်ရဲ့ အခန်းက ဒီအခန်းပါ သော့က ဒီမှာပါ"

ပန်းနုရောင်ဂါဝန်လေးနဲ့ ကောင်မလေးက သော့လှမ်းပေး ရင်းပြောသည်။ သူလည်း လှမ်းယူပြီး အခန်းထဲဝင်ကာ ဖိုင်ကို



ယူလိုက်လေသည်။ ဖိုင်ကို ယူပြီး သော့ကိုပြန်ပိတ်ကာ သူမတို့ နှစ်ယောက်ထံသွားပြန်ပေးပြီး . . .

"ကျေးဇူးပဲနော်"

"ရပါတယ် မကြယ်က ဒီလောက်ချောတဲ့ မောင် တစ်ယောက်ရှိတာဘာလို့ ငါတို့ကို မပြောပါလိမ့်နော်"

ပန်းနုရောင်လေးက ပြောခြင်းဖြစ်ပါသည်။ သူက ရယ်ရင်း . . .

"ကျွန်တော့် နံမည် မှော်ပါ။ လမ်းမှာ တွေ့ရင် ရှောင် သွားနိုင်ပါတယ်"

"သွားပြီနော်"

သူထွက်သွားတော့မှ သူမတို့ နှစ်ယောက်ပြိုင်တူ အော်မိ ကြသည်။

"ရေခဲမုန့်"

"ရေခဲမုန့်" ဒါ သူ့ကိုခေါ်တာပဲ၊ ဒါဆို ဒီကောင်မလေးနှစ် ယောက်ဟာ သူပြန်လှည့်လိုက်တော့ သူ့ကိုလက်ညှိုးထိုးပြီး ပါးစပ်ကလေးဟောင်းလောင်းနှင့် အံ့သြနေသော ကောင် မလေးနှစ်ယောက် . . .

"မြင်ဖူးပါတယ်လို့ ထင်တာ လက်စသက်တော့ နာနတ် သီးကိုး ဒီကုမ္ပဏီကြီးကိုတော့ သနားတယ်ဟော့"

သူက ပြောပြီးပြီးချင်း ထွက်လာခဲ့သည်။ အိမ်ရောက် တော့ . . .

"အစ်မတို့ Global ကုမ္ပဏီကြီးကိုတော့ သနားတယ် ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာလို့လဲ ဖိုင်ရောရခဲ့လား"

"ရော့ ဒီမှာ"

"ဘာလို့ ငါတို့ ကုမ္ပဏီကြီးကို သနားရတာလဲ"

"နံ့နက်ခင်းပေါ့"

"ဟမ် နံ့နက်ခင်း ကို နင်ကသိလို့လား"

"ကျောင်းအတူတူတက်ခဲ့တာ"

"ဒါဆို သူငယ်ချင်းတွေပေါ့"

"သူငယ်ချင်းမဟုတ်ပါဘူး"

"နက်နက်က တော်ပါတယ် ရိပ်ရိပ်လည်း တော်တာပဲ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး တော်ပြီ ရေချိုးတော့မယ်"

"နက်နက်နဲ့ ရိပ်ရိပ်က နင့် သူငယ်ချင်းဆိုတော့ အားတဲ့ တစ်နေ့ ထမင်းဖိတ်ကျွေးရအုံးမယ်"

"ဟာ သူငယ်ချင်းမဟုတ်ပါဘူးဆို ခင်တောင်မခင်ဘူး"

သူက အော်ပစ်ခဲ့ပြီး ထွက်လာခဲ့သည်။ ရေချိုးခန်းထဲ ရောက်တော့ ကျောင်းတုန်းက အကြောင်းပြန်စဉ်းစားရင်း ပြုံးမိသည်။

"နက်နက်နှင့်ရိပ်ရိပ်" နှစ်ယောက်မှာလည်း . .

"ရေခဲမုန့်က ကြီးသွားလိုက်တာနော် အရပ်အရှည်ကြီးပဲ"

"အေးဟာ ရိပ်ရိပ် မကြွယ်ရဲ့မောင်မှန်း အရင်က ငါတို့လုံးဝ မသိခဲ့ဘူးနော်"

"အေးလေ ဘာပဲဖြစ်ဖြစ် ငါတော့ ပျော်တယ်ဟာ"

"ရိပ်ရိပ်ရေ နင်ကတော့ ပျော်နေ ငါကတော့ မျက်နှံခပ်



လှုပ်လှုပ်ပဲ"

* * *

ဒီလိုနှင့်သူမတို့ "ဇာဇာ" ဆီ ရေးသော e-mail တွင် "မှော်" အကြောင်း ထည့်ရေးဖြစ်ကြသည်။ "ဇာဇာ" ကလည်း အရမ်းအံ့သြနေလေသည်။ သူမလည်း နောက်နှစ်လလောက် ဆိုရင် ပြန်လာရတော့မည်ဟု ပြောသောကြောင့် သူမတို့ပျော် ကြရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၅)

"မှော်" တစ်ယောက် ဒီနေ့ သူဌေးနှင့် တွေ့ရမည်ဖြစ်သောကြောင့် အရမ်းအလုပ်များနေသည်။ သူဌေး၏ ရုံးခန်းထဲရောက်တော့ သူဌေးကို မြင်တော့အရမ်းအံ့သြသွားသည်။

"ထိုင်ပါ ကျွန်တော် Sky Wold ကုမ္ပဏီရဲ့ M.D ရာဇဝင်ပါ"

"ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလားဟင် ကျွန်တော် မှော်ပါ ဆရာ ကိုးတန်း ဆယ်တန်း တုန်းကလေ ကျွန်တော်တို့ ပြဿနာတွေကို လိုက်ရှင်းပေးရတာလေ နံနက်ခင်းကိုရော မှတ်မိလား ဆရာ"

"ဟာ မှတ်မိပြီ မှော် မင်းဟာ မှော်လား အရမ်းကြီးသွားတော့ မမှတ်မိတော့ဘူးပေါ့ကွာ"

"ကျွန်တော် နှစ်ဆယ်လေးနှစ်ရှိပါပြီ ဆရာ၊ ဒါနဲ့ဆရာ



ကျောင်းဆရာ မလုပ်တော့ဘူးလားဟင်"

"ကိုယ်ကတော့ သုံးဆယ်ရှိပြီကွ၊ ကျောင်းဆရာအလုပ်ဆိုတာက ကိုယ်ဝါသနာပါတဲ့အလုပ်ပါ၊ ကိုယ့်မိဘက သဘောမတူဘူး၊ ကိုယ့်အဖေက သူပိုင်တဲ့ ကုမ္ပဏီကိုပဲဦးဆောင်စေချင်တာလေ ကိုယ်က လက်မခံခဲ့ဘူး၊ မှော်တို့ ဆယ်တန်းအောင်ပြီး နောက်တစ်နှစ်မှာပဲ ကိုယ် အလုပ်ထွက်လိုက်ရတာ ဖေဖေလေဖြတ်သွားလို့လေ ကိုယ်ပဲ ဒီအလုပ်ကို ဦးဆောင်လိုက်ရတာပေါ့၊ ကိုယ်ဦးဆောင်ပြီး နှစ်နှစ်လောက်လဲကျရော ဖေဖေရော မေမေရော ရှေ့ဆင့်နောက်ဆင့် ဆုံးတာပဲ"

"ဟာ စိတ်မကောင်းပါဘူး ဆရာ"

"ဒါနဲ့ နံနက်ခင်းရော တွေ့သေးလား"

"မနေ့ကမှ ကျွန်တော်နဲ့ပြန်တွေ့တာပါ ဆရာ၊ သူက Global ကုမ္ပဏီမှာ ဒီဇိုင်နာ လုပ်နေတယ်၊ ရင်ရိပ်နွယ်လည်း တူတူပဲ"

"တည့်ရောတည့်သွားပြီးလား"

"မတည့်သေးပါဘူး ဆရာရယ်"

"ရတယ် မှော် ကိုယ့်ကို ဆရာလို့မခေါ်နဲ့ ကိုရာဇဝင်လို့ ပဲ ခေါ်"

"ဟုတ်ကဲ့"

"ကဲ အလုပ်ကိစ္စပြောရအောင်"

သူနှင့်ဆရာအလုပ်ကိစ္စပြောပြီး နာရီတော်တော်များများကြာမှပြီးခဲ့ကြသည်။ ဆရာ့ကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com







သူဆရာ့ဆီမှ ပြန်လာကာ ဆရာ့အကြောင်းစဉ်းစားနေမိသည်။ ထိုစဉ် . .

"မှော် တံခါးဖွင့်ဦး"

"ဖွင့်ထားတယ် ဝင်လာခဲ့လေ မကြီး"

"လာမယ့် သောကြာနေ့ နက်နက်နဲ့ ရိပ်ရိပ်တို့ ထမင်းစားဖိတ်ထားတယ် နင်ဘယ်မှ သွားဖို့မစဉ်းစားနဲ့ အိမ်မှာပဲနေ ကြားလားဟဲ့ ဒါနဲ့ သူဌေးနဲ့ရော အဆင်ပြေလား"

"ပြေပါတယ်"

"ပြေတယ်လဲ ပြောသေး ရုပ်ကဘယ်လိုဖြစ်နေတာလဲ"

"ပင်ပန်းလို့ မကြီးပြောပြီး ရင်ထွက်တော့ အိပ်တော့မယ်"

"အေး အေး အိပ်တော့"

"မှော်" မကြီး ထွက်သွားတော့ "သားစင်" ဆီကို ဖုန်းခေါ်လိုက်ကာ ဒီနေ့ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြောပြလိုက်သည်။ "သားစင်" က ရှမ်းပြည်နယ်ဘက်တွင် ဘဏ်တစ်ခုဖွင့်ကာ ဟန်ကျနေသည်။ "မှော်" ပြောပြတော့ "သားစင်" အရမ်းအံ့ဩနေလေသည်။

* * *

www.burmeseclassic.com



(၆)

ဒီလိုနှင့် သော်ကြာနေ့သို့ ရောက်လာခဲ့သည်။

"ဟော နက်နက်တို့ လာပြီ လာကြ လာကြ မော်ရေ ဒီမှာ နင့်သူငယ်ချင်းတွေလာပြီဟေ့"

မော်က ဆင်းလာရင်း . . .

"မကြီးကလည်း သူငယ်ချင်းမဟုတ်ပါဘူးဆို"

"ဟဲ့ သူငယ်ချင်း မဟုတ်ရင်ဘာလဲ ငါပြောလိုက်ရ မကောင်းရှိတော့မယ်"

"ဟုတ်ပါတယ် မကြယ် သူနဲ့ နက်နက်တို့ ဘယ်တုန်းက မှ မခင်ခဲ့ပါဘူး"

"နက်နက် ကလည်း အားနာစရာကြီး မကြယ်တောင်းပန်ပါတယ်"

"ရပါတယ် ရိပ်ရိပ်ရဲ့ ကဲ လာ ထမင်းစားခန်းကိုသွားမယ် အားလုံးအဆင်သင့်ပဲ"



သူမတို့ ထမင်းစားပွဲမှာ ထိုင်ကြတော့ "မကြယ်"တ . .

"စားနော် နက်နက် ကိုယ့်သူငယ်ချင်း အိမ်ပဲ ကိုယ့်အိမ်လို သဘောထားစား"

"မကြီးကလည်းဗျာ သူငယ်ချင်းမဟုတ်ပါဘူးဆိုနေမှ"

"ဟဲ့ . . . ငါကို မအော်နဲ့ နင်က ဘာကိစ္စသူငယ်ချင်း မဖြစ်ချင်ရတာလဲ"

"ကိုးတန်းတုန်းက ကျွန်တော့် မျက်နှာမှာ အညိုမဲစွဲအောင် ထိုးခဲ့တာဘယ်သူလဲ မကြီးသိလား"

"ဘယ်သူလဲ"

"သူပေါ့ မကြီးရဲ့ နက်နက်ပေါ့"

"တကယ် ဟုတ်လားဟင် နက်နက်"

"ဟုတ်ကဲ့"

"အဲဒီတုန်းက မော့် မျက်နှာမှာ ဒဏ်ရာတွေနဲ့ ကျောင်းကပြန်လာတော့ တစ်အိမ်လုံး စိတ်ပူသွားကြတာပေါ့"

"ပြီးတော့ ကျွန်တော် ခေါင်းပေါက်သွားတာ ဘယ်သူ့ကြောင့်လို့ ထင်လည်း"

"နက်နက် ကြောင့်ပဲလား မော်"

"ဟုတ်တယ်"

"အဲဒီတုန်းကလည်း မော်ခေါင်းက ဒဏ်ရာက ငါးချက်တောင် ချုပ်လိုက်ရတာ နက်နက်ရယ် ဘာလို့ ဒီလောကကြီးမ ရတာလဲ"

"နက်နက်" ရော "ရိပ်ရိပ်" ပါ ဘာမှ မပြောကြ ပြီမ

ကြသည်။

"ပြီးတော့ ကျွန်တော့်ရှေ့သွားနှစ်ချောင်းကျိုးသွားတာ ကျွန်တော့်ဘယ် လက်ဖျံရိုးကျိုးသွားတာ ကျွန်တော့်လွယ်အိတ်ကို ခါချဥ်အိမ်ကြီးထည့်သွားတာ အဲ့ဒါတွေအားလုံး သူလုပ်သွားတာ"

"ဟယ် မထင်ရဘူးနော် ဒီလောက်ကြမ်းတမ်းလိမ့်မယ်လို့"

"မော် အပြင်ခဏလောက် လိုက်ခဲ့ပါလား ပြောစရာရှိလို့"

"ရတယ်လေ"

"ဘာသွားလုပ်မလို့လဲ ဒီမှာ ပြောကြပါလား"

"ရတယ် မကြီး ကျွန်တော်လိုက်သွားမယ်"

"မော်" က "နက်နက်" ထွက်သွားသော အပြင်ဘက်သို့ လိုက်သွားသည်။

"သူတို့ ရန်ဖြစ်ကြမှာလား ရိပ်ရိပ်"

"မဖြစ်ပါဘူး၊ မကြယ်ရဲ့ စိတ်မပူပါနဲ့"

အပြင်ရောက်တော့ . .

"ဘာလုပ်မလို့လဲ နာနတ်သီး"

"နက်နက်"က "မော်" ကို ကျောခိုင်းနေရာမှ ရုတ်တရက် လှည့်လိုက်ကာ ခြေထောက်ဖြင့် မေးစေ့ကို ပင့်ကန်လိုက်သည်။ "မော်" ကလည်း သွက်လက်စွာဖြင့် "နက်နက်" ရဲ့ ခြေထောက်ကို ဖမ်းထားလိုက်သည်။ "နက်နက်" ကလည်း ခြေထောက်ကို တစ်ချက်ငြိမ်ထားလိုက်သည်။



"ဘယ်လိုလဲ နာနတ်သီးရဲ့ ပျင်းတောင်ပျင်းသေးတယ်"

"နက်နက်" က "မော်" ကိုင်ထားတဲ့ ခြေထောက်ကို ငြိမ်နေရာမှ ရုတ်တရက် "မော်" ရင်ဘက်ကို ဆောင့်ကန်လိုက်သည်။ ထင်မှတ်မထားသည်မို့ "မော်" ခင်မျာပိုးစိုးပက်စက် လန်ကြသွားသည်။ သူမလည်း ကားပေါ်တက်ကာ ဟွန်းသံပေးပြီး "ရိပ်ရိပ်" ကို လှမ်းခေါ်လိုက်သည်။ "ရိပ်ရိပ်" ကလည်း ထွက်လာကာ ကားပေါ်တက်လိုက်သည်။ ခြံရှေ့သို့ ကားရောက်တော့နှစ်ယောက်စလုံး ပြိုင်တူ . . .

"ရေခဲမုန့်"

ဟု အော်ကာ ရယ်မောခဲ့ကြတော့သည်။

* * *

www.burmeseclassic.com



(၇)

သူ ဒီနေ့ ကုမ္ပဏီကိုရောက်တော့ တော်တော်နောက်ကျနေပြီ။ ရုံးခန်းထဲဝင်တော့ . . .

"ကိုမော် ကိုမော့်ကို ဆရာက သူ့အခန်းထဲ ခဏလာပါဦးတဲ့"

"ဟုတ်ကဲ့ ကျွန်တော်သွားလိုက်ပါ့မယ်"

သူက စာရွက်စာတမ်းတွေထားပြီး ဆရာ့ အခန်းထဲသို့ ဝင်ခဲ့တော့သည်။ ဆရာက မော်ဝင်လာတော့ . . .

"လာ မော် ထိုင် ဒီနေ့ နောက်ကျတယ်နော်"

"ဟုတ်ကဲ့ ညက ကွန်ပျူတာကိုင်တာ များသွားလို့ ညအိပ်နောက်ကျသွားတယ် အဲဒါ မနက်ရောက်တော့ လုံးဝ စောစောထလို့ မရဘူး ဖြစ်သွားတယ် ကိုရာဇဝင် ကျွန်တော့်ကို ခေါ်တာ ဘာတိစ္စများလဲ မသိဘူး"

"ကိုယ်တို့ နှစ်ယောက် အေးအေးဆေးဆေး စကားပြောရအောင် မော် ကိုယ်သတင်းတစ်ခု ကြားတယ် မနေ့က မော်တို့



အိမ်မှာ နက်နက် တို့ကို ထမင်းဖိတ်ကျွေးတယ်ဆို"

"ဟာ သတင်းကလည်း မြန်လှချည်လား ဟုတ်တယ် သူတို့ကို မကြီးက ဖိတ်ကျွေးတာ"

"မော်ရဲ့ မကြီးနဲ့လည်း ရင်းနှီးတယ်ပေါ့"

"မကြီးနဲ့က တစ်ရုံးထဲလေ ခင်နေတာပေါ့"

"ကိုယ်တစ်ခု ပွင့်ပွင့်လင်းလင်း မေးမယ်နော်"

"မေးလေ"

"မော် ရော နက်နက် ကို စိတ်ဝင်စားနေလား"

"ခင်ဗျာ မဟုတ်တာ ကျွန်တော် ဘာလို့ စိတ်ဝင်စားရမှာလဲ ခင်ဗျာ၊ နက်နက် နဲ့ ကျွန်တော်က ဘယ်တုန်းကမှ မတည့်ခဲ့တာကို'

"မတည့်လက်စနဲ့ နောက်လည်း မတည့်ပါနဲ့ကွာ ကိုယ်ဒီနေ့ကစပြီး နက်နက်ကို ကြိုးစားမလို့"

"ကိုရာဇဝင် သဘောပဲလေ ကျွန်တော်နဲ့နက်နက်နဲ့က ဘာမှမဆိုင်ဘူး ဘယ်တော့မှလည်း ဆိုင်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် နက်နက်ကို လုံးဝစိတ်မဝင်စားလို့ပဲ ကိုရာဇဝင် စိတ်ချလက်ချသာနေပါ ကျွန်တော် ကတိပေးတယ်"

"ကျေးဇူးပဲကွာ"

သူဆရာ့အခန်းထဲမှ ပြန်ထွက်လာတော့ တော်တော်စိတ်ရှုပ်နေမိသည်။ ဒီရုံးမှာ ရှေ့နေတစ်ယောက်အနေနဲ့ အခုလောလောဆယ် လုပ်စရာ အလုပ်တွေကမရှိ လေးသောကြောင့် စိတ်ရှုပ်ရှုပ်နှင့် ရုံးခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်

www.burmeseclassic.com



လျှောက်မိသည်။ ထိုစဉ် . . .

"သူများတွေများ အလွန်ကောင်းလိုက်တာ ဘာအလုပ်မှလုပ်စရာမရှိဘူး"

ရုံးဝန်ထမ်းတစ်ယောက်က "မှော်" ကို ခနဲ့သည်။ "မှော်" ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက် လမ်းဆက်လျှောက်မြဲ လျှောက် နေသည်။ ခဏကြာတော့ "မှော်" ယောက်ဖရောက်လာပြီး . . .

"ဟေ့ကောင် မင်းကွာ အလုပ်မရှိလဲ နည်းနည်း အလုပ်လုပ်နေယောင်ဆောင်လိုက်ပေါ့"

"အခု ကျွန်တော် အလုပ်လုပ်မနေဘူးလို့ ဘယ်သူ ပြောလည်း ယောက်ဖရာ ကျွန်တော့်တို့ ရှေ့နေဆိုတာ တွေးနေရတာဗျ အခု အလုပ်လုပ်နေတာ"

"ဒါဆိုလည်း လုပ်ကွာ"

ယောက်ဖက ဆက်မပြောတော့ပဲ ထွက်သွားသည်။ "မှော်" လည်း ထိုင်လိုက် ထလိုက်ဖြင့် အလုပ်ရှုပ်နေသည်။ ရုံးမှ ဝန်ထမ်းကောင်မလေးတွေကတော့ "မှော်"ကို ကွက်ကြည့် ကွက်ကြည့်ဖြင့် စိတ်ဝင်စားနေကြသည်။ "မှော်" က အရမ်းယောက်ယက်ခပ်နေတာကိုး။ "မှော်" ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ သူလုပ်ချင်တာကိုပဲ လုပ်နေတော့သည်။ သူ ဘာအကြောင်းတွေးနေတယ်ဆိုတာတော့ သူကိုယ်တိုင်ပဲ သိ ချေသ်ထင်သည်။

***



(၈)

သူမတို့ ရုံးမှာ ဒီနေ့ တစ်ခုခု ထူးခြားနေသည်။ "ရိပ်ရိပ်" ကလည်း နေမကောင်းလို့ ဒီနေ့တစ်ရက် ခွင့်ယူလိုက်သည်။ ထို့ကြောင့် "နက်နက်" တစ်ယောက်ထဲ ရုံးသို့လာခဲ့ရသည်။ "နက်နက်" နှင့် "ရိပ်ရိပ်" က တိုက်ခန်းတစ်ခန်းဝယ်ပြီး အတူတူ နေကြသောကြောင့် ဟိုး အရင်ကထက်ပိုပြီး တစ်ယောက်နဲ့ တစ်ယောက်ချစ်ကြသည်။ ရုံးခန်းထဲရောက်တော့ ဝန်ထမ်းတစ်ယောက်မှ ရှိမနေ။ ထူးတော့ထူးသည် မနက် ကိုးနာရီခွဲပြီ။ အရင်ဆို ဒီအချိန်ရုံးမှာ လူစုံနေပြီ ဒီနေ့ ဘာဖြစ်လို့ပါလိမ့်။ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက် တံမျက်စည်းလှည်းနေသော တွေ့တော့ "နက်နက်" က . .

"အစ်မ ရုံးကဝန်ထမ်းတွေ မလာကြသေးဘူးလား"

"လာကြပြီလေ လူစုံနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်မှာလဲ သူတို့ဘယ်မှာရှိကြလဲဟင်"

"M.D ရုံးခန်းထဲမှာလေ ဝန်ထမ်းအသစ်ရောက်လို့ မိတ်ဆက်ပေးနေတာ"

"ဟုတ်လား ဒါဆို သွားလိုက်ဦးမယ် ကျေးဇူးပဲနော်"

သူမရဲ့ပစ္စည်းတွေကို စားပွဲပေါ် ထားခဲ့ပြီး M.D ရုံးခန်းထဲသို့ ဝင်ခဲ့သည်။

"ဟော နက်နက် လာ သမီးကို ဒီဝန်ထမ်းအသစ်နဲ့ မိတ်ဆက်ပေးရအုံးမယ် ရိပ်ရိပ်ရော မလာဘူးလား"

"ရိပ်ရိပ် နေမကောင်းလို့ ခွင့်တိုင်လိုက်တယ် ဘိုး ဒီနေ့ နက်နက် နည်းနည်း နောက်ကျသွားတယ် ဟီး"

"နက်နက်"နဲ့ "ရိပ်ရိပ်" က M.D ကို "ဘိုး" လို့ ခေါ်ကြတယ်။ ဘာလို့လဲဆိုတော့ "ဘိုး" က "နက်နက်" ရဲ့ "အဘိုး" နဲ့ သူငယ်ချင်းဖြစ်ခဲ့တော့ "အဘိုး" အရွယ်မို့ ချစ်စနိုးနဲ့ "ဘိုး" လို့ ခေါ်ကြတာပါ။ "ဘိုး" ကလည်း "နက်နက်"နဲ့ "ရိပ်ရိပ်" ကို တကယ့်မြေးအရင်းလေးတွေလို သဘောထားသည်။

"ကဲ မိတ်ဆက်ပေးရအုံးမယ် ဒါက ဒီဇိုင်နာ အသစ် ဂန္ထဝင်တဲ့ မှတ်ထားနော် ဂန္ထဝင်ကဒီလုပ်ငန်းကို သိပ်တော့ မကျွမ်းသေးဘူး၊ ရိပ်ရိပ်နဲ့ နက်နက်ကပဲ ကူညီလိုက်နော် Global ရဲ့ အတော်ဆုံး ဒီဇိုင်နာတွေကိုပဲ ဘိုး အားကိုးပါတယ်"

"ဟာ ဘိုး ကလည်း ဟင် . . ."

"နက်နက်" က "ဘိုး" ကို ပြောရင်း "ဘိုး" မိတ်ဆက်ပေးတဲ့ ကောင်မလေးကို ကြည့်လိုက်တော့ . . .

"ဂန္ထဝင် ဂန္ထဝင် နော်"



"ဟုတ်တယ် နံနက်ခင်း မှလား"

"အင်း"

သူမ အရမ်းစိတ်ညစ်သွားတယ်။ တကယ်ပါ "ဂန္ထဝင်" ဆိုတာ "မော်" ရဲ့ တစ်ခါတုန်းက အိစီကလီ လေးပါ။ "ဂန္ထဝင်" နဲ့ "မော်" က ဆယ်တန်းတုန်းက ကြိုက်ခဲ့ကြသည်။ အခု "ဂန္ထဝင်" က "နက်နက်" တို့ ကုမ္ပဏီသို့ ရောက်လာတော့ "ဂန္ထဝင်" နှင့် "ရိပ်ရိပ်" ဘယ်လိုနေကြမှာလဲ။ သူမ စိတ်ပူမိသည်။ ဒါကြောင့် မျက်နှာမသာမယာ ဖြစ်သွားရ၏။

"နက်နက်နဲ့ ဂန္ထဝင်က သိကြလို့လား"

"ကိုးတန်း ဆယ်တန်း အတူတူတက်ခဲ့ဖူးတာပါ M.D"

"ဂန္ထဝင်" က သွက်သွက်လက်လက် ဝင်ဖြေလိုက်သည်။ ထိုစဉ် "မကြယ်စင်" က

"ဒါဆို မော်နဲ့လည်း သိမှာပေါ့နော်"

"သိရုံတင်မဟုတ်ဘူး မကြယ် "မော်" နဲ့ ကြိုက်ခဲ့တာ"

"ဟယ် ဒါ တကယ်"

"နက်နက်" စိတ်တိုတိုနှင့် ပြောချလိုက်သည်။ "ဂန္ထဝင်" ကတော့ ဝန်ထမ်းတွေရှေ့မှာ အပြောခံလိုက်ရတာမို့ မျက်စိမျက်နှာပျက်သွားသည်။

"ဟယ် ဒါဆို ယောက်မလေးပေါ့ မော်ကရွေးတက်လိုက်တာ ဟကယ် နူးနူးညံ့ညံ့လေး မကြယ် ချစ်လိုက်တာ မော်ကအကြပ်ရဲ့ အချစ်ဆုံးမောင်လေးလေ အခု Sky World ကုမ္ပဏီရဲ့ အကျိုးဆောင်ရှေ့နေလေ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မမ"

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်" နှာခေါင်းရှုံ့ပစ်လိုက်သည်။

"ဘိုး သွားလို့ရပြီလားဟင်"

"ကဲ ဟုတ်ပြီ သွားလို့ရပြီ နက်နက် သမီး သူငယ်ချင်းကို ကူညီလိုက်နော်"

သူမ ခေါင်းညိတ်ကာ ထွက်လာခဲ့သည်။ အလုပ်ဘယ်လိုမှ ဆက်လုပ်လို့ မရတော့ စိတ်တွေကျဉ်းကျပ်လာသည်။ မျက်စိရှေ့မှာလည်း မျက်စိနောက်စရာတွေ မြင်နေရသည်။ "မော့်" အစ်မနဲ့ "ဂန္တဝင်" ပေါ့ တတွဲတွဲနဲ့ "ရိပ်ရိပ်" သာမြင်ရင် ဘယ်လိုနေမလဲ မသိဘူး။ ဒီနေ့ "ရိပ်ရိပ်" မလာတာပဲ ကံကောင်း။

"မကြယ် ဂန္တဝင် အရောင်းပြခန်းဘက် ခဏသွားလိုက်အုံးမယ်၊ ဒီလို ပုံစံမျိုး ဒီဇိုင်းလှလှလေးတွေ ကြည့်ချင်လို့"

"အေး သွား‌လေ မကြယ်လိုက်ခဲ့ရအုံးမလား"

"ရတယ်၊ ကိုယ့်ဖာသာကိုယ်ပဲ သွားလိုက်တော့မယ်"

"ဂန္တဝင်" ထွက်သွားတော့ သူမလည်း မသိမသာလိုက်သွားလိုက်သည်။ နိုင်ငံခြားမှ စာရင်းတွေကို စစ်နေသော "မကြယ်" ကတော့ သူမကို သတိမထားမိလိုက်။ သူမလည်း ရုံးခန်းအပြင်ရောက်တော့ "ဂန္တဝင်" ကတော့ အရောင်းပြခန်းထဲသို့ ဝင်သွားပြီဖြစ်သည်။

"Sky World " ကုမ္ပဏီမှ "မော်" တစ်ယောက်မှာလည်း

"တီ တီ တီ"

"မော်" ရဲ့ G.S.M ဖုန်းလေးထဲမှာ မြည်သံလေး ထွက်လာသည်။



"ဟယ်လို မော်ပါ"

"ဟော့ကောင် ငါပါ သိဒ္ဓိလေ"

"ဟာ ဟော့ကောင် မင်း ဘယ်တုန်းက ရန်ကုန်ရောက်လည်း အခုဘယ်က ဆက်နေတာလဲ"

"ငါ Global အရောင်းပြခန်းကကွ ငါ မနေ့ကမှ ရောက်တယ်၊ မင်းဆီလာမလို့ပဲ အလုပ်ကိစ္စနဲ့လာရတာဆိုတော့ ဘယ်လိုမှ လုပ်လို့မရဘူး အခုတောင် မန္တလေးက အရောင်းပြခန်းအတွက် ဒီမှာလာပြီး ပညာရှာနေတာ"

"သိဒ္ဓိ မင်းအဆင့်ပြေတယ်မှလား"

"အေး ပြေပါတယ်ကွ ဟော့ကောင် မင်းနဲ့ဂန္တဝင်နဲ့ရော ဘယ်လိုလဲ လမ်းခွဲလိုက်ကြပြီလား"

"အဲဒီအကြောင်းကို ငါဘယ်လို ရှင်းပြရမှန်းတောင် မသိပါဘူး၊ သိဒ္ဓိရာ ဒါနဲ့ နေစမ်းပါဦးကွ မင်းကအခုမှ ဘယ်လိုလုပ်ပြီး ဒီကိစ္စကို မေးရတာလဲ"

"ဟာ အခုပဲ ဂန္တဝင်နဲ့ငါတွေ့လိုက်တာလေ မင်းဆီ ဖုန်းဆက်ခင်လေးက မင်းနဲ့မတွေ့လို့လား"

"မတွေ့တာကြာပြီကွ အခု မင်းနဲ့ ဘယ်မှာတွေ့တာလဲ သူ ဘာလုပ်နေလဲ ဘယ်မှာနေတာလဲ"

"ဟော့ကောင် ဘာလဲကွာ ဘယ်လိုဖြစ်နေတာလဲ ဖြေးဖြေးမေးပါကွ ဂန္တဝင်က Global ကုမ္ပဏီမှာ လုပ်အားပေးနိုင်နာပေါ့ကွာ သိပ်မကျွမ်းသေးဘူး အခု Global အရောင်းပြခန်းမှာ ဒီဇိုင်းတွေလေ့လာမလို့တဲ့ ရောက်နေတယ်"

"ဟာ အဲ့ဒီ Global ဆိုတာ ငါ့မကြီးနဲ့ နက်နက်တို့

www.burmeseclassic.com



လုပ်နေတဲ့ ကုမ္ပဏီပဲ ဒါဆို ငါ အခုပဲလာခဲ့မယ် ဟော့ကောင် မင်း စောင့်နေ”

“ဟာ ငါအခုပဲ ပြန်တော့မှာကွ နောက်ကုမ္ပဏီတစ်ခုကို သွားရအုံးမှာ မင်းသာ လာတွေ့လိုက်သူရှိသေးတယ်၊ အဝါရောင်ဂါဝန်လေးနဲ့ ဆံပင်တိုတိုလေးကွာ ချစ်စရာတော့ကောင်းတယ်၊ ဒါနဲ့ မင်းအခုနက ပြောလိုက်တာ ဘယ်သူ မကြီးနဲ့ နက်နက် ဟုတ်လား”

“အေး မကြီးဆိုတာ ငါ့အစ်မကြယ်စင်ကွာ နက်နက်ဆိုတာ နံနက်ခင်းကိုပြောတာ နာနတ်သီးလေ ကိုးတန်းတုန်းက သိတယ်မှတ်လား ရင်ရိပ်နွယ်လည်း အဲဒီမှာပဲ”

“ဟာ မင်းနဲ့ တွေ့ပြီးပြီပေါ့ သူတို့ကရော ဘာလုပ်တာလဲ အဲ့ဒီကုမ္ပဏီမှာ”

“ဒီဇိုင်နာတဲ့ကွ နှစ်ယောက်စလုံး စင်္ကာပူက ဒီဇိုင်နာ ဒီပလိုမာယူလာတာတဲ့ မကြီးပြောတာတော့ အရမ်းတော်တဲ့ ဒီဇိုင်နာနှစ်ယောက်ပဲတဲ့ Global ကုမ္ပဏီမှာ သူတို့နှစ်ယောက် မရှိရင် မဖြစ်ဖူးတဲ့”

“ဟော့ကောင် မင်းက ကြည့်မရဘူးလည်း ပြောသေး အခု မင်းနက်နက်တို့ အကြောင်းပြောနေတာ အကောင်းတွေကြီးပဲ နော်”

“ဟော့ကောင် တော်တော့ ငါအခုလာပြီ ဖုန်းချလိုက်တော့ မယ်နောက်မှတွေ့မယ် ဘိုင့်”

“မှော်” ဖုန်းချပြီး ပိုက်ဆံအိတ်ယူကာ အပြင်ထွက်မလို့ လုပ်တော့ ယောက်ဖက . . .



“မှော် ဘယ်သွားမလို့လဲ နေ့လည်စာ အတူစားကြမှာ လေ”

“ယောက်ဖတို့ပဲစားလိုက်ကြတော့ဗျာ၊ ကျွန်တော်သွားစရာရှိလို့”

“မှော်” ပြောပြီး အပြေးထွက်ခဲ့တော့သည်။ ကုမ္ပဏီရှေ့ ရောက်တော့ “ရာဇဝင်” ရဲ့ မာစီဒီးကား အနက်ကြီးက ထိုးရပ်လာလေသည်။ ဆရာ ဆင်းလာရင်း . .

“ဘယ်သွားမလို့လဲ မှော်”

“ချိန်းထားတာရှိလို့ သွားလိုက်ပါအုံးမယ်”

“မှော်” ကပြောပြီးပြီးချင်း တက္ကစီ တစ်စီးကို တားလိုက်သည်။

“Global ကုမ္ပဏီကိုမောင်း”

“ရာဇဝင်” ကတော့ “မှော်” ကို ကြည့်ရင်းတွေးကျန်ရစ်ခဲ့လေသည်။ “နက်နက်” ဆီကို သွားတာပဲ ဖြစ်ရမယ်။ “မှော်” ဟာ သူ့ကို ညာထားတာ ထင်တယ်။ “နက်နက်” နဲ့ မတည့်ဘူးလို့လဲ ပြောသေးတယ် ဘာလို့ “နက်နက်” ရှိတဲ့ကုမ္ပဏီကို ခဏခဏ သွားနေရတာလဲ။ စိတ်ရှုပ်စရာတွေကို တွေးရင်း ရုံးခန်းထဲဝင်ပြီး အနားယူလိုက်သည်။

“Global” ရှေ့ကို တက္ကစီရောက်တော့ ကားခရှင်းပေးပြီး အရောင်းပြခန်း ဘက်လိုက်လာခဲ့လိုက်သည်။ အဝါရောင်ဂါဝန်လေးနှင့် ဆံပင်တိုတိုကောင်မလေးကို ရှာလိုက်သည်။ ဟော တွေ့ပါပြီ Wall paper ဒီဇိုင်းတွေကို ကြည့်လိုက် စာအုပ်လေးနှင့် မှတ်လိုက်လုပ်နေသော ကောင်မလေး။ သူ့အနား

www.burmeseclassic.com



သွားရပ်ပြီး ခေါ်လိုက်သည်။

"ဂန္ထဝင်"

သူမက လှည့်ကြည့်သည်။ မျက်မှောင်လေးကုတ်ခါ ခဏစဉ်းစားသလိုလုပ်သည်။ ပြီးမှ မျက်နှာထားတစ်မျိုးလေးနှင့်

"မော့် မော့်လားဟင်"

"ဝင် နင် ငါ့ကို မှတ်မိတယ်နော် ဝမ်းသာလိုက်တာဟာ"

"နင် ဘာလာလုပ်တာလဲ"

"နင့် ဆီကိုလာတာပေါ့"

"ဘာလုပ်မလို့လဲ"

"နေ့လည်စာ အတူစားချင်လို့ အဲဒါ လိုက်ခဲ့ပါလား"

"ငါ မအားဘူး မော့် အခုမှ အလုပ်ဝင်တာ ငါက မကျွမ်းကျင်သေးဘူးလေ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ်"

"တကယ်လား ဝင် ငါ့ကို ညာတာတော့ မဟုတ်လောက်ပါဘူးနော်"

"ငါက ဘာလို့ ညာရမှာလည်း လုပ်စရာလေးတွေရှိလို့ သွားလိုက်အုံးမယ်နော်"

"ဂန္ထဝင်" က လှည့်ထွက်သွားသည်။ "မော့်" က လှမ်းခေါ်လိုက်သည်။

"ဝင်"

"ဂန္ထဝင်" က ပြန်လှည့်ကြည့်၍ မေးဆတ်ပြသည်။

"ငါ ညနေကျရင် ဖုန်းဆက်လိုက်မယ်နော်"

သူမက ခေါင်းမညိတ် ခေါင်းမခါပဲ လှည့်ထွက်သွားသည်။ ထိုအချင်းအရာအားလုံးကို "ဂန္ထဝင်" နောက်မှ



တစ်ကောက်ကောက်လိုက်ချောင်းနေသော "နက်နက်" က အကုန်လှမ်းမြင်နေရသည်။ အင်း "ရိပ်ရိပ်" သာ တွေ့ရင် ရင်တီးမှာပဲ။ သူတို့နှစ်ယောက်ပုံစံက လမ်းခွဲလိုက်တဲ့ ချစ်သူပုံစံမျိုးလည်း မဟုတ်ဘူး။ ဒီလိုနှင့် သူမတို့ ရုံးဆင်းချိန်ရောက်လာတော့သည်။ ရုံးဆင်းတော့ "ဂန္ထဝင်" နှင့် "မကြွယ်စင်" တစ်ယောက်ခါးတစ်ယောက်ဖက်ကာ ထွက်သွားကြသည်ကို အမြင်ကတ်စွာတွေ့လိုက်ရတော့သည်။

"နက်နက်" အိမ်ပြန်ရောက်တော့ "ရိပ်ရိပ်" ကို မတွေ့။ အိမ်နောက်ဖေးမှာလားမသိ။ သူမချောင်းကြည့်လိုက်တော့ ဖုန်းပြောနေတာတွေ့ရသည်။ သူမအသာချောင်းနားထောင်လိုက်သည်။ ဘယ်သူနဲ့ပြောနေတာပါလိမ့်။

"အေးပါ ပြင်းရှရဲ့ ငါပြောလိုက်ပါ့မယ် ရပါတယ်ဟာ မုန့်ဝယ်ကျွေးစရာမလိုဘူး တစ်ခုပဲ စုံစမ်းပေး အဟီး ဟိုဟာလေ တာ မော့်ရဲ့ ဖုန်းနံပါတ်လေး အဲဒါစုံစမ်းပေးဟာနော် အဲဒါ တဲ့ ဟဲ့"

"နက်နက်" က စိတ်တိုလာကာ ဖုန်းကို "ရိပ်ရိပ်" ဆီမှ လု၍ ပိတ်ပစ်လိုက်ပြီး စားပွဲခုံပေါ်မှာ "ဖုန်း" ကနဲမြည်အောင် ထိုင်ချလိုက်သည်။

"ဘယ်လိုဖြစ်တာလဲကွာ ကိုယ်ဖာသာ ကိုယ်ဖုန်းဆက်နေတာကို"

"ဘယ်လိုမှမဖြစ်ဘူး ဘာလို့ မော့် ဖုန်းနံပါတ်ကို လိုက်တောင်းနေရတာလဲ ရိပ်ရိပ်ရဲ့"

"ငါ့ကို မအော်နဲ့ နင်ပဲ နင့်ရှေ့မှာ မော့်အကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ရဘူးဆို အဲ့ဒါကြောင့် နင့်မရှိတဲ့အချိန်မှာ ဆက်တာပေါ့"

"ဆက်မနေနဲ့ ငါ ပြောတာကို နားထောင် ရေခဲမုန့်နဲ့ ဂန္ထဝင် မပြတ်သေးဘူး"

"အာပလာ ငါ့ကို လာရှိုးမနေနဲ့ ပြင်းရှက ပြောတော့ ပြတ်သွားပြီတဲ့"

"ဘယ်ကလာ ပြတ်ရမှာလည်း အခု ငါတို့ရုံးကို ဂန္ထဝင် ရောက်နေတယ်၊ လုပ်အားပေး ဒီဇိုင်နာသဘောမျိုးပေါ့ ငါတို့ နှစ်ယောက်က သူ့ကို နည်းနည်းပါးပါး သင်ပေးရမှာ"

"ဒုက္ခပါပဲဟာ ငါ သူနဲ့တွဲမလုပ်ချင်ဘူး၊ ရေခဲမုန့် ကရော သိပြီလား ဂန္ထဝင် ဒီရုံးမှာလုပ်တာကိုလေ"

"ဂန္ထဝင်နဲ့နင့်ကို မတွဲခိုင်းပါဘူး၊တတ်နိုင်သလောက် ငါကူညီမယ် သူတို့နှစ်ယောက် မပြတ်သေးဘူးဟ၊ ဘာလို့လဲဆိုတော့ ဂန္ထဝင်အရောင်းပြခန်းထဲလဲဝင်ရော၊ ရေခဲမုန့်က ချက်ခြင်းအူရားဖားရားနဲ့ ရောက်ချလာတာပဲ သူတို့တွေ ဘာပြောကြလဲ ဆိုတာတော့ ငါလည်းမကြားရဘူး နောက်ဆုံးတစ်ခုကတော့ ည ဖုန်းဆက်မယ်လို့ ပြောလိုက်တာပဲ ကြားတယ်"

"စိတ်ညစ်လိုက်တာနော်"

"ထားစမ်းပါဟာ ဘာစားစရာရှိလည်း ငါ ဗိုက်အရမ်းဆာလာပြီ"

"ဒီမှာ စိတ်ညစ်ရတဲ့အထဲ ရေခဲသေတ္တာထဲမှာ ရေခဲမုန့် ဘူးရှိတယ်၊ နေ့လည်က ငါဝယ်ထားလိုက်တာ ငါးလီတာပါတယ်၊ ငါ နှစ်လီတာ စားလိုက်ပြီ နင် အတွက်သုံးလီတာ ချန်ထားတယ်"



"ရိပ်လေးက ချစ်ဖို့ကောင်းလိုက်တာ"

သူမက "ရိပ်ရိပ်" ရဲ့ ပါးကို လိမ်ဆွဲတော့ ရိပ်ရိပ်တရယ်ရင်း . . .

"သရဲမ ရေခဲမုန့်ဆို သေမလောက်ကြိုက်တယ် လူရေခဲမုန့်ကြတော့မုန်းလိုက်တာ နှစ်ယောက်မရှိဘူး"

"ဘာဖြစ်လဲ ဟဲ့ ဒါနဲ့ ဟိုဘက်တိုက်ခန်းက ကလေးနဲ့ အောက်က တိုက်ခန်းကကလေးတွေ ဒီနေ့ဘာလို့မလာကြတာလဲ ငါ ပါဝါရိမ်းဂျား အခွေသစ်တွေ ဝယ်လာတယ်"

"အခုနက ကိကိနဲ့ တိတိတော့ လာသွားတယ် မျှော်စင် ကတော့ မလာဘူး အဲ့ဒီကိစ္စ နင့်ကိုငါပြောစရာရှိသေးတယ်"

"ဘာများလဲ"

ရေခဲမုန့်ပလုပ်ပလောင်း စားရင်း "နက်နက်" က မေးလိုက်သည်။ "ကိကိနဲ့တိတိ" ဆိုတာ သူမတို့ အောက်ထပ် တိုက်ခန်းမှ အမွှာနှစ်ယောက်။ 'မျှော်စင်' ဆိုတာ ဒီနှစ်ဆယ်တန်းတက်နေတဲ့ ဘေးခန်းက ကလေး။ သူမတို့ နှစ်ယောက် နှင့် အရမ်းခင်ကြသည်။ "ကိကိနှင့်တိတိ" ရဲ့ မိဘတွေက နည်းနည်းပြည့်စုံသည်။ သူတို့သုံးယောက်စလုံး ဒီနှစ်ဆယ်တန်း တက်နေသောသူတွေ။"မျှော်စင်" ကတော့ အဖေနှင့်သာ နေရသည်။ သိပ်မပြည့်စုံရှာ။ "မျှော်စင်" မှာ အမေမရှိတော့။ သူငါးနှစ်သားအရွယ်မှာ ဆုံးပါးခဲ့သည်။ အဖေဘက်ကလည်း ဆွေမျိုးမရှိ၊ ဒီကလေးသုံးယောက်ဟာ သူမတို့ နှစ်ယောက်ကိုတော့ အစ်မအရင်းတွေလို အလွန်ချစ်ကြသည်။ သူမတို့ နှစ်ယောက်ရဲ့ စကားကိုလည်း တသွေမတိမ်းနားထောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အမေးကို "ရိပ်ရိပ်" က သက်ပြင်းချရင်း . . .

"မျှော်လေး တစ်ယောက် ဘာစိတ်ကူးပေါက်ပြီး ဒီလိုလုပ်သွားတာလဲ မသိဘူးဟာ"

"ဘာလုပ်သွားလို့လဲ မျှော်လေး ဘာဖြစ်လို့လဲ"

သူမ စိုးရိမ်စွာမေးမိသည်။

"မျှော်လေးက Youth ဆိုတဲ့ စားသောက်ဆိုင်ကြီးမှာ စားပွဲထိုးလုပ်နေတယ်တဲ့"

"ဘာ ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ မျှော်လေးက ဆယ့်ခြောက်နှစ်တောင် ပြည့်သေးတာမဟုတ်ဘူး၊ ဒီလို လူမမယ်ကလေးလေးကို အဲဒီဆိုင်ကလက်ခံလား မျှော်လေးကလည်း ဒီနှစ်ဆယ်တန်းအရေးကြီးတာကို ဘာလို့အလုပ်ဝင်လုပ်ရတာလဲ"

"ငါလည်း အဲ့ဒါကို သိချင်နေတာ"

"အဲဒီ Youth ဆိုတဲ့ စားသောက်ဆိုင်က ဘယ်နားမှာလဲ"

"ဘဲလေး စားတော်ဆက်ရှေ့မှာလေ ငါတစ်ခါ တွေ့ဖူးတယ်၊ အဲဒီနားမှာ မီးပွိုင့်မိလို့လေ"

"ရေချိုးပြီးရင် လိုက်သွားရအောင်"

"ကောင်းသားပဲ ဒါဆို ငါ အရင်ရေချိုးလိုက်မယ်"

"အေး ချိုးလိုက်လေ"

သူမ "ရိပ်ရိပ်" ရေချိုးတာကို ထိုင်စောင့်နေစဉ် သူမရဲ့ ဖုန်းလေးမှ မြည်သံလေးထွက်လာသည်။

"ဟယ်လို နံနက်ခင်းပါ"



"နက်နက် ကိုယ့်ကို သိလား"

"လူမှ မမြင်ရတာ ဘယ်သူကသိမှာလဲ လာမကြောင်နဲ့"

"အဟင်း ဟင်း နက်နက် မပြောင်းလဲဘူးနော် အရင်က အတိုင်းပဲ"

"နေစမ်းပါဦး ရှင့်မှာ အချိန်တွေကဲ ဒီလောက်အားနေလား"

"ကဲ ဆိုစမ်းပါဦး ဘယ်သူလဲဆိုတာ နားထောင်ကြည့်ရအောင်"

"ကိုယ် ရာဇဝင်ပါ"

"ရာဇဝင် ဟုတ်လား Sorry နော် ကျွန်မ မသိဘူး"

"တကယ် မမှတ်မိတာလား နက်နက်ရယ်"

"တကယ်ပါ လုံးဝမမှတ်မိလို့ပါ ဖုန်းချလိုက်တော့မယ်"

"ခဏ ခဏလေး နက်နက် ကိုးတန်းတုန်းက ဆရာ ရာဇဝင်ကို မှတ်မိလား နက်နက် ဖြစ်သမျှ ပြဿနာတွေကို လိုက်ရှင်းပေးရတဲ့ ဆရာလေ"

"ဆရာ ရာဇဝင် ခြော် မှတ်မိပြီ ဆရာ ဆရာလားဟင် ဆရာက ဘယ်လိုလုပ် နက်နက်ရဲ့ ဖုန်းနံပါတ်ကို ရတာလဲဟင် အခု ဆရာ ဘာလုပ်နေလဲ အဆင်ရောပြေရဲ့လား"

ဆရာက သူ့အဖြစ်အပျက်များကို ပြောပြနေသည်။ သူမကတော့ တအံ့တဩ နားထောင်ရင်း . . .

"ကိုယ် ဒီဖုန်းနံပါတ်ကို ဘယ်လိုရတာလဲဆိုတာ ပြောပြ မလိုတော့ဘူးထင်တယ်"

"ဟုတ်ကဲ့ပါဆရာ ဆရာ့လို အထင်ကရ တစ်ယောက်

www.burmeseclassic.com



အနေနဲ့ နက်နက်လို အညတရ တစ်ယောက်ရဲ့ ဖုန်းနံပါတ်ကလေးတစ်ခုရဖို့ဆိုတာ အပန်းကြီးတဲ့ ကိစ္စမှမဟုတ်တာ"

"တစ်ခု နက်နက်ကို request လုပ်စရာရှိတယ် ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့လား ကိုယ်က အခု မင်းရဲ့ ဆရာတစ်ယောက်မှ မဟုတ်တာ"

"ဆရာက ဆရာပဲဥစ္စာ ဘာဖြစ်လို့ မခေါ်ရမှာလဲ ဆရာ"

"ဘယ်ယောက်ျားလေးကမှ ကိုယ်ချစ်တဲ့ မိန်းကလေးဆီက ဆရာလို့ အခေါ်ခံချင်ရမှာလဲ Ok ကိုယ် နောက်မှ မင်းဆီလာခဲ့အုံးမယ်"

"ရှင် . . . ဟယ်လို ဟယ်လို'

ဖုန်းချသွားပြီ။ ဆရာ ဘာစကားတွေ ပြောတာပါလိမ့်။ "ရိပ်ရိပ်" က ရေချိုးခန်းထဲမှ ထွက်လာကာ . . .

"ဘာတွေ ငိုင်နေတာလဲ ရေသွားချိုးတော့လေ"

"ရိပ်ရိပ်" ကို ပြောပြလိုက်ရင် ကောင်းမလား။

"ရိပ်ရိပ်"

"ဘာလဲ ရေမချိုးသေးဘူးလား"

"ချိုးမှာ ပြောစရာရှိလို့"

"ရိပ်ရိပ်" က မှန်တင်ခုံရှေ့မှာ ထိုင်ပြီး . . .

"ဘာလဲ ပြော"

"ငါတို့ ကိုးတန်းနှစ်မှာ ငါတို့ ကျောင်းကိုရောက်လာတဲ့ ဆရာအသစ်ကလေးကို မှတ်မိလား"

"အင်း မှတ်မိတယ်၊ ဆရာ့ နံမည်က အဆန်းလေးလေ ချောလည်း အရမ်းချောတယ် ဘာဖြစ်လို့လဲ"



"ဆရာ ခုနက ငါ့ဆီဖုန်းဆက်တယ်"

"တကယ်"

"ရိပ်ရိပ်" က အံ့ဩသလို မေးသည်။ သူမကလည်း အားလုံး ပြောပြလိုက်သည်။ "ရိပ်ရိပ်"က စိတ်ဝင်တစား နားထောင်ပြီး . . .

"ဒါဆိုရင် ဆရာက နင့်ကို စိတ်ဝင်စားနေတာပဲ ဖြစ်မယ်"

"ဟုတ်ချင်မှ ဟုတ်မှာပါဟာ ရေခဲမုန့်က ဆရာ့ပုံစံနဲ့ ငါ့ဆီဖုန်းဆက်တာရော မဖြစ်နိုင်ဘူးလား ဒါပေမယ့် ရေခဲမုန့် အသံတော့ မဟုတ်ဖူး။ အဲဒါတော့ လုံးဝသေချာတယ် ငါ့ဆီလာခဲ့အုံးမယ်တဲ့"

"ကဲ ခေါင်းရှုပ်ခံမနေနဲ့ ရေသွားချိုးတော့ မှောင်တောင်မှောင်လာပြီ မျှော်လေး ဆီကို သွားရအုံးမှာမှလား"

"အေး ဒါဆို ငါရေချိုးတော့မယ်"

"ချိုးတော့"

သူမ ရေချိုးလိုက်သည်။ သူမရေချိုးပြီးတော့ "ရိပ်ရိပ်" က အပြာရောင် ဂါဝန်လေးနှင့် ဆံပင်လေးကို နောက်ဘက်မှာ တစ်ဝက်စုချည်က နားကွင်းအပြာရောင် လေးဝတ်ထားသည်။

"ဟာ အရမ်းလှနေပါလား ဟေ့"

"မြှောက်မနေနဲ့ ဒီမှာ နင့်အတွက် အကျႌထုတ်ထားတယ်"

"ကျေးဇူး"

"ရိပ်ရိပ်" က လိမ္မော်ရောင် တီရှပ်ကလေးနှင့် [illegible] သိမ္မော်ရောင်လေး ထုတ်ပေးထားသည်။ သူမက [illegible]

www.burmeseclassic.com

www.burmeseclassic.com



လူးကာ အကျီဝတ်လိုက်သည်။

"နင်က ငါ့ထက်တောင် ပိုလှသေး ဒါကြောင့် ဆရာက"

"တော်တော့ ရပ် ဒီစကားကို ဒီမှာ ရပ်လိုက် ကဲ သွားမယ်"

ဒေါက်ဖိနပ် လိမ္မော်ရောင်လေးကို စီးလိုက်သည်။ "ရှိုင်ရှိုင်" ကတော့ အပြာရောင်ဒေါက်ဖိနပ်ကလေးနှင့် အရမ်းကို လှနေပါသည်။

* * *



(၉)

ဒီနေ့ "မော်" "ဂန္ဓဝင်" ဆီက ပြန်လာပြီး ရုံးကို ပြန်မသွားတော့ပဲ အိမ်ကို ပြန်လာကာ နှပ်နေလိုက်သည်။ ညနေဘက် မကြီးပြန်ရောက်တော့ သူ့ဖာသာ သူ ထမင်းဝင်ချက်နေသည်။ သူ နှပ်လိုက်တာ ဘယ်လောက်ကြာသွားသည်မသိ ယောက်ဖ လာနှိုးမှ နိုးတော့သည်။

"ဟော့ကောင် မော် ထတော့ အခု ရှစ်နာရီမှာ ညစာစားပွဲ ရှိတယ်၊ Youth မှာ စားကြမှာ M.D လည်းပါမယ်၊ကာရာအိုကေလည်း ဆိုကြမှာ ပျော်စရာကြီးကွ သီးသန့်ခန်းမှာ လုပ်မှာ မြန်မြန်ပြင်ဆင်တော့"

"မလိုက်ချင်ဘူး ယောက်ဖရာ ကိုယ့်ဖာသာသွား"

"ဟော့ကောင် M.D က အကုန်လိုက်ရမှာတဲ့ကွ အားလုံး ဆယ်ယောက်အရေးကြီးပုဂ္ဂိုလ်တွေပေါ့ကွာ အဲဒီထဲမှာ

www.burmeseclassic.com



မင်းပါတယ် လိုက်ခဲ့၊ နေ့လည်ပိုင်းကရော ဘာလို့ ရုံးကို ပြန်မလာရတာလဲ"

"မလာချင်လို့ပေါ့ဗျာ"

"ကဲ ဒါဆိုလည်း ပြင်ဆင်တော့"

"မှော်" က ပြင်ဆင်တော့ မမကရောက်လာကာ . . .

"ဟဲ့ မှော် နင့်ကို မေးစရာရှိတယ်၊ ဂန္ထဝင်နဲ့ လမ်းခွဲလိုက်ပြီလား။ သူ ငါတို့ ရုံးမှာ လုပ်နေတယ် တွေ့ပြီးပြီလား အဆက်အသွယ်ရော ရှိရဲ့လား"

"အဟီး ကျွန်တော် နေ့လည်ကတောင် မကြီးတို့ရုံးကို ရောက်သေးတယ် ဝင်နဲ့တွေ့ပြီးပြီ"

"တကယ်"

"တကယ်ပေါ့ ကဲ သွားစရာရှိလို့ သွားပြီ၊ ယောက်ဖရေ သွားရအောင်"

"ဟဲ့ နေအုံး ကောင်စုတ်လေး ငါတို့ရုံးကိုရောက်ပြီး ကိုယ့်အစ်မဆီကိုတော့ မဝင်ဘူး ကဲဟာ"

"အား နာတယ်ဗျ ဗိုက်ခေါက်လိမ်ဆွဲတယ် သေပါပြီ"

"မှတ်ထား နောက် ဒါထက် နာမယ်"

"သွားပြီ သွားပြီ ကြာကြာနေရင် ဗိုက်သားတွေပြုတ်ထွက်ကုန်လိမ့်မယ်"

"မှော်" နှင့်ယောက်ဖ ကားတစ်စီးဖြင့် ထွက်လာခဲ့တော့သည်။ "Youth" စားသောက်ဆိုင်ကြီးရှေ့ရောက်တော့ အပြာရောင်ဂါဝန်နှင့် ကောင်မလေးတစ်ယောက်က လိမ္မော်ရောင်ကောင်မလေးတစ်ယောက်နှင့် စားသောက်ဆိုင်မှ ယူနီဖောင်းဝတ်ထား



သော ကောင်လေးတစ်ယောက်နှင့် စကားအခြေအတင် ပြောနေကြသည်။ သေချာကြည့်လိုက်တော့ "ရင်ရိပ်နွယ်" နှင့် "နံနက်ခင်း" တို့ ဖြစ်နေကြသည်။ ဘယ်လိုဖြစ်ကြတာလဲ။ အမှတ်တမဲ့ သူ့ရဲ့ပါးစပ်မှ . . . .

"နာနတ်သီးတို့ ဘာဖြစ်ကြတာလဲ"

"ဟမ် . . . ဘယ်မှာလည်း နာနတ်သီး ငါက ဟိုရှေ့က ဇာတ်လမ်းလေးကို စိတ်ဝင်စားနေတာ ကောင်မလေးနှစ်ယောက်က အရမ်းချောတယ်ကွ၊ ကောင်လေးကတော့ သူတို့ဘဲ မဖြစ်နိုင်ဘူး။ တော်တော်ငယ်တယ် မောင်နှမများလားဒါလည်း မဖြစ်နိုင်ဘူး။ ကောင်လေးက ဒီဆိုင်ကဝန်ထမ်းကောင်မလေးနှစ်ယောက်ရဲ့ ဒီဇိုင်းကတော့ လန်ထွက်နေတယ်"

"နာနတ်သီးဆိုတာ လိမ္မော်ရောင်ကောင်မလေးကိုပြောတာ"

"ဟာ ရုပ်ကလေးက လှပြီး နံမည်က ရုပ်ဆိုးလိုက်တာ"

"သူ့နံမည်အရင်းက နံနက်ခင်းပါ ယောက်ဖရာ ကျွန်တော်က တမင်ခေါ်တာ အပြာရောင်လေးက ရင်ရိပ်နွယ်တဲ့။ကျောင်းတုန်းက သိတာ"

"သူငယ်ချင်းတွေပေါ့"

"မဟုတ်ပါဘူး"

"ဟ ကျောင်းအတူတူ တက်ခဲ့တာ သူငယ်ချင်းပေါ့ကွ"

"သူငယ်ချင်းမဟုတ်ပါဘူး ယောက်ဖရာ လျှောက်မပြောပါနဲ့"

"ဟော လူတစ်ယောက်အထဲကို ခေါ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကျွန်တော်တို့လည်း သွားရအောင် သူတို့မှာလည်း ဘာပြဿနာရှိမှန်းမှာ မသိတာ ကျွန်တော်တို့ကိစ္စမဟုတ်ပါဘူး"

"မှော်" တို့ သီးသန့်ခန်းထဲသို့ ဝင်ကာ စားကြသောက်ကြနှင့် သီချင်းဆိုသူက ဆို၊ ကသူက,က ပျော်ရွှင်စရာကောင်းလှသည်။ ဒီစားသောက်ဆိုင်မှ တာဝန်ခံကလည်း သူတို့၏ သီးသန့်ခန်းသို့ ဝင်လာကာ လိုအပ်သည်များကို လုပ်ဆောင်ပေးနေသည်။

သူမတို့နှစ်ယောက် "Youth" စားသောက်ဆိုင်ကို ရောက်တော့ အထဲကို မဝင်ရဲကြချေ။ ထို့ကြောင့် ညှော်ကြိုကောင်လေးနှစ်ယောက်အနက်မှ တစ်ယောက်ကို . . .

"မောင်လေး တစ်ခုလောက်မေးချင်လို့"

"ဟုတ်ကဲ့ ခင်ဗျာ ကျွန်တော်ဘာအကူအညီပေးရမလဲ ခင်ဗျာ"

"ဒီဆိုင်မှာ အသက်ငယ်ငယ်နဲ့ မျှော်စင်ဆိုတဲ့ ကောင်လေးရှိလားဟင် အလုပ်ဝင်တာသိပ်မကြာသေးဘူးလေ"

"ဟုတ်ကဲ့ ကျွန်တော်သွားခေါ်ပေးပါ့မယ် အထဲဝင်ထိုင်ပါလားခင်ဗျ"

"ရတယ် ဒီကပဲ စောင့်တော့မယ် မြန်မြန်လေးခေါ်ပေးနော်"

"ဟုတ်ကဲ့"

ကောင်လေးထွက်သွားပြီး ခဏကြာတော့ ဆိုင်ယူနီ



ဖောင်းလေးနှင့် "မျှော်စင်" ထွက်လာသည်။ သူမတို့ကို မြင်တော့အံ့သြသွားကာ . . .

"နက်နဲ့ရိပ် ဘာလို့ဒီနေရာကို လိုက်လာရတာလဲဗျာ"

"ဟဲ့ မျှော်လေးရဲ့ နင်က ငါတို့ကို ဘာမှမတိုင်ပင်ပဲ လုပ်သွားတာကိုး နင်ကရော ကျောင်းစာသင်တဲ့အရွယ်မှာ ဘာလို့ ဒီလိုအလုပ်တွေ လုပ်ရတာလဲ နင် စာမသင်ချင်တော့ဘူးလား"

"အေးလေ နက်ပြောတာဟုတ်သားပဲ မျှော်လေးရဲ့ ဆယ်တန်းက အရေးကြီးတယ် ဒီလောက်ပြောထားရက်နဲ့ ဘာလို့ ဒီလိုလုပ်ရတာလဲ ဒီဆိုင်ကရော အသက်မပြည့်တဲ့ လူမမယ်လေးကို အလုပ်လက်ခံလား ဟုတ်လား"

"နက်နဲ့ရိပ်ရယ် ဒါ ကျွန်တော့်အလုပ်ပါဗျာ ဒါ ကျွန်တော့်ဆမင်းအိုးကို မခွဲပါနဲ့ တောင်းပန်ပါတယ် ပြန်ကြပါတော့"

"ဒီမှာ ခင်ဗျ ဒီက ညီမနဲ့ ကျွန်တော်တို့ဆိုင်က ဝန်ထမ်းနဲ့ ဘာပြဿနာဖြစ်လည်းတော့ မသိဘူးပေါ့ ခင်ဗျာ ဒါပေမယ့် ဆိုင်ရှေ့မှာဆိုတော့ လူမြင်မကောင်းဘူးပေါ့။ အဲဒါ ဆိုင်ထဲက သီးသန့်ခန်းထဲမှာ ဝင်ပြောကြပါလား"

"ကောင်းသားပဲ ကျေးဇူးတင်ပါတယ်"

သူမတို့ ဆိုင်၏ တာဝန်ခံ ခေါ်ဆောင်ရာ သီးသန့်ခန်းဆီသို့ လိုက်လာခဲ့ကြသည်။ သီးသန့်ခန်းထဲရောက်တော့ "ရိပ်ရိပ်" က . . .

"မလုပ်ပါနဲ့တော့ မျှော်လေးရယ် ရိပ်တို့နဲ့ပြန်လိုက်ခဲ့ပါ ကျောင်းစာတွေရော လွှတ်ကုန်ပြီမှလား"

"မလိုက်ချင်ပါဘူးဆို သွားကြတော့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မျှော်စင်" က အော်သည်။ ဆိုင်တာဝန်ခံက . . .

"ဟိတ်ကောင် ကိုယ့်အစ်မတွေကို ဘာလို့အော်ရတာလဲ"

"ခင်ဗျားနဲ့ ဘာဆိုင်လည်း"

"ဟေ့ကောင် ခွပ် ခွပ်"

"ဟာ ဘာလို့ထိုးတာလဲ ဒါ ကျွန်မတို့မောင်လေးရှင့်"

ဆိုင်တာဝန်ခံက . .

"တောင်းပန်ပါတယ်"

ဟု ဆိုကာ အပြင်ဘက်သို့ ထွက်သွားလေသည်။ သူမတို့ကလည်း . . .

"ဘယ်လိုလဲ မျှော်စင် နက်တို့နဲ့ ပြန်လိုက်မလား"

"မျှော်စင်" က နှုတ်ခမ်းထောင့်မှ ကျလာသော သွေးတို့ကို သုတ်ရင်း . . .

"နက်နဲ့ရိပ် ကျွန်တော်ဟာ ပျက်စီးနေပါပြီ၊ ကျွန်တော့်ကို မကြည့်ကြပါနဲ့တော့"

"မျှော်လေးရယ် စာတော်တဲ့ကလေးတစ်ယောက်ဟာ ကျောင်းဆက်မတက်ပဲ အမူးသမားတွေကို ပြုစုတဲ့ အလုပ်ကို လုပ်နေရပြီပေါ့"

"မျှော်စင်" က ဘာမှမပြောပဲ မျက်ရည်သုတ်ပြီး အခန်းအပြင်ထွက်သွားတော့သည်။ သူမတို့နှစ်ယောက်ထဲ ကျန်ရစ်ကာ "နက်နက်" က . . .

"နှုတ်ခမ်းမှာ သွေးတွေထွက်သွားတယ်နော်"

"အေးဟ အဲ့ဒီလူကလည်း ဘာမှမဆိုင်ပဲ ဘာလို့ဝင်ထိုးရတာလဲ"



"လာကွာ အဲ့ဒီလူကိုလိုက်ရှာရအောင်ပြန်သွားကြောမယ်"

"ဟာ တော်ပါတော့ ပြန်ရအောင်"

"မပြန်ဘူး လာခဲ့"

သူမတို့ အခန်းအပြင်ထွက်လာကာ ဆိုင်တာဝန်ခံကို ရှာကြသည်။ စားပွဲထိုးတစ်ယောက် သီးသန့်ခန်းတစ်ခန်းကို လက်ညှိုးထိုးပြသည်။ သူမတို့နှစ်ယောက်လိုက်သွားကာ အခန်းတံခါးကို "ဝုန်း" ကနဲ ဆွဲဖွင့်လိုက်သည်။ အခန်းထဲမှာ သီချင်းဆိုသူကဆို၊ ကသူက,က၊ ထိုင်ကြည့်သူကကြည့်နှင့် သူမက တံခါးဆွဲဖွင့်လိုက်တော့ အကုန်အံ့သြကာ ရပ်သွားကြသည်။ သူမက ရပ်နေသော တာဝန်ခံ "ရှေ့" သို့ သွားကာ လက်သီးဖြင့် နှစ်ချက်ထိုးကာ . . .

"ခွပ်"

"ခွပ်"

"ဒီမှာ နောက်တစ်ခါ ကျွန်မတို့ မောင်လေးကို မထိုးပါနဲ့"

သူမကပြောပြီး ထွက်လာခဲ့လိုက်သည်။ အထဲမှာတော့ ဘယ်လို ကျန်ခဲ့သည်မသိ။ သူမတို့နှစ်ယောက် ပွစိပွစိနှင့်ပြောကာ အိမ်သို့ပြန်လာခဲ့ကြတော့သည်။ "ရိပ်ရိပ်" ကတော့ ပြောသည်။ "နက်နက်" ပွဲကြမ်းခဲ့သည့် အခန်းထဲမှာ "မှော်" လည်း ရှိနေသည်တဲ့။ "မှော်" တို့အားလုံး ကြောင်နေကြသည်။ "မှော်ဝင်" က တာဝန်ခံကို . . .

"ဘယ်လိုဖြစ်တာလဲ ကိုဇေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုယ်တိုင်က အရှုပ်ထုတ်ထဲ ဝင်ပါမိတာပါ ဆရာရယ်"

"ဘယ်လို အရှုပ်ထုတ်လဲဗျ"

တာဝန်ခံက အစအဆုံးပြောပြတော့သည်။ "ရာဇဝင်" က . . .

"ခင်ဗျားကလည်း စပ်စပ်စုစု သွားပါတာကိုး"

"ကိုရာဇဝင်"

"ဘာလဲ မှော် ပြောလေ"

"အခုနက ကောင်မလေးက နံနက်ခင်းပဲ"

"ဘာ အဲဒါ နက်နက် ဟုတ်လား"

"ဟုတ်ပါတယ် သူ့နောက်က ရပ်နေတဲ့ အပြာရောင် ကောင်မလေးက ရင်ရိုပ်နွယ်ပါပဲ"

"မှော်ရာ မင်း စောစောကဘာလို့ မပြောတာလဲကွာ"

"ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ နည်းနည်း ကြောင်သွားတာပေါ့"

"အေးကွာ ဒီတစ်ခါ မဆုံလည်း နောက်တစ်ခါဆုံ ရမှာပေါ့ ဒါနဲ့ကိုဇေ အဲဒီကောင်မလေးတွေရဲ့ မောင်ဆိုတာကို ကျွန်တော်တွေ့ချင်တယ် အခုခေါ် ပေးနိုင်မလား"

"ဟုတ်ကဲ့ ဆရာ ခေါ် ပေးပါ့မယ်"

တာဝန်ခံ "ကိုဇေ" ဆိုသော လူက အခန်းအပြင်သို့ ထွက်သွားကာ ခဏအကြာတော့ အသက်ငယ်ငယ် ချာတိတ် စားပွဲထိုးလေးတစ်ယောက်ကို ခေါ်ကာ ပြန်လာ၏။

"သူပါပဲ ဆရာ"



ကောင်လေးက အသက်ဆယ့်ခြောက်ဆယ့်ခွန်လောက် ပဲရှိမည် ထင်သည်။ ဆရာက . . .

"လာ ကလေး ထိုင်"

"ဟုတ်ကဲ့ ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စများရှိလို့လဲ"

"ကလေးရဲ့ နံမည်က"

"မျှော်စင်ပါ ခင်ဗျ"

"အသက်ကရော"

"ဟို . . . ဟိုဟာ"

"အမှန်အတိုင်းပြောပါ မညာနဲ့"

"ဆယ့်ငါးနှစ်နဲ့ ခုနှစ်လပါ"

"ဒါဆို ဆယ်တန်းပေါ့"

"ဟုတ်ကဲ့"

"နံနက်ခင်းနဲ့ ဘာတော်လဲ"

"ဘာမှမတော်ပါဘူး ခင်ဗျာ၊နက် ကကျွန်တော်တို့ တိုက်ခန်းနဲ့ တစ်ထပ်ထဲ ဘေးခန်းမှာ နေတာပါ၊ ကျွန်တော်ရယ် အောက်ထပ်က ကိကိနဲ့တိတိ အမွှာရယ်ကို အရမ်းချစ်ပါတယ်။ ကျွန်တော်တို့ကလည်း နက်နဲ့ရိပ်ကို အစ်မအရင်းတွေလို ချစ်ပါတယ်။ အမြဲတမ်းလည်း စကားနားထောင်ခဲ့ပါတယ်။ အခုတစ်ခါတော့ ကျွန်တော် ဘယ်လိုမှမဖြေရှင်းနိုင်တဲ့ကိစ္စမို့ ထိုပါ"

"ဒါဆို ကလေးအစ်ကို့ကို ပြောပြလို့ရမလား အစ်ကို သိချင်လို့"

"ဟုတ် ကျွန်တော် ပြောပြပါ့မယ်၊ ကျွန်တော်လှူရှင်းသိ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အရွယ်လောက်ကတည်းက ဖေဖေဟာ အရက် သောက်ပါတယ်၊ ဖဲရိုက်ပါတယ်။ ကျွန်တော်ဟာ မိဘမေတ္တာ ငတ်ခဲ့တဲ့ သူ ကျွန်တော်တို့ တိုက်ခန်းဘေးက တိုက်ခန်းကို နက်နဲ့ရိပ်ရောက်လာမှ မိသားစုမေတ္တာကိုရခဲ့ပါတယ်။ ကိုကိုနဲ့ တီတီ ဆိုတဲ့ သူငယ်ချစ်နှစ်ယောက်လည်း ရခဲ့ပါတယ်။ အခု ကျွန်တော် ဆယ်တန်းနှစ်ရောက်တော့ ကျွန်တော့်အဖေမှာ အကြွေးတွေ အများကြီးဝိုင်းနေပါပြီ။ အဖေက အရက်သောက် တာကြာလို့ ရောဂါသည်လည်း ဖြစ်နေပါတယ်။ အခု အဖေ့ မှာ အကြွေးတွေ အများကြီးပဲ ကျွန်တော်လည်း ကြံရာမရလို့ ဒီလိုအလုပ်ကိုဝင်လုပ်တာပါ။ နက်နဲ့ရိပ်က ကျွန်တော်ပျက်စီး မှာစိုးလို့ လိုက်လာတာပါ”

“ကဲ ဟုတ်ပြီ ကလေးရဲ့ အဖေမှာ အကြွေးက ဘယ် လောက်လဲ”

“သိန်းခြောက်ဆယ်”

“အင်း ဒါဆို မနက်ဖြန် အစ်ကို့ အိမ်ကိုလာခဲ့ ဒါ အစ်ကိုရဲ့ လိပ်စာကဒ် လာဖြစ်အောင် လာခဲ့နော်”

“ဟုတ်ကဲ့ ကျွန်တော် အလုပ်သွားလုပ်လိုက်အုံးမယ်”

“အေး ဟုတ်ပြီ”

“မော့်” တို့ အိမ်ပြန်ရောက်တော့ ည တစ်နာရီပင် ထိုးနေ ပြီ စားကြသောက်ကြနှင့် တော်တော်လေး ပျော်ခဲ့ကြသည်။

* * *



# (၁၀)

ဒီနေ့ သူမ အလုပ်မှ စောစောပြန်ခဲ့သည်။ ကားရပ်ပြီး ကားသော့ဖြုတ်ကာ Lock ချနေတုန်း . . .

“ကိုယ် အိမ်ပေါ် လိုက်ခဲ့လို့ရမလား နက်နက်”

“ရှင်”

“ ကိုယ် ရာဇဝင်ပါ”

“ဆရာ”

“ကိုယ့်ကို ဆရာ,မခေါ်ဖို့ ပြောထားပြီလေ”

“ဆရာက ဆရာပဲ”

“ကိုယ် လက်ထပ်မယ့် မိန်းကလေးက ကိုယ့်ကို ဆရာ လို့ ခေါ်တာ မကြိုက်ဖူးကွ”

သူမ ရှက်သွားသည်။ တကယ်ပါ ဒီလိုပေါ် ထင်ပြီး တစ်ခါမှ ရည်းစားစကား အပြောမခံရဖူးပါ။ သူမ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းပေါ်ကို တက်ခဲ့သည်။ "ရာဇဝင်" က လည်း နောက်မှ လိုက်လာခဲ့သည်။ "ဂန္ထဝင်" နှင့်အတူမဆုံချင်ဟု ဆိုကာ စောစော ပြန်သွားသော "ရိပ်ရိပ်" ကို စိတ်တိုချင်လာသည်။ တိုက်ခန်းတံခါးရှေ့ရောက်တော့ "ရိပ်ရိပ်" က အထဲမှ lock ချထားသည်။ ထို့ကြောင့် "နက်နက်" က သူမမှာရှိတဲ့ သော့ဖြင့်ဖွင့်ကာဝင်လိုက်သည်။ "ရာဇဝင်" ကလည်း အခန်းထဲသို့ လိုက်ဝင်လာသည်။ သူမက စိတ်ညစ်ညစ်ဖြင့် . . . .

"ဘယ်လို ဧည့်သည်လည်း မသိဘူးနော်၊ အတင်းလိုက်လာတယ်"

"ရာဇဝင်"က အလွန်ကြည့်ကောင်းသော အပြုံးကို ပြုံးပြီး . . .

"နက်နက်ရဲ့ လက်ရာ ကော်ဖီသောက်ချင်လို့ လိုက်လာတာ"

"ဟင်း ကဲ ဒါဆို ခဏထိုင်နော်"

"နက်နက်" အိမ်နောက်ဖေးဘက်ဝင်သွားတော့ သရက်သီးသနပ်ပုလင်းတွေကိုလုံအောင်ပိတ်နေသော "ရိပ်ရိပ်" က

"ပြန်လာပြီလား နက်နက် ဧည့်သည်ပါလာတယ်ထင်တယ် စကားပြောသံကြားလိုက်တယ်"

"အင်း ဟုတ်တယ် ဆရာ ရာဇဝင်ပါလာတယ်၊ နင့်နဲ့အတူကော်ဖီသောက်ချင်လို့တဲ့ ဖျော်ပြီး သွားတိုက်လိုက်အုံး"

"တကယ် ဒါဆိုဖျော်လိုက်မယ်"

"ဖျော်လိုက် ငါရေချိုးတော့မယ်"

သူမ ရေချိုးခန်းထဲဝင်ပြီး ရေချိုးပြီးကာ ပြန်ထွက်လာ



တော့ ထမင်းစားပွဲခုံမှာ မျက်နှာစူပုတ်ပုတ်နှင့် ထိုင်နေသော "ရိပ်ရိပ်" ကို တွေ့ရသည်။

"ရိပ်ရိပ် ဆရာပြန်သွားပြီလား"

"ပြန်သွားပြီ မိန်းမ ငါ့ကို အရှက်ကွဲအောင်လုပ်တယ်"

"ရိပ်ရိပ်" က ပြောလည်းပြော သူမကို ကလိလိုက်ထိုးတာမို့ အိမ်ခန်းထဲဝင်ပြေးရင်း . . . .

"ဘာလို့လဲ ဘာဖြစ်လို့လဲ ပြောပါအုံး ဟီး ဟီး"

"ငပေါမ ငါက နင်ပြောတာကို အဟုတ်ထင်ပြီး ငါကလည်း ဟယ် တော်တော့်ကို တုံးတယ် ဆရာကဒီလောက် နင့်ကို စိတ်ဝင်စားနေတာသိလို့သားနဲ့ ငါက ကော်ဖီကို စပယ်ရှယ်ဖျော်ပြီးသွားတာပေါ့၊ ဆရာလို့ ငါခေါ်တော့ ရင်ရိပ်နွယ် မှလားတဲ့ ငါကလည်း ဟုတ်တယ်ပေါ့ ဆရာက ထူးထူးဆန်းဆန်း ရိပ်ရိပ်နဲ့ကော်ဖီအတူ သောက်ချင်တယ်ဆိုတော့ သူရယ်လိုက်တာဟယ် ငါကဘာများငါ့စကားအမှားပါသွားလဲလို့ နောက်မှ သူက နက်နက် ချောက်တွန်းတာခံလိုက်ရပြီထင်တယ်တဲ့၊ ကျွန်တော်က သူဖျော်တဲ့ ကော်ဖီသူနဲ့အတူ သောက်ချင်တယ်လို့ ပြောလိုက်တာတဲ့၊ သေချင်းဆိုးမ ငါ့မှာရှက်လိုက်တာလွန်ရော သူက ကော်ဖီတောင် မသောက်ဖူး ပြန်သွားတယ်"

"ဟီး ဟီး ဟီး ဟီး"

"အေးပါ ရယ်နေ နောက်မှတွေ့မယ် ဟဲ့ နင် ဆရာ့ကို စိတ်မဝင်စားဘူးလား"

"လာမမေးနဲ့ဟေ့"

"ဒါဆို မော့်အကြောင်း ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ အဲဒီ ရေခဲမုန့်အကြောင်းကိုဆိုပိုမကြား ချင်သေး"

"ဟဲ့ နက်နက် နင်မှတ်မိသေးလား ကိုးတန်းစာမေးပွဲဖြေ တာနီးတုန်းကလေ နင် ကျောင်းသန့်ရှင်းရေးမိန်းမကြီးနဲ့ပြဿနာ ဖြစ်တာလေ"

"နက်နက်" က အိမ်မှာ နေရင်း ချည်ထည်ဂါဝန် အစိမ်း နုလေးဝတ်ကာ သနပ်ခါးပါးကွက်ကြားလေးလိမ်းပြီး သနပ်ခါး ခြောက်အောင် ယပ်ခပ်နေလိုက်သည်။

"အေး ဟုတ်တယ်နော် ပြောရင်းနဲ့ ဇာဇာကိုတောင် သတိရလာပြီ"

"အရင်က သူငယ်ချင်းတွေနဲ့ ပြန်ဆုံချင်တယ်ကွာ"

"ကဲ ထမင်းစားကြမယ် ညမှ ဇာဇာဆီကို e-mail ပို့ရ မယ်။"

"အေး ဆရာ့အကြောင်း အဲ ကိုရာဇဝင် အကြောင်းကို လည်းထည့်ပို့ရမယ်"

"ပို့ပေါ့"

* * *





www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

“ရိပ်ရိပ်” နှင့် “နက်နက်” တို့နှစ်ယောက်အပြင်တွင် နေ့လည်စာစားပြီး ရုံးခန်းသို့ အဝင်ဝန်ထမ်းတစ်ယောက်က . .

“မနက်နဲ့မရိပ်တို့ M.D က သူ့အခန်းထဲခဏလာခဲ့ပါတဲ့”

“ဟုတ်ပြီ သွားလိုက်ပါ့မယ်”

သူမတို့နှစ်ယောက် “ဘိုး” ရဲ့ ရုံးခန်းထဲရောက်တော့ “ဂန္ထဝင်” ကိုလည်း တွေ့ရသည်။

“လာ နက်နဲ့ရိပ် ထိုင်”

“ဘိုး ဘာကိစ္စလဲ”

“ဘိုး မနေ့ကလုပ်ခိုင်းထားတဲ့ အကောင်းဆုံးနဲ့ အဆန်းသစ်ဆုံး ဒီဇိုင်းဆယ်မျိုးဆွဲခိုင်းထားတာပြီးပြီလား”

“ [illegible] ပြီးပြ

“ဟုတ်တယ် ဘိုးရဲ့ နက်နက် တစ်ခု ရိပ်ရိပ် တစ်ခု ဆွဲထားတာ ဘာဖြစ်လို့လဲ”



“နောက်ဆွဲမယ့် ဒီဇိုင်းရှစ်ခုဆွဲရင် ဂန္ထဝင်ကိုလည်း ခေါ်ပြီး သင်ပြပေးလိုက်ပါ သူက သိပ်မကျွမ်းကျင်တော့ နက်နက်တို့ဆီက ပညာနည်းနည်း သင်ပေးလိုက်ပါ”

“ဟုတ်ကဲ့ပါ ဘိုး ဒါဆို ရိပ်ရိပ်တို့ သွားလိုက်ပါအုံးမယ်”

“အေး ဟုတ်ပြီ”

“ဒါဆို ဂန္ထဝင် ညနေ ဒီဇိုင်းဆွဲမယ် ရုံးစောစောမဆင်းနဲ့နော်”

“ကောင်းပါပြီ M.D ဒါဆို ဝင် လည်း အလုပ်သွားလုပ်လိုက်အုံးမယ်”

“အေး ကောင်းပြီ သွား သွား”

“နက်နက်”နှင့် “ရိပ်ရိပ်” ကတော့ လမ်းတွင် ပွစိ ပွစိဖြင့်

“နက်နက်ရယ် ငါတော့ သူနဲ့အလုပ်တွဲမလုပ်ချင်ပါဘူး သူရှိရင် ငါ့ခေါင်းထဲက ဒီဇိုင်းလှလှလေးတွေ မထွက်တော့ပဲ သရဲ သဘက်ပုံကြီးတွေပဲ ထွက်လာမယ်ထင်တယ် ဟာ”

“ဒါဆို ဒီလိုလုပ်လေ ရိပ်ရိပ် နင် ရုံးစောစော ဆင်းလိုက် အိမ်မှာ ထမင်းဟင်းကောင်းကောင်းလေးသာ ချက်ထား ဒီဇိုင်းတွေကို ငါနဲ့ဂန္ထဝင်နဲ့ပဲ ကြည့်ပြီး ဆွဲလိုက်မယ် ငါကတော့ သိပ်အရေးမကြီးဘူး သူ့ကိုလည်း နည်းနည်းပညာပေးရမယ်”

“အဲဒါဆို ငါ ဒီနေ့ စောစောပြန်လိုက်မယ်နော်”

“Ok”

“ရိပ်ရိပ်” က ရုံးမှ စောစောပြန်သွားသည်။ “နက်နက်” နှင့် “ဂန္ထဝင်” ဒီဇိုင်းတွေကို “နက်နက်” ရဲ့ ရုံးခန်းမှာပဲ ဆွဲနေပြီ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ် . . "တီ တီ တီ"

"ဟယ်လို နံ့နက်ခင်းပါ"

"နက်နက် ကိုယ် ရာဇဝင်ပါ"

"ဩော်"

"ဒီနေ့ ညနေစာ အတူတူစားမလို့ ကိုယ်လာခေါ်ရင် ရမလား"

"အာ မရဘူး မရဘူး နက်နက်မှာ အလုပ်အရမ်းများနေတယ်"

"ကိုယ် နက်နက်ကို တစ်ခုလောက်မေးချင်တယ်"

"ဘာများလဲ"

"ကိုယ် နက်နက်ကို လက်ထပ်ချင်တယ် နက်နက်ရဲ့ သဘောကရော"

"ဒီမှာ ကိုရာဇဝင် နက်နက် ရှင်းရှင်းပဲ ပြောလိုက်မယ် နက်နက်မှာ သဘောကျတဲ့လူရှိပြီးသား ကိုရာဇဝင်ကို နက်နက်နောက်မှ လူချင်းဆုံပေးပါ့မယ်"

"နက်နက်" ဖုန်းကို ပိတ်ပစ်လိုက်ကာ စားပွဲခုံပေါ်သို့ ခြေထောက်တင်ပြီး ကုလားထိုင်မှာ မှီချလိုက်သည်။ "ဂန္ထဝင်" က

"ကိုရာဇဝင် ဆိုတာ ဘယ်သူလဲဟင် နက်နက်"

"ငါတို့ ကိုးတန်း တုန်းက အသစ်ပြောင်းလာတဲ့ ဆရာလေ"

"ဟယ် တကယ် ငါတွေ့ချင်လိုက်တာဟယ်"

"နေစမ်းပါဦး နင်က ဘာကိစ္စတွေ့ချင်ရတာလဲ"



"ကိုယ့်ဆရာပဲဟာ တွေ့ချင်တာပေါ့ ဒါနဲ့ နင်ကရော ဆရာ့ကိုဘာလို့ ကိုရာဇဝင်လို့ ခေါ်ရတာလဲ"

"သူကိုယ်တိုင်က ဆရာလို့မခေါ်နဲ့လို့ ပြောထားတာ"

သူမတို့ စကားပြောနေစဉ် အခန်းဝမှ . .

"နက်"

သူမ လှမ်းကြည့်လိုက်တော့ . . .

"ဟာ မှော်လေး"

သူမ ခုံပေါ်မှ ကျွမ်းထိုးပြီး ဆင်းလိုက်ကာ . . .

"မှော်လေးလာ ဟိုဘက်အခန်းသွားရအောင်"

သူမတို့ တဘက်အခန်းရောက်တော့ . .

"ကဲ ပြော မှော်လေး ဘာကိစ္စရှိလို့လဲ"

"နက်ကို ကျွန်တော် တောင်းပန်ချင်လို့"

"ဒါဆို အကျိုးအကြောင်းကို ပြောပြလေ"

"ဒီလိုပါ . . ."

"မှော်စင်" က ['ူ]ရဲ့အဖေနှင့်အကြွေးတွေအကြောင်းကို အစအဆုံးပြောပြပါသည်။

"ဒါဆို မှော်လေး အကြွေးက ဘယ်လောက်လဲ"

"သိန်းခြောက်ဆယ်ပါ"

"ဘယ်လို သိန်းခြောက်ဆယ်တောင်"

"ဟုတ်ကဲ့ နက်ဘာမှစိတ်မပူနဲ့တော့နော် ကျွန်တော် [ ]လုံးအဆင်ပြေသွားပြီ နက် ကျွန်တော့် အကြွေးတွေ[ ]ည်း ဆပ်ပေးဖို့ မကြံနဲ့ ကျွန်တော့်ကိစ္စကို ကျွန်တော်ရှင်း[ ]တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ကဲ ဒါဆိုရင် ပြန်တော့နော် နက်အလုပ်ရှိသေးလို့"

"ဟုတ်ကဲ့"

"မျှော်လေး" ပြန်သွားတော့ သူမ ကုလားထိုင်မှာ ထိုင်ကာ စဉ်းစားကြည့်သည်။ အင်း သူမ ဘဏ်စုငွေကတော့ ဘယ်လောက်ရှိမလဲမသိဘူး။ "ရိပ်ရိပ်" မှာရော "ရိပ်ရိပ်"နဲ့ သူမပေါင်းရင်တော့ ပိုက်ဆံက ပြည့်နိုင်မယ်ထင်တာပဲ။

"အခုနက ကလေးက နက်နက်ရဲ့ မောင်လေးလားဟင်"

"မောင် အရင်းတော့ မဟုတ်ပါဘူး ဒါပေမယ့် မောင်အရင်းလေးလိုပါပဲ"

"ဂန္ထဝင်" က နားမလည်နိုင်သော စကားကို အမျိုးမျိုးပုံဖော်ကြည့်နေသည်။ ထိုစဉ် "ဂန္ထဝင်"၏ G.S.M ဖုန်းလေးမှ အသံမြည်လာသည်။

"တီ တီ တီ တီ"

"ဟယ်လို ဂန္ထဝင် ပြောနေပါတယ်ရှင်"

"မှော်လား ပြောလေ ဘာကိစ္စလည်း"

"နက်နက်" က "မှော်" ဆိုသော အသံကြား၍ စိတ်ဝင်စားသွားသည်။ "ဂန္ထဝင်" နားသို့ မသိမသာ ကပ်ရင်း နားထောင်မိသည်။ တဖက်ကအသံကိုတော့ မကြားရ။

"ငါ မအားဘူး မှော်ရဲ့ ဒီမှာ အလုပ်လုပ်နေတယ် ဘယ်လိုမှ ထွက်လို့ရမှာမဟုတ်ဘူး"

"မဟုတ်ပါဘူး ငါတကယ်မအားလို့ပါ နင်တစ်ယောက်ထဲပဲ သွားစားလိုက်တော့နော်"



"ဂန္ထဝင်" ဖုန်းချလိုက်သည်။ "နက်နက်" က

"မှော်ခေါ်နေရင်လည်း သွားလိုက်ပါလား ညနေစာအတူစားဖို့ခေါ်တာထင်တယ်။ ဒါနဲ့ မှော်နဲ့လမ်းခွဲလိုက်ပြီလားဟင်"

"ဂန္ထဝင်"က မဖြေပဲ အလုပ်ကိုသာ ဆက်လုပ်နေသည်။ မဖြေချင်နေပေါ့ မမေးတော့ပါဘူး။

"မှော်" သည် "ဂန္ထဝင်" ထံသို့ ဖုန်းဆက်လိုက်သော်လည်း "ဂန္ထဝင်" က ညနေစာအတူစားဖို့ကို လှလှပပ ငြင်းဆိုခဲ့သည်။ သူမ အလုပ်များနေသည်တဲ့။ ဒါဆိုအခုချိန်ထိ ရုံးမှာပဲ ရှိနေအုံးမှာပေါ့ စားစရာတွေကို ဘူးလေးတွေနှင့် ဝယ်ကာ သူမတို့ ရုံးသို့ထွက်လာခဲ့လိုက်သည်။ သူမတို့ ရုံးရှေ့ရောက်တော့ "ရာဇဝင်" ၏ ကားနားတွင် "ရာဇဝင်" နှင့် ဟိုနေ့က "မျှော်စင်" ဆိုသည့် ကောင်လေးရပ်၍ စကားပြောနေတာတွေ့ရသည်။ "ရာဇဝင်" က စပြီး . . .

"မှော် မင်းရဲ့အလုပ်က ဒီGlobal မှာလား Sky world မှာလား မင်းကို ဒီမှာပဲ အမြဲတွေ့ရတယ်နော်"

"အဲဒါ ကျွန်တော့်ကိစ္စပါ ကိုရာဇဝင်နဲ့ ဘာမှမဆိုင်ပါဘူး"

"မှော်" ကပြောပြီးပြီးချင်း ထွက်သွားသည်။ "မျှော်စင်" က "ရာဇဝင်" ကို

"အဲဒါ ဘယ်သူလဲဟင် အစ်ကို"

"အစ်ကိုတို့ ကုမ္ပဏီက ဝန်ထမ်း ကဲ မင်းကို အစ်ကိုတို့ တူညီတဲ့ကိစ္စကို ဘယ်သူ့ကိုမှ မပြောနဲ့နော် မနက်ဖြန်တွေ့ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို က ကျွန်တော်တို့ နက်ကို သဘောကျနေတာလား"

"သိပ်သိသာနေလား"

"လွန် လွန်းလို့ပါ"

" ဟား ဟား ဟား"

သူတို့နှစ်ယောက် ရယ်မောရင်း ထွက်လာခဲ့ကြတော့သည်။

"မှော်" မှာလည်း ကုမ္ပဏီထဲသို့ ဝင်ခဲ့ပြီး "ဂန္ထဝင်" ရှိနိုင်မယ့် အခန်းတွေကို လိုက်ရှာမိသည်။ ဟော တွေ့ပါပြီ "ဂန္ထဝင်" တစ်ယောက်ထဲ ခဲတံလေးနှင့် ဒီဇိုင်းဆွဲနေသည်။ သူ လှမ်းခေါ်မလို့အလုပ်မှာ . . .

"ဝုန်း"

"တွေ့ပြီ"

အော်သံနှင့်အတူ "ဂန္ထဝင်" ရဲ့ ဟိုဘက်ဘေးမှ "နံနက်ခင်း"က ဘောပန်ကို ကိုင်ပြီး "ဝုန်း" ကနဲ ငုံ့နေရာမှ ထရပ်လိုက်သည်။ သူ့ကိုလည်း မြင်သွားပြီး အံ့သြကာ . . .

"ရေခဲမုန့်"

"ဂန္ထဝင်" ကလည်း လှည့်ကြည့်လာပါသည်။ "ဂန္ထဝင်" ကို သူကအမြန်ရယ်ပြကာ စကားပြောမည်အလုပ် "နံနက်ခင်း" က ထလာပြီး . . . .

"အင်း ငါလည်း သန့်စင်ခန်းသွားပြီး ရှောင်ပေးရမယ်ထင်တယ်"

ဟု ပြောပြီး သူ့ကိုတမင်ပဲ ဝင်တိုက်သွားပါသည်။



"နက်နက်" အခန်းအပြင်ဘက်ကိုထွက်ပြီး သူတို့ပြောကြမယ့် စကားတွေကို စိတ်ဝင်စားတာကြောင့် သန့်စင်ခန်းမသွားတော့ပဲ အပေါက်ဝထောင့်နားလေးကို ကပ်ကာ ချောင်းနားထောင်နေလိုက်သည်။ "ရေခဲမုန့်"က

"ဝင် ရော့ နင်ဗိုက်ဆာနေမှာစိုးလို့ ငါဝယ်လာတာ"

"ဂန္ထဝင်" က "ရေခဲမုန့်" ပေးသော ဘူးလေးတွေထည့်ထားသော အိတ်ကလေးကို လှမ်းယူရင်း . . .

"ကျေးဇူးတင်ပါတယ် ဟော့"

"ရပါတယ် ငါသွားတော့မယ်နော် နင်အလုပ်များနေရင် ဗိုက်ဆာမှာစိုးလို့"

"ရေခဲမုန့်" က ပြောပြီး ထွက်လာဖို့လုပ်တာမှ သူ့အကွယ်မှာ အမြန်ပုန်းလိုက်သည်။

"မှော်"

"ဂန္ထဝင်" က လှမ်းခေါ်သည်။ "မှော်" က ပြန်လှည့်ကာ

"ဘာလဲ ဝင် ပြောလေ"

"နက်နက်" ကလည်း စိတ်ဝင်စားတာမို့ ပြန်နားထောင်နေလိုက်သည်။ "ဂန္ထဝင်" က . .

"ငါလေ . . . ငါ"

မျက်ရည်လေးဝေ့ဝေ့ဖြင့် စကားမဆက်နိုင်ပဲ ထစ်နေသည်။ "နက်နက်" က အပြင်မှနေပြီ တစ်ယောက်ထဲ . .

"တောက် ပြောမှာဖြင့် ပြောတာ မဟုတ်ဘူး အနေထဲထစ်နေရသေးတယ် ဒီမှာ အရမ်းစိတ်ဝင်စားနေတာနော်"

ရေရွတ်နေမိသည်။

www.burmeseclassic.com



"ပြောလေ ဝင် ဘာဖြစ်လို့လဲ"

"ငါ . . . နောက်လကြရင် လက်ထပ်တော့မယ်"

"ဘာ"

"နက်နက်" လည်း ပုန်းနေရာမှ ထွက်လိုက်သည်။ "မှော်" က . . .

"ဘယ်သူနဲ့လဲ ဝင် ပြောလေ"

"နောက်တော့ သိမှာပါ မှော်ရယ် အခုပြောလို့ မဖြစ်သေးဘူး"

"မှော်" ခေါင်းငိုက်စိုက်ကျကာ ထွက်လာခဲ့တော့သည်။ "မှော်" ထွက်သွားတော့မှ "နက်နက်" က အခန်းထဲသို့ ဝင်လာကာ . . .

"ဂန္ထဝင် နင်ဘယ်သူနဲ့လက်ထပ်မှာလဲဟင် ငါ့ကို ပြောပြပါလား"

"နောက်တော့ သိမှာပါ နက်နက်ရယ်"

"နက်နက်" အိမ်ပြန်ရောက်တော့ "ရိပ်ရိပ်" ကို ပြောပြလိုက်သည်။ "ရိပ်ရိပ်" က အံ့သြကာ . . .

"သူနဲ့မင်္ဂလာဆောင်မှာ ဘယ်သူလဲမသိဘူးနော် နက်နက် ငါသိချင်လိုက်တာဟယ် ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါ တော့ပျော်တယ်ဟာ သူမင်္ဂလာဆောင်မှ ငါမျှော်လင့်လို့ရမှာ မဟုတ်လား အဟိ"

"ကဲ အဲ့ဒီကိစ္စထားအုံး မျှော်လေး ညနေက ငါ့ဆီလာသွားတယ်"

"ဟုတ်လား နက်နက် ဘာပြောသွားသေးလဲ"



"နက်နက်" က "မျှော်စင်" ပြောသွားသော အကြောင်းအရာတွေကို ပြောပြလိုက်သည်။

"သိန်းခြောက်ဆယ်ကြီးတောင်ဆိုတော့ မျှော်လေး ဘယ်လိုဆပ်မလဲ"

"ငါစဉ်းစားထားတာရှိတယ်၊ ငါ့ရဲ့ဘဏ်အပ်ငွေရယ် နင့်ရဲ့ဘဏ်အပ်ငွေရယ် ပေါင်းလိုက်ရင် ဘယ်လောက်ရှိမလဲ အဲဒါပေါင်းပြီး ဆပ်လိုက်ရအောင်"

"အေး ဟုတ်တယ် ငါတို့နှစ်ယောက်ပေါင်း သိန်းခြောက်ဆယ်ပြည့်ပါ့မလားဟ"

"မပြည့်လည်း ရှိတာဆပ်ထားမယ်ပေါ့၊ ကျန်တာကို နောက်မှ တဖြည်းဖြည်းဆပ်တာပေါ့"

"အေး ဒါဆို အဲ့ဒီပိုက်ဆံကို ဘယ်သူ့ဆီမှာ သွားဆပ်ရမှာလဲ"

"Youth စားသောက်ဆိုင်ပိုင်ရှင်ဆီမှာပေါ့ ကဲ ဘဏ်စာအုပ်ယူလိုက် ပေါင်းကြည့်ရအောင်"

သူမတို့နှစ်ယောက်ပေါင်းကြည့်လိုက်တော့မှ နှစ်ယောက်ပေါင်းမှ လေးဆယ့်ငါးသိန်းပဲရှိသည်။

"လောလောဆယ်တော့ ဒါကိုပဲ ဆပ်ထားတာပေါ့ နောက်မှ ကျန်တာကို ဆပ်မယ် နဲနဲတော့ တောင်းပန်ရမှာပေါ့"

"ဘယ်တော့သွားဆပ်မှာလည်း"

"မနက်ဖြန် ညနေသွားဆပ်မယ် နင်လိုက်ခဲ့မှာလား"

"လိုက်ခဲ့မှာပေါ့ နင့်တစ်ယောက်ထဲ အဲဒီသားရဲတွင်းထဲ လွှတ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ရိပ်ရိပ် နင့်မျက်နှာတွေရဲနေပါလား နေမကောင်းဘူးလား"

"ညနေက ငါခေါင်းလျှော်တာနဲ့ ကြာသွားတယ်ဟ အဲဒါကြောင့် ထင်တယ် ခေါင်းတွေကိုက်နေတယ်"

"ကဲ ဒါဆို ထမင်းစားပြီး ဆေးသောက်လိုက်လေ ဒါမှမဟုတ် ထမင်းမစားနဲ့ ကော်ဖီနဲ့မုန့်စားလိုက်ပြီးရင် ဆေးသောက်လိုက်ပေါ့နော်"

"အင်းပါ နင်လည်း ရေချိုးတော့ အကြာကြီးလည်း မချိုးနဲ့အုံးနော်"

"Yes Kitty"

"[illegible]နက်"က "ရိပ်ရိပ်" ကို ပါးလေး လိမ်ဆွဲခဲ့ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့တော့သည်။

* * *



(၁၂)

"မှော်" စိတ်ညစ်ညစ်ဖြင့် "ရှမ်းကန်" သို့ သွားကာ အရက်တစ်ဝကြီးသောက်ပစ်လိုက်သည်။ အရမ်းမူးပြီး အိမ်သို့ ဘယ်လိုပြန် ရောက်ခဲ့သည်မသိ။

"မှော် ဘာလို့ဒီလောက်သောက်လာရတာလဲ ယောကျ်ားရယ်"

"ငါဘယ်သိမလဲကွ မင်းမောင်က အလုပ်လုပ်တယ်သာ ပြောတာ အလုပ်မှာအချိန်ပြည့်ရှိတာမဟုတ်ဖူး။ အပြင်ထွက်လည်လိုက် အလုပ်ကိုလာချင်တဲ့အချိန်မှာ လာလိုက်နဲ့လုပ်နေတာ"

"အိုတော် သူ့မှာဘာစိတ်ညစ်စရာတွေရှိလို့လဲမှမသိတာ"

"ဘာရှိမှာလဲကွ ဒီလောက် ပညာတတ် [illegible]

www.burmeseclassic.com



အသင့်အတင့်ရှိတဲ့ လူမှာ ဘယ်က စိတ်ညစ်စရာရှိမှာလဲကွ"

"မင်းကွာ စပ်စပ်စုစု"

ဒီလိုနှင့် သူမတို့ လင်မယားနှစ်ယောက် ရန်ဖြစ်ရင်း အိပ်ယာဝင်ခဲ့တော့သည်။ မနက်မိုးလင်းတော့ စားစရာသောက်စရာများ စီစဉ်ပြီး "မော်" အခန်းတံခါးကို ဖွင့်လိုက်တော့ . . .

"ဟင် မော် ဘယ်ရောက်သွားပါလိမ့်"

သူမယောက်ျားဆီသို့ အပြေးသွားပြီး . . .

"ယောက်ျားရေ ယောက်ျား"

"ဘာလဲကွ ဒီမှာ ရုံးသွားဖို့ အင်္ကျီဝတ်နေတယ်"

"မော်မရှိတော့ဘူး ဘယ်ထွက်သွားလည်း မသိဘူး"

"အချိန်တန်ရင် ပြန်လာမှာပါကွာ စိတ်မပူပါနဲ့"

"ရုံးသွားတာလည်း မဖြစ်နိုင်ဘူး ဘာလို့လဲဆိုတော့ ရုံးသွားရင် ကျွန်မကို ပြောသွားနေကျ"

"ဒီတစ်ခါ မေ့သွားလို့နေမှာပေါ့ မိန်းမရာ ကဲ ငါလည်း သွားပြီ"

"ကိုယ့်အစ်မကို မေ့စရာလားတော် မဖြစ်ပါဘူး ဒီအလုပ်ကို မော်မလုပ်ချင်ဘူးဆိုရင် သားရွှေစင် ဆီကိုပို့မှပဲ"

"ပို့မှ ပိုဆိုးမှာပေါ့ကွ သားစင်ကလဲ မော်ကို အလွန်ချစ် နှစ်ယောက်ပေါင်းမှ ပိုဆိုးမှာ"

"ဒါလည်း ဟုတ်တာပဲ ကဲ ကဲ ရှင်လည်းသွားတော့ နောက်ကျနေပြီ ရုံးရောက်လို့ ရုံးမှာ မော်ရှိရင် ကျွန်မဆီကို ဖုန်းဆက်အုံးနော်"

"အေးပါ သွားပြီ"



သူရုံးရောက်တော့ "မော်" ရဲ့ စားပွဲခုံပေါ်မှာ ခြေရာသတ် မပြတ်ပေ။ "မော်" မရောက်သေးဘူးထင်သည်။ သူက ရုံးဝန်ထမ်းတစ်ယောက်ကို . .

"ကိုမိုးမြင့် ရှေ့နေမော်ကို M.D မေးသေးလား"

"မေးတယ် ကိုသတ္တိ သူမေးနေတုန်းမှာပဲ ကိုမော်ရောက်လာလို့ အထဲကိုဝင်သွားလေရဲ့"

"တော်ပါသေးရဲ့"

သူ သက်ပြင်းချရင်း သူ့မိန်းမဆီ ဖုန်းဆက်ပြောလိုက်သည်။

"ရော့ ကိုရာဇဝင် ဒီမှာ စာရွက်စာတမ်းတွေ အားလုံးပြီးပြီ"

"ဟာ မြန်လှချည်လား"

"ပိုင်ဆိုင်တာဆိုလို့ ဒီဦးနှောက်တစ်လုံးပဲရှိတယ်"

"ဟုတ်ပါပြီ ဒါဆိုရင် ဒီစာရွက်တွေကို ဟိုဘက်ကုမ္ပဏီကို ပို့လိုက်တော့မယ်"

"ဟာ ပျင်းလှချေလား ဟန်ဆောင်ပန်ဆောင်လေး တောင်မစစ်တော့ဘူးလား"

"မင်းကို ကိုယ်ယုံကြည်ပြီးသားပါကွာ"

"မော်" M.D ရဲ့ အခန်းထဲမှ ထွက်လာပြီး ကိုယ့်စားပွဲတွင် ဝင်ထိုင်နေစဉ် G.S.M ဖုန်းလေးက အသံမြည်လာသည်။

"တီ တီ တီ တီ"

"ဟယ်လို မော်ပါ"

"မော် မကြီးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် မကြီး ပြော ဘာကိစ္စလဲ"

"မော် နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

"အခု အလုပ်အားနေလား"

"အားနေတယ် အိမ်ပြန်မလို့တောင်စဉ်းစားနေတာ"

"ဒါဆို ဒီနေ့ ညနေ ငါးနာရီလောက် ဆရာကြီးဆီကိုလာခဲ့ ဆရာကြီးက ရုံးခန်းထဲမှာ စောင့်နေမယ်တဲ့ နင့်ကိုတွေ့ချင်လို့တဲ့"

"အင်း လာခဲ့မယ်လေ အဲ့ဒါနဲ့ အခုအားတာနဲ့ ဘာဆိုင်လဲ"

"အခုအားရင် ဆရာကြီးကို ပေးဖို့ လက်ဆောင်ဝယ်ထားလိုက်ပေါ့"

"အင်း အင်း သိပါပြီ ဒါဆို ပိတ်လိုက်မယ်နော်"

"အေးပါ"

သူ အပြင်ထွက်၍ Super one ကုန်တိုက်သို့ ထွက်လာခဲ့သည်။ ဆရာကြီးအတွက် မုန့်ဗုံးတွေဝယ်ပြီး "သိဒ္ဓိ" ဆီကို ဝင်ခဲ့သည်။

"သိဒ္ဓိ" အိမ်ရောက်တော့ စာရွက်စာတမ်းတစ်ထပ်ကြီးနှင့် အလုပ်ရှုပ်နေသော "သိဒ္ဓိ" ကို တွေ့ရသည်။

"ဟိတ်ကောင် သိဒ္ဓိ"

"ဟာ ဟေ့ကောင်ကြီး လာ မတွေ့ရတာကြာပြီ"

"မင်းက ငါ့ဆီမှ မလာတာကိုးကွ"

"မင်း မြင်တဲ့အတိုင်းပဲကွာ ငါ့မှာ ဘယ်လိုမှ ထမရဘူး



ဖြစ်နေလို့ကွ ဒါတွေပြန်စစ်ပြီးရင်တော့ ပြီးပါပြီ"

"မပြီးလဲ ညနေ ငါးနာရီလောက်လိုက်ခဲ့ရမှာပဲကွ"

"လိုက်ခဲ့မယ်လေ ဒါနဲ့ ဘယ်ကိုလဲ"

"ဆရာကြီးဆီကိုလေ ဆရာကြီးက တွေ့ချင်လို့တဲ့ ဒီကို မင်းရောက်နေတာကိုတော့ ဆရာကြီးက မသိဘူးပေါ့ကွာ။ ဒါပေမယ့် မင်းလိုက်ခဲ့တော့ ပိုကောင်းတာပေါ့။ ဆရာကြီးကလည်း မင်းကို အရမ်းတွေ့ချင်မှာပါ"

'လိုက်ရတာပေါ့ကွာ"

ဆရာကြီးဆိုတာ တစ်ခြားလူမဟုတ်ပါဘူး မကြီးတို့ "Global" ကုမ္ပဏီရဲ့ M.D "ဦးအာကာထွန်း" ပဲ ဖြစ်ပါသည်။ သူနှင့် "သိဒ္ဓိ" တက္ကသိုလ်တက်တုန်းက ဒီဆရာကြီးက တက္ကသိုလ်ရဲ့ မော်ကွန်းထိန်းတစ်ယောက်ပေါ့။ သူတို့နှစ်ယောက်က ဆရာကြီးဆီမှာ အားတဲ့အချိန်ဆို အင်္ဂလိပ်စကားပြောသွားသင်ကြသည်။ ဆရာကြီးကလည်း သူတို့နှစ်ယောက်ကို အလွန်ချစ်သည်။ ဆရာကြီးက ပင်စင်ယူပြီး "Global" ကုမ္ပဏီကို ထူထောင်လိုက်ပြီးမှ သူတို့နှင့်မတွေ့ဖြစ်ကြတော့ချေ။ ထို့ကြောင့် ညနေပိုင်းတွင် ဆရာကြီးဆီသို့ သူတို့နှစ်ယောက်သွားကြမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

"နက်နက်" နာရီ ကြည့်လိုက်တော့ ငါးနာရီထိုးတော့မည်။ "ရိပ်ရိပ်" ကလည်း နေမကောင်း၍ အိမ်မှာ တစ်ယောက်ထဲဆိုတော့ သူမအလုပ်မှ စောစောပြန်မည်ဟု စိတ်ကူးထားကာ ဒီဇိုင်းတွေ ဆွဲလိုက်တာ အလုပ်ထဲစျာန်ဝင်သွားလို့ အခုမှ နာရီကြည့်မိတယ်။ ငါးနာရီထိုးတော့မယ်။ ရုံးဝန်ထမ်းတွေလည်း သိပ်မရှိတော့ဘူး။ တစ်ယောက်နှစ်ယောက်ပဲ ရှိတော့တယ်။ သူမပြန်ဖို့အတွက် ပစ္စည်းသိမ်းနေစဉ် "မကြယ်စင်"က . .

"နက်နက် M.D ခေါ်နေတယ်။ သူ့ဆီလာခဲ့ပါအုံးတဲ့ နက်နက်ကို နှုတ်ဆက်ချင်လို့ထင်တယ်"

"ဪ ဟုတ်ကဲ့ မကြယ် နက်နက်သွားလိုက်မယ် တူမွှာကီပိတ်ရက်မှာ ပျော်ရွှင်ပါစေနော်"

"ကောင်းပါပြီ ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

"မကြယ်စင်" ထွက်သွားတော့မှ သူမ မနက်ကအစည်း အဝေးအကြောင်းကို စဉ်းစားမိသည်။ မနက်ကအစည်း အဝေး



မှာ "ဘိုး" က ပြောပြခဲ့သည်။ ဒီဇိုင်းအသစ်ဆွဲထားတာတွေကို စက်ရုံတွေကို ပို့လိုက်ပြီတဲ့ ပစ္စည်းတွေရလာခဲ့ရင် စက်ရုံတွေက နေ့တိုက်ရိုက် အရောင်းပြခန်းတွေကို ပို့လိုက်မယ်တဲ့။ ကုမ္ပဏီမှာ လုပ် စရာသိပ်မရှိတော့ဘူးတဲ့။ ဒါကြောင့်မို့ "ဘိုး" က ကုမ္ပဏီကို ပိတ်ပြီး သူ့ရဲ့အမျိုးတွေရှိရာ 'အင်္ဂလန်' ကို အလည်သွားမည်တဲ့။ သူပြန်လာမှ ကုမ္ပဏီကို ပြန်ဖွင့်မယ်တဲ့။ သူမရှိခင်အရောင်း ပြခန်းအတွက် ဒီဇိုင်းအသစ်တွေကို "အင်္ဂလန်" ကနေ လှမ်းပို့မည်။ သူမ စဉ်းစားရင်း "ဘိုး" အခန်းထဲဝင်ခဲ့မိသည်။

"လာ နက်နက် ထိုင်"

"ဘိုးက နိုင်ငံခြားသွားမှာဆိုတော့ ပျော်နေမှာပေါ့ နက်နက်တို့ကသာ သတိရကျန်ခဲ့မှာ"

"နက်နက်ရယ် မြေးကိုလည်း ဘိုးကသတိရနေမှာပါ ဒါနဲ့ ရိပ်ရိပ်လေးရော တော်တော်နေမကောင်းဖြစ်နေလား"

"အအေးမိသွားတာပါ ဘိုး သူလဲ ဘိုးသွားမယ်ကိစ္စကို သိရင် အရမ်းစိတ်မကောင်းဖြစ်မှာပဲ"

"ကဲ စိတ်မကောင်းစရာတွေကို မတွေးနဲ့ ဒါနဲ့ အခု တုမ္ပဏီပိတ်ထားတုန်းမှာ မြေးဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"တူရိယာသင်တန်း တက်မလားလို့ ဘိုးရဲ့ ကိုရီးယားမှ ရာဇဝင်ရှည်တီးတဲ့ပညာလေ အဲ့ဒါ တက်အောင်သင်မလားလို့"

"ကောင်းသားပဲ တက်အောင်သာသင် လိုအပ်ရင် ဘိုးဆီကိုလှမ်းမှာလိုက် ဘိုး ကူညီမယ် သိလား"

"ဟုတ်ကဲ့ ကျေးဇူးပါဘိုးရဲ့"

* * *

www.burmeseclassic.com



## (၁၄)

"မော့်" နှင့် "သိဒ္ဓိ" ကားပေါ်မှဆင်းပြီး "Global" ကုမ္ပဏီကြီးထဲသို့ ဝင်လာခဲ့သည်။ သန့်ရှင်းရေးအလုပ်သမားထံမှ M.D ရဲ့ ရုံးခန်းဘယ်နေရာမှာရှိသည်။ ထိုစုံစမ်းပြီး M.D ရဲ့ ရုံးခန်းရှေ့ကို ထွက်လာခဲ့ကြသည်။ ထိုစဉ် အခန်းတစ်ခုထဲမှ ထွက်လာသော "ဂန္ထဝင်" နှင့် ဆုံမိကြသည်။ "သိဒ္ဓိ" က . . .

"ဟင် . . . နင် . . . နင် ဂန္ထဝင်မဟုတ်လား"

"ဟုတ်ပါတယ် နင် သိဒ္ဓိ မဟုတ်လား"

"အေး နင် ဒီရုံးမှာလုပ်နေလား"

"ဟုတ်တယ် ငါက အလုပ်သင် ဒီဇိုင်နာပေါ့ ဒါနဲ့ ဘယ်တိုလာတာလဲ"

"နင်တို့ M.D ဆီကိုလေ အဲဒါ ငါတို့ရဲ့ဆရာကြီးပေါ့"

"ဪ M.D က ဒီကုမ္ပဏီမထောင်ခင် ဒဂုံတက္ကသိုလ်



မှာ မော်ကွန်းထိန်းလုပ်ခဲ့တယ်လို့တော့ ပြောသံကြားတယ်။ သွား . . . သွား . . ဟိုရှေ့က အခန်းပဲ"

"အေးဟာ ကျေးဇူးပဲ သွားမယ်"

"အေး နောက်မှဆုံတာပေါ့"

"ဟိတ်ကောင် မင်းကဘာလို့ နှုတ်မဆက်ရတာလဲ၊ မင်းတို့လမ်းခွဲလိုက်ပြီလား"

"မမေးနဲ့ကွာ လာဝင်မယ်"

ဆရာကြီးအခန်းထဲသို့ ဝင်လိုက်သည်။

"ဆရာကြီး ကျွန်တော်တို့ ရောက်ပါပြီ"

"ဟော လာ မော့် ဟာ မင်း သိဒ္ဓိလည်း ပါတာကိုး၊ ဘယ်တုန်းက ရောက်နေတာလဲကွ၊ ကောင်းတယ် ကောင်းတယ်၊ အခုလို ဆုံရတာ"

"ကျွန်တော် ရောက်နေတာတော့ ကြာပါပြီ ဆရာကြီး အလုပ်ကိစ္စနဲ့ လာတာဆိုတော့ အလုပ်တွေ မပြတ်သေးတာနဲ့ ဘယ်မှမထွက်ဖြစ်ဘူး။ အခု ဆရာကြီးဆီကိုတောင် ဒီကောင်ခေါ်တာနဲ့ လိုက်လာဖြစ်တာ"

"သိဒ္ဓိ" က ပြောရင်း "နက်နက်" ဘက်သို့ကြည့်ကာ

"ဟင် နင် နံနက်ခင်း မဟုတ်လား"

"ဟုတ်တယ် ငါဒီကုမ္ပဏီက ဒီဇိုင်နာလေ"

"ဒီဇိုင်နာ ဟုတ်လား"

"သိဒ္ဓိ" ကပြန်မေးတာမို့ သူမက

"ဘာဖြစ်လို့လဲ နင်ကမယုံရင် ဘိုးကိုမေးကြည့်[illegible]

လိုက်ပါအုံး နက်နက် ဘယ်လောက်တော်သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ နက်နက်နဲ့ ရိပ်ရိပ်က ဆရာကြီးတို့ ကုမ္ပဏီရဲ့အတော်ဆုံး ဒီဇိုင်နာနှစ်ယောက်ပဲ"

"ဒါဆို ရင်ရိပ်နွယ်ရော ဘယ်မှာလဲ"

"သိဒ္ဓိက သူမကို ကြည့်ရင်း မေးပြန်တာမို့

"နေမကောင်းလို့ ဒီနေ့ ရုံးမလာဘူး၊ ဒါနဲ့ နင်တို့ နှစ်ကောင်နဲ့ ဘိုးနဲ့က ဘယ်လို ပတ်သက်နေလဲ"

"ဒီလို နက်နက်ရဲ့ ဘိုးနဲ့ သူတို့နှစ်ယေက်နဲ့က . . . "

"ဘိုး" က သူတို့နှစ်ယောက်နှင့် ပတ်သက်ပုံကို ပြောပြတာမို့ သူမ နားရှင်းသွားကာ -

"သြော် ဒီလိုကိုး"

တစ်ချိန်လုံးငြိမ်နေသော "မှော်" က

"ဆရာကြီးကတော့ အရင်အတိုင်းပဲနော်"

"အောင်မာ နင်က ဘိုးကို ဒီလိုပြောရအောင် ဘိုးက အရင်အတိုင်း နုပျိုမနေလို့ နင့်လို အိုနာကျစေချင်လို့လား"

"မှော်" က သူမကို စောင်းကြည့်သည်။

"ကဲ ကဲ မှော်နဲ့ နက်နက်နဲ့ ကျောင်းတုန်းကတည်းက မတည့်တဲ့အကြောင်းကို ဂန္ဓဝင် ပြောပြလို့ သိပြီးပြီ ဒါနဲ့ ဂန္ဓဝင် နဲ့ရော မင်းတို့ နှစ်ယောက်တွေ့ပြီးပြီလား"

"ဟုတ်ကဲ့ တွေ့ပြီးပါပြီ ဆရာကြီး . . . ကျွန်တော်နဲ့ မှော်ကို ဆရာကြီး ဘာကိစ္စများ ပြောချင်လို့ ခေါ်တာလဲ မသိဘူး"

"အင်း . . . ဆရာကြီး နိုင်ငံခြားသွားတော့မလို့"

"ခင်ဗျာ ကြာမှာလား ဆရာကြီး"



"မှော်" က မေးသည်။ ထိုစဉ် အခန်းတံခါးပွင့်လာ၍ သန့်ရှင်းရေး မိန်းမကြီးက -

"မနံနက်ခင်းကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့ စောင့်နေတယ်"

"သြော် . . . ဟုတ်ကဲ့ လာခဲ့မယ်နော်"

သူမက သန့်ရှင်းရေး မိန်းမကြီးကိုပြောပြီး "ဘိုး" ဘက်သို့ လှည့်က -

"ဘိုး နက်နက် သွားတော့မယ် ဧည့်သည်ရောက်နေလို့"

"အေး မြေး သွားလေ"

"နက်နက်" က "မှော်" ကို စောင်းကြည့်ကာ နှာခေါင်းရှုံ့ပြ၍ "သိဒ္ဓိ" ကိုတော့ မချိုမချဉ်မျက်နှာဖြင့် ပြောင်စပ်စပ်လုပ်ပြကာ တာတာ့ပြ၍ ထွက်သွားတော့သည်။ ကုမ္ပဏီရှေ့ရောက်တော့ ကျောင်းဝတ်စုံလေးဖြင့် ရပ်နေသော "မျှော်စင်" ကို တွေ့ရသည်။

"ဟယ် မျှော်လေး ဘယ်ကလာတာလဲ"

"ကျောင်းကလာတာပေါ့ နက်ရဲ့ မနက်က ကျောင်းအသွားတုန်းကတော့ ရိပ်ကို ဝင်ပြခဲ့ပြီးပြီ နက်က ကျွန်တော့်ကို မတွေ့ရသေးလို့ လာပြတာ"

"ဒါဆို မျှော်လေး ကျောင်းပြန်တက်နေပြီပေါ့။ အလုပ်ကရော ပြီးတော့ အကြွေးတွေကရော ဘယ်လို"

"အားလုံး အဆင်ပြေသွားပါပြီ။ နက်ရဲ့ စိတ်မပူပါနဲ့ စားသောက်ဆိုင်က ပိုင်ရှင်က အထက်တန်းအောင်ပြီး အလုပ် လာဝင်တဲ့ အခု အနားပေးထားမယ်တဲ့ အထက်တန်းအောင်

www.burmeseclassic.com



လို့ အလုပ်လာဝင်ရင် ကျွန်တော့်ကို ရာထူးကြီးကြီးပေးမယ်တဲ့"

"ဟယ်ကောင်းလိုက်တာ ဒီလို သဘောကောင်းတဲ့ ဆိုင်ရှင်မျိုးလဲရှိတယ်နော်"

"တော်သေးတာပေါ့ နက်ရာ အစ်ကိုနဲ့ ခင်တဲ့ ဆိုင်ရှင် ဖြစ်လို့ပေါ့"

"ဘာ ဘယ်ကအစ်ကိုလဲ"

"အဲ ဟိုမဟုတ်ပါဘူး၊ ကျွန်တော် စကားမှားသွားလို့ပါ"

"မညာပါနဲ့ မျှော်လေးရယ် နက်ကို အမှန်အတိုင်း ပြော ဒီကိစ္စကို ရိပ် သိရင်လည်း စိတ်ပူမှာပဲ ကိုကိုတို့ တီတီတို့လည်း စိတ်ပူမှာပဲ အမှန်အတိုင်းပြော"

"အစ်ကိုဆိုတာ ကိုရာဇဝင်ကို ပြောတာပါ"

"ဟင် သူနဲ့ ဘယ်လိုပတ်သက်နေလဲ"

"သူက ကျွန်တော့်ကို ကူညီတယ် အကြွေးတွေကိုလည်း ဆပ်ပေးတယ် သူက အရမ်းသဘောကောင်းတယ် နက်ရဲ့ နက်ကိုလည်း သူက သဘောကျနေတာဗျ"

"ကဲ တော်တော့"

သူမတို့ပြောနေစဉ် "ဘိုး" ရယ်၊ "မော့်" နှင့် "သိဒ္ဓိ" ရယ် ကုမ္ပဏီထဲမှ ထွက်လာကြသည်။ သူမက . . .

"ပြန်တော့မလား ဘိုး"

"ဒါလား နက်နက်ရဲ့ ဧည့်သည်ဆိုတာ"

"ဟုတ်ကဲ့ ဘိုး ဒါ နက်နက်ရဲ့ မောင်လေး မျှော်စင်ပါ မျှော်လေး ဒါ နက် တို့ ကုမ္ပဏီက M.D လေ နှုတ်ဆက်လိုက်ပါဦး"



"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျား။ ကျွန်တော် မျှော်စင်ပါ"

"လိမ္မာလိုက်တဲ့ကလေး ဒါနဲ့ ဘယ်နှစ်တန်းရောက်ပြီ လဲကွ"

"ဆယ်တန်းရောက်ပါပြီ ဘိုးဘိုး"

"ဟုတ်ပြီ ဟုတ်ပြီ ကြိုးစားနော် နက်နက် ဘိုးတို့ ညနေစာ သွားစားမလို့ မြေးတို့နှစ်ယောက်လည်း လိုက်ခဲ့ပါလား"

ထိုစဉ် "မော့်" က -

"သူမှာ အလုပ်များနေရင်လည်း ကျွန်တော်တို့ဘာသာ သွားတာပေါ့ ဆရာကြီး"

"မော့်" က သူမကို မလိုက်စေချင်မှန်း သူမက သိသည်။ ထို့ကြောင့် -

"ရပါတယ် ဘိုး။ မျှော်လေးနဲ့ နက်နက် အခုပဲ ပြန်တော့ မှာ ဘိုးတို့ပဲ သွားလိုက်ပါ"

"ကဲ ဒါဆို ဘိုးတို့ သွားပြီ၊ မြေးလေး ဘိုးဘိုး သွားပြီနော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

"ဘိုး" က "မျှော်စင်" ကို နှုတ်ဆက်ပြီး "မော့်" နှင့်အတူ ထွက်သွားသည်။ "သိဒ္ဓိ" က သူမတို့နှင့် ရပ်ကျန်ခဲ့ကာ လက်ပြ ရင်း -

"ငါတို့ နောက်မှ အေးအေးဆေးဆေး ဆုံကြတာပေါ့"

သူမက -

"ကောင်းပြီ သိဒ္ဓိ"

သူမတို့ထံ "မော့်" က ပြန်လှည့်လာတာ "သိဒ္ဓိ" ထို့

www.burmeseclassic.com



ဆွဲခေါ်ရင်း

"ဘာ မင်းက နောက်မှ အေးအေးဆေးဆေး သူနဲ့ ဆုံချင်သေးတယ် ဟုတ်လား မင်း ဆယ်နှစ်လောက် လာဘ်ပိတ်ချင်လို့လား"

အကျယ်ကြီး အော်ပြောပြီး "သိန္ဒိ" ကို ဆွဲခေါ်သွားသည်။

သူမကတော့ မတော့မနပ်နှင့် ပွစိပွစိဖြစ်တာ "မှော်စင်" နှင့်အတူ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ "ရိုပ်ရိုပ်" က အိပ်နေသည်။ သူမက ရေချိုး ထမင်းစားနှင့် ည အိပ်ယာဝင်ခါနီးမှ "ရိုပ်ရိုပ်" က နိုးလာတာ

"ဟင် နတ်နတ် နင်ပြန်ရောက်ပြီလား ဘယ်နှနာရီတောင်ထိုးပြီလဲ"

"ဆယ်နာရီထိုးပြီ ညဆယ်နာရီ"

"တကယ် ငါ အိပ်ဆေးသောက်ပြီး အိပ်လိုက်တာ အိပ်ပျော်သွားတယ်"

သူမက "မှော်စင်" အကြောင်းတွေ ပြောပြလိုက်သည်။ "ရိုပ်ရိုပ်" က သေချာနားထောင်ရင်း -

"ဒါဆိုလည်း မနက်တျရင် သူတို့ ရုံးခန်းကို သွားပြီးစကြည့်လိုက်ပေါ့တ"

"အေး အဲ့ဒါပဲ ကောင်းတယ် အိပ်တော့မယ်ဟာ"

"နတ်နတ်" အိပ်ပျော်သွားတော့ "ရိုပ်ရိုပ်" တစ်ယောက် အိပ်မပျော်နိုင် ညနေက တစ်ဝကြီး အိပ်ထားတာမို့ ဘယ်လိုမှ ပြန်အိပ်၍မရတော့။ "နတ်နတ်" အကြောင်းတို စဉ်းစားမိသည်။



"နတ်နတ်" ဟာ အရမ်းကို သဘောကောင်းသောကောင်မလေးပါ သူမှာ ချစ်ရည်သူမရှိလို့လား။ "နတ်နတ်" ရဲ့ စသိစိတ်လေးထဲမှာ ကြိတ်ချစ်နေခဲ့တဲ့ ကောင်လေးတစ်ယောက် ကျောင်းတုန်းက အင်း တိတိကျကျ ပြောမယ်ဆိုရင် ဆယ်တန်းနှစ်တုန်းကပေါ့ရှိခဲ့တာပဲ။ "နတ်နတ်" ကိုယ်တိုင်သိခဲ့ပေမယ့် "ဇာဇာ" နဲ့ "ရိုပ်ရိုပ်" ကတော့ မှိုမိခဲ့ကြသည်။ "နတ်နတ်" စိတ်ဆိုးမှာဆိုးလို့သာ ဖွင့်မပေးခဲ့ကြတာ။ အဲဒီတုန်းကဆိုရင် "နတ်နတ်" ဟာ အဲဒီလူရှေ့မှာဆို ဘာမှမသိဘာမှမတတ်တဲ့ ကောင်မလေးတစ်ယောက် ဖြစ်သွားရော အဖြစ်အပျက်တစ်ခု သူမတို့ သုံးယောက် ဖန်ဝေါ်လီလေးတွေ ဝယ်လာကြသည်။ အဲဒီတုန်းက ကျောင်းမှာ သူမတို့သုံးယောက်က ဖန်ဝေါ်လီ ဝစ်တမ်း သပ်သပ်တစားကြသည်။

အဲဒီလို သူမတို့သုံးယောက် ကစားနေတဲ့အချိန်မှာ

"နာနတ်သီး ငါလည်း နင်တို့နဲ့ ဝင်ကစားမယ်"

"မှော်" က ဖန်ဝေါ်လီထုပ်ကြီးကို ကိုင်ပြီး ပြောသည်။ "နတ်နတ်" က "မှော်" ရဲ့ ဝေါ်လီထုပ်ကို တစ်ချက်ကြည့်ပြီး

"ကောင်းပြီလေ နှုံးရင် မငိုကြေးနော်"

"ငါ ယောကျာ်းပါ ဘာလို့ ငိုရမှာလဲ"

"ok ဒါဆို ကစားမယ်"

အချိန်တွေကုန်လာသည်နှင့်အမျှ "မှော်" ရဲ့ ဝေါ်လီထုပ်ကြီး ပြောင်သွားတော့သည်။ "နတ်နတ်" ရဲ့ အိတ်ထဲမှာတော့ ဝေါ်လီတွေအပြည့်။ "ဇာဇာ" ကတော့ ပျော်နေသည်။ "မှော်" ရဲ့ ဝေါ်လီတွေတို အားလုံးရလိုက်ပြီတို့။ "ရိုပ်ရိုပ်" ကတော့

www.burmeseclassic.com

www.burmeseclassic.com



"မှော်" ကို သနားကာ -

"နက်နက်ရယ် မှော်ကို ဖန်ဂေါ်လီတစ်ဝက်လောက် ပြန်ပေးလိုက်ပါလား သနားပါတယ်"

"ဇာဇာ" ရော "နက်နက်" ကပါ

"ဘာလို့ ပေးရမှာလဲ ငါ နိုင်ထားတဲ့ဟာကို"

"အေးလေ မပေးပါဘူး"

"ဘယ်လိုလဲ ရေခဲမုန့် နင် ထပ်ကစားချင်သေးလား"

"မနက်ဖြန်မှ ထပ်ကစားမယ် ငါ့မှာ ဂေါ်လီကုန်သွားပြီ"

"ဒါဆိုလည်း ပြီးတာပဲ"

"နက်နက်" ပြောပြီး ဂေါ်လီထုပ်ကြီးကိုကိုင်ကာ လှည့်ထွက်လိုက်သည်။ "ဇာဇာ" နှင့် "ရိပ်ရိပ်" ကလည်း "နက်နက်" နောက်မှလိုက်သွားလိုက်သည်။ ထိုစဉ် -

"နာနတ်သီး"

"မှော်"ကခေါ်တော့ "နက်နက်" က နောက်ပြန်လှည့်၍

"ဘာလဲ ရေခဲမုန့်"

"နင့်မျက်လုံးကို ဘာနဲ့တူပါလိမ့်လို့ ငါ ကြည့်နေတာ အခုမှပဲသိတော့တယ်။ နင့်မျက်လုံးက အပြင်ကို ပြူးထွက်နေတော့ ကြောင်မျက်လုံးနဲ့ တူတယ်"

"ဘာ စကားကို ပြန်ပြင်ပြောစမ်း ရေခဲမုန့်"

"မပြင်နိုင်ဘူး ဘာဖြစ်လဲ နာနတ်သီး ကြောင်မျက်လုံး နာနတ်သီး ကြောင်မျက်လုံး"

"မှော်" က အော်နေသည်။ "နက်နက်" က ထမီမကာ "မှော်" ဆီသို့ ပြေးဝင်သွားသည်။



"နက်နက် ရန်ဖြစ်တာကို မကြိုက်ဖူးလို့ ပြောထားတယ် မဟုတ်လား"

"နက်နက်" ချက်ချင်းရပ်သွားသည်။ ပြီးတော့ အသံရှင်ကို မော့ကြည့်ပြီး

"သူက နက်နက်ကို အရင်လာစတာ"

"အရင်လာစလဲ ရန်မဖြစ်ရဘူး လာလိုက်ခဲ့"

ထိုသူက "နက်နက်"ကို ခေါ်သွားသည်။ အခန်းထဲရောက်တော့ "နက်နက်"ကို ထိုင်စေသည်။ "နက်နက်"က ထိုသူကို ကြည့်၍

"နက်နက်ရဲ့ မျက်လုံးကို ကြောင်မျက်လုံးနဲ့ တူတယ်တဲ့ အဲဒါဟုတ်လားဟင်"

ထိုသူကပြုံး၍ "နက်နက်"ရဲ့ ခေါင်းကိုပုတ်ကာ

"ဘယ်ကလာ တူရမှာလဲ နက်နက်ရဲ့ နက်နက်ရဲ့ မျက်လုံးလေးက ဒီဖန်ဂေါ်လီလုံးလေးနဲ့တူတာ ဒီမှာကြည့်တွေ့လား။ ဖန်ဂေါ်လီလေးထဲမှာ ရွှေကြိုးလေးတလက်လက်နဲ့ ဘယ်လောက်လှလဲ"

"တကယ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့"

ကဲကြည့်ပါဦးတစ်ယောက်က "နက်နက်"ရဲ့မျက်လုံးကို ကြောင်မျက်လုံးတဲ့၊ နောက်တစ်ယောက်က ဖန်ဂေါ်လီလေး တဲ့။

* * *



## (၁၅)

"နက်နက်" အိပ်ရာကနိုးတော့ မနက်ဆယ်နာရီထိုးပြီ။ သူမ "ရိပ်ရိပ်"ကို မနိုးတော့ပဲ အမြန်ရေချိုး အဝတ်အစားလဲကာ "Sky World" ကုမ္ပဏီကြီးသို့ ထွက်လာခဲ့လိုက်သည်။ ကုမ္ပဏီ ရှေ့ရောက်တော့ "ရာဇဝင်"ထံ ဖုန်းဆက်လိုက်သည်။

"ဟယ်လို ကိုယ် ရာဇဝင်ပါ"

"နံနက်ခင်းပါ ရှင် ရုံးခန်းမှာရှိရင် လာခဲ့မလို့"

"ကိုယ်ရှိပါတယ် လာခဲ့လေ"

သူမကုမ္ပဏီရုံးခန်းထဲသို့ ဝင်ခဲ့သည်။ ဝန်ထမ်းတစ် ယောက်က

"နံနက်ခင်း ထင်တယ် ဆရာအထဲမှာ ရှိပါတယ် ဝင်သွား လိုက်ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မျှော်"မရှိတဲ့အချိန်မို့လို့ "မျှော်"ဒီကုမ္ပဏီမှာ အလုပ်လုပ်တယ်ဆိုတာကို "နက်နက်"တစ်ယောက် သိမသွားရှာပါဘူး။ "မျှော်"ရဲ့ယောက်ဖကတော့ "နက်နက်"ကို မြင်ဖူးထားတာမို့ ဘာကိစ္စများရှိလို့လဲဟု တွေးမိနေပါသည်။

"လာ နက်နက်ထိုင်"

သူမ ဝင်ထိုင်လိုက်သည်။

"ဒီမှာ ကိုရာဇဝင် ရှင် ဘာအကြံအစည်နဲ့ မျှော်လေးရဲ့ အကြွေးတွေကို ဆပ်လိုက်ရတာလဲ"

သူက မျက်ခုံးပင့်ပြီး

"ယောက်ျားလေးဖြစ်ပြီး ပါးစပ်မလုံပါလားကွ"

"ကလေးကို အပစ်မတင်ပါနဲ့ မျှော်လေးမှာ ဘာအပြစ်မှ မရှိဘူး။ နက်နက်က စုံစမ်းလိုက်လို့ အကုန်သိရတာ ရှင်ကလေးကို ရောင်းစားတာတို့ အကြွေးနဲ့ ခိုင်းစားတာတို့တော့ မလုပ်လောက်ပါဘူးနော်"

"ရာဇဝင်"က ဟက်ဟက်ပက်ပက်ရယ်ကာ

"မဟုတ်ပါဘူး၊ ကိုယ်က လူတော်လေးတစ်ယောက်ကို ကူညီတဲ့သဘောပါ မျှော်စင်က အရမ်းရိုးသားပြီး စိတ်ထားဖြောင့်မှန်တဲ့ကလေးတစ်ယောက်ပါ။ ကိုယ့်မှာ ဘာအကြံအစည်မှ မရှိပါဘူး။

"ဒါဆို အဲဒီပိုက်ဆံတွေကို ကျွန်မအားလုံးဆပ်မယ် လောလောဆယ်တော့ နည်းနည်း . . ."

"တီတီတီတီ"

"နက်နက်"ရဲ့ ဖုန်းလေးမှ မြည်လာသည်။



"ခဏလေး ဖုန်းပြောလိုက်အုံးမယ်"

"ရာဇဝင်"က ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။ "နက်နက်"က သူ့ရှေ့မှာပဲ ဖုန်းဖွင့်ပြီး နားထောင်လိုက်သည်။

"ဟယ်လို နက်နက်ပါ"

"ရှင်"

သူမဖုန်းကို အကြာကြီးကိုင်ထားပြီး မျက်ရည်တွေ ကျလာသည်။ "ရာဇဝင်"မှာလည်း ဘာလုပ်လို့ဘာကိုင်ရမယ်မှန်း မသိ ဖြစ်သွားသည်။ "နက်နက်"ကတော့ မျက်နှာလေး နီရဲကာ မျက်ရည်များ တလဟောကျလာတော့သည်။

သူမ ဖုန်းကိုပိတ်လိုက်ပြီး ရုတ်တရက် ထရပ်လိုက်ကာ

"sorry ကျွန်မ ကိစ္စလေးရှိလို့ နောက်မှပဲ"

သူမ ပြေးထွက်လာခဲ့သည်။ တကယ်တော့ သူမ သူ့ကို တွေ့ချင်နေခဲ့သည်မှာ ကြာလှပြီပဲ။ သူဟာ သူမအတွက် အားကိုးစရာ လူတစ်ယောက် အမှန်တကယ်ဖြစ်ခဲ့ဖူးသည်။ သူမ တစ်ယောက်ထဲအတွက် မဟုတ်ပါဘူး။ သူသဘောကောင်းခဲ့တာ "ဇာဇာ"နှင့် "ရိပ်ရိပ်"အပေါ် မှာလဲ ကောင်းခဲ့တာပဲ။ ဒါပေမဲ့ သူမအပေါ် မှာတော့ ပိုကိုပိုခဲ့တာ သူမရိပ်မိခဲ့သားပဲ။ ဒါကိုပဲ သူမက တိတ်တခိုးကျေနပ်နေခဲ့တာပဲ။

ဆယ်တန်းအောင်တော့ သူက ခရစ်ယာန်သာသနာ့ ကျောင်းသို့ တက်မည်ဟုဆိုကာ ဂျပန်ခရစ်ယာန်သာသနာ့ ကျောင်းသို့ ထွက်သွားတော့သည်။ အခုတော့ မြန်မာနိုင်ငံသို့ ပြန်လာကာ သာသနာ့ဘောင်ထဲသို့ အပြီးဝင်ရော[illegible] ဟု ဆိုကာ သူမထံသို့ ဖုန်းဆက်လေသည်။ ပြီးတော့ [illegible]

www.burmeseclassic.com



သည်ဟုလည်း ပြောသည်။ "Royal Moon" မှာ ချိန်းလိုက်သည်။ သူဆိုတာ တစ်ချိန်တုန်းက သူမ တိတ်တခိုးတွယ်တာခဲ့သော "သင်္ကေတ"ဆိုတဲ့သူပဲ ဖြစ်ပါသည်။

သူမ "Royal Moon" သို့ရောက်တော့ စားပွဲထိုးကောင်လေးက

"အစ်မက မနံနက်ခင်း ထင်တယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆို ကိုသင်္ကေတက သီးသန့်ခန်း ၇ မှာ စောင့်နေပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပဲနော်"

သီးသန့်ခန်း ၇ သို့ သူမ စိတ်လှုပ်ရှားစွာ ဝင်လာခဲ့တော့သည်။

"နက်နက် လာထိုင်လေ ဘာကြည့်နေတာလဲ"

သူမက သာသနာ့ဝတ်စုံ အနက်ရောင် ဝတ်ထားတာကလွဲရင် ဘာမှထူးထူးခြားခြား ပြောင်းလဲသွားတာမရှိသော သူ့ကို ဒေးရင်း ခုံတွင်ထိုင်လိုက်သည်။ သူက သာသနာ့ဝတ်စုံနှင့်မို့ သူမက ဘယ်လိုစကား စပြောရမှန်းမသိ။ ဒါကို သူကနားလည်ဟန်ဖြင့်

"သာသနာ့ဝတ်စုံ ဝတ်လိုက်တာကလွဲရင် ငါ ဘာမှမပြောင်းလဲပါဘူး နက်နက်ရဲ့ အရင်အတိုင်းပဲ စကားပြောလို့ရတယ်"

"သင်္ကေတ နင် . . . . နင် တစ်သက်လုံး သာသနာ့ဘောင်ထဲကို ဝင်တော့မှာလားဟင်"



"အင်း ဘယ်လိုပြောရမလဲ၊ သာသနာ့ဘောင်ဆိုတာ အရမ်းအေးချမ်းတယ် နက်နက်ရဲ့"

ဒီစကားဟာ သူတစ်သက်လုံး သာသနာ့ဘောင်ထဲကို ဝင်တော့မယ်ဆိုတာကို သွယ်ဝိုက်ပြီး ပြောလိုက်ခြင်းပါပဲ။ သူမ ကျလာသောမျက်ရည်များကို မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ထိန်းသိမ်းလိုက်သည်။ "သင်္ကေတ"က ရိပ်မိကာ

"နက်နက် ငိုချင်ငိုချလိုက်လေ ဒီတစ်ခါတွေ့တာဟာ ငါတို့နှစ်ယောက်ရဲ့ နောက်ဆုံးတွေ့ခြင်းပဲ ဘာလို့လဲဆိုတော့ ငါနောက်ရက်တွေဆိုရင် ချပ်ခ်ကို ဝင်ရတော့မယ်"

"ဘာလို့ငိုရမှာလဲ သင်္ကေတရဲ့ ငါက အဲ့လောက်တောင် ပျော့ညံ့လို့လား၊ လူဆိုတာ နောက်ဆုံးမတွေ့ကြဖို့အတွက် လမ်းခွဲကြတာပဲ ငါလက်ခံနိုင်ပါတယ်"

"နင် ဒီလိုခံစားနိုင်တာ ငါဝမ်းသာပါတယ် နက်နက်ရယ် ဩော် နင့်ရဲ့မျက်လုံးလေးတွေက ဖန်ဂေါ်လီလေးလိုပဲ အရင်အတိုင်းပဲ လုံးဝ မပြောင်းလဲဘူးနော်"

"မပြောင်းလဲဘူး အရင်အတိုင်းပဲ ဒီဗိုင်းရော စရိုက်ရောပဲ ဒါနဲ့ နင်ဘာမှ မမှာရသေးဘူးလား၊ ငါမှာလိုက်မယ်နော်"

သူမတို့နှစ်ယောက် အတူစားသောက်ပြီး လမ်းမဘက်သို့ အတူထွက်လာခဲ့တော့သည်။

"ကဲ နက်နက် ငါတို့ ဒီကပဲ လမ်းခွဲကြတာပေါ့"

"ဘိုင့် သင်္ကေ ငါသွားတော့မယ်"

"ငါတစ်ခုတောင်းဆိုချင်တယ် နက်နက်"

"ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ တာဝန်ကျတဲ့ ချပ်ခ်ကို မလာပါနဲ့နော်"

"စိတ်ချ"

သူမ လှည့်ထွက်ခဲ့သည်။ မငိုပါဘူးဟု ထိန်းထားသည့်ကြားမှ တရဟောကျလာသော မျက်ရည်များကို သူမ နာကျည်းမိသည်။

* * *



(၁၆)

ဒီနေ့ နေ့လည်ပိုင်း အလုပ်အားသည်မို့ "မှော်"နှင့် "သိဒ္ဓိ"တို့ နှစ်ယောက် နေ့လည်စာအတူစားရန် ထွက်လာခဲ့ကြသည်။ "Royal Moon" စားသောက်ဆိုင်ရှေ့ရောက်တော့ "သိဒ္ဓိ"က ရုတ်တရက်ကားကိုရပ်လိုက်ကာ နောက်ပြန်လှည့်ကြည့်ပြီး

"မှော် ဆိုင်ရှေ့မှာ ရပ်စကားပြောနေတာ နက်နက်မဟုတ်လား။ သူ့ရှေ့က သာသနာ့ဝတ်ရုံဝတ်ထားတဲ့ ဘုန်းကြီးတရော ဘယ်သူလဲ"

"ဘယ်သူပဲဖြစ်ဖြစ်ကွာ သူ့ကိုကြည့်မနေနဲ့ လာသွားမယ်"

"မှော်"က စကားခပ်မာမာပြောလိုက်တော့မှ "သိဒ္ဓိ"က ထွက်လာခဲ့တော့သည်။ အခု "သိဒ္ဓိ"က မန္တလေးကအလုပ်မှ ထွက်ကာ ရန်ကုန်တွင် Fancy ဆိုင်လေးတစ်ဆိုင် ဖွင့်ထားမည်ဟု စိတ်ကူးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်" အိမ်ရှေ့ခြံတံခါးဝရောက်တော့ ရှိုက်ကြီးတငင် ငိုမိတော့သည်။ အိမ်ထဲရောက်လျှင် "ရိပ်ရိပ်"က ဘာဖြစ်တာလဲဟု မေးမှာလည်း စိုးရသေးသည်။ သူမခြံရှေ့မှာ လွှတ်လွှတ်လပ်လပ် ငိုပစ်လိုက်သည်။

ထိုအချိန်တွင် "နက်နက်"တို့ခြံ၏ မလှမ်းမကမ်းတွင် ကားတစ်စီးရပ်ထားသည်။ ထိုကားထဲတွင် "ရာဇဝင်"နှင့် သူ့တပည့်တစ်ယောက်။

"ဆရာ နံနက်ခင်း ဘာဖြစ်လို့လဲမသိဘူး ငိုနေတယ်၊ ကားဟွန်းတီးလိုက်ရမလား"

"ရာဇဝင်"က "နက်နက်"ကို ဆွေးမြေ့စွာ တစ်ချက်ကြည့်ပြီး

"ရုံးကိုပဲသွားမယ် မောင်းတော့"

"နက်နက်" အိမ်ထဲဝင်ခဲ့သည်။ "ရိပ်ရိပ်"က ကာတွန်းကားကို စိတ်ဝင်တစား ကြည့်နေရာမှ

"နက်လေး ပြန်လာပြီလား ဟင် မျက်နှာက ဘာဖြစ်လာတာလဲ"

"နက်နက်"က ရယ်လိုက်ပြီး

"ဘာမှ မဖြစ်ပါဘူးဟာ"

"ဖြစ်တယ် နင်တစ်ခုခုဖြစ်လာတယ် ပြောဟာ ငါ့ကို နင်မပြောရင်တော့ ဒီနေ့ညအိပ်ဖို့ မစဉ်းစားနဲ့ ငါကတော့ မရရအောင် မေးမှာ"

"နက်နက်" သက်ပြင်းတစ်ချက်ချကာ ခုံမှာဝင်ထိုင်လိုက်သည်။ "ရိပ်ရိပ်"က "နက်နက်"ရဲ့လက်ကိုင်ကာ



"နက်နက်ပြောလေဟာ နင့်ကို ဘယ်သူ ဘာပြောလိုက်လို့လဲ"

"ငါပြောမယ်၊ ဒါပေမဲ့ နင်တစ်ခုတော့ ကတိပေးဟာ"

"အေးပါ ကတိပေးပါတယ် ပြောတော့"

"ငါ ဒီနေ့ သင်္ကေတနဲ့ တွေ့ခဲ့တယ်"

"ဘာ သင်္ကေ်နဲ့ တွေ့တယ်ဟုတ်လား"

"အင်း သူ သာသနာ့ဘောင်ထဲကို အပြီးဝင်သွားပြီ"

"နက်နက်"က မျက်ရည်များကို သုတ်ရင်းပြောသည်။ "ရိပ်ရိပ်"လည်း မျက်ရည်များကျလာသည်။

"ရိပ်ရိပ် မငိုနဲ့လို့ ပြောထားတယ်လေ"

"အေးပါ မငိုပါဘူး"

"ဘာလို့ မျက်ရည်ကျလာရတာလဲ"

"ငါ မငိုပါဘူး"

နှစ်ယောက်စလုံး မျက်ရည်များကျလာကာ ဖက်၍ငိုကြတော့သည်။ သူမ မနက်မိုးလင်းတော့ အကျီအဝတ်အစားလဲပြီး "သင်္ကေတ"တာဝန်ကျရာ ချပ်ခ်သို့ ထွက်လာခဲ့တော့သည်။ "ရိပ်ရိပ်"ကိုတော့ မနှိုးတော့ပါဘူး။ သူမက အထဲမှ အဖြူရောင်လက်ပြတ်ကလေးမှာ အပေါ်က လိမ္မော်ရောင်အပါးထည်လက်ရှည်လေးကို ဝတ်လိုက်သည်။ ဘောင်းဘီအနက်ရောင်ပျော့ပျော့လေးနှင့် အနက်ရောင် ဒေါက်မြင့်မြင့်ဖိနပ်ကို စီးကာထွက်လာခဲ့တော့သည်။

"ရိပ်ရိပ်" နိုးလာကာ အဝတ်အစားလဲပြီး [illegible] ပစ္စည်းတစ်ခု သွားပေးရမှာ သတိရလာသောကြောင့်

www.burmeseclassic.com



"နက်နက်"ရဲ့ အခန်းတံခါးကို ခေါက်လိုက်ကာ

"နက်နက်ရေ မနိုးသေးဘူးလား ထတော့လေ ငါအပြင်သွားတော့မယ်"

သူမ "နက်နက်"ကို နှိုးခဲ့လိုက်မယ်လို့တွေးရင်း အခန်းတံခါးကို အသာဖွင့်လိုက်သည်။

"ဟင် မရှိတော့ပါလား ဘယ်ကိုထွက်သွားပါလိမ့်။ ဒါဆိုအိမ်ကိုသော့ခတ်ခဲ့မှပဲ"

သူမအိမ်ကို သော့ခတ်ကာ ထွက်လာခဲ့တော့သည်။ သူမချောင်းပါးပစ္စည်းပေးရမည့် တိုက်ခန်းကို တက်မည့်လမ်းဘေးတွင် ကားများ ပါကင်ထိုးထားသောကြောင့် ထိုတိုက်ဘေးဆိုင်တစ်ဆိုင်၏ရှေ့မှာ ပိတ်ရပ်လိုက်သည်။ ဆိုင်ရှင်ကတော့ ရန်တွေ့မှာလားမသိ။ ဒါပေမဲ့ ခဏလေးပဲဟာ ပေးပြီးပြီးချင်းပြန်လာမှာပဲ။ သူမပစ္စည်းပေးပြီး ပြန်လာတော့ သူမရဲ့ကားဘေးမှာ ကောင်လေးတစ်ယောက် သူမတို့အရွယ်လောက်ပဲ ရှိမှာပါ။ ကားကိုကြည့်ပြီး ပွစိပွစိနှင့်ပြောနေသည်။

"ဘယ်လိုကားလဲ သူများဆိုင်ရှေ့မှာလာပြီး ပိတ်ရပ်ထားတယ်။ လူလိုမသိတတ်ကြဘူး၊ တကယ်ပါပဲ လာပါစေအုံး"

"ဒီမှာ ဒါကျွန်မကားပါ တောင်းပန်ပါတယ်"

ကောင်လေးက သူမဘက်သို့ လှည့်လာကာ

"ဒီလောက် စည်းကမ်းမဲ့ရသလားဗျ၊ သူများဆိုင်ရှေ့မှာ ဘာလို့ပိတ်ရပ် ထားရတာလဲ"

သူမက ကောင်လေးကို တအံ့တသြကြည့်ကာ

"နင် သိဒ္ဓိမဟုတ်လား သိဒ္ဓိမှလားဟင်"



"ဟုတ်တယ် ခင်ဗျားက ဘယ်သူလဲ"

"ငါ့ကို မမှတ်မိဘူးလား သိဒ္ဓိရဲ့ ငါ ရင်ရိပ်နွယ်လေ"

"ရင်ရိပ်နွယ် ဟာ နင် ရိပ်ရိပ်နော် ပျော်လိုက်တာ"

"ငါလည်း ပျော်လိုက်တာ"

"ဟေး"

သူမတို့နှစ်ယောက် တစ်ယောက်လက်တစ်ယောက်ကိုင်ပြီး အော်ဟစ်ကာ ထအော်ရှာသည်။

"လာ ရိပ်ရိပ် ငါနင့်ကို ကော်ဖီလိုက်တိုက်မယ်"

"ကောင်းသားပဲ ဒါနဲ့ ဒီဆိုင်က နင့်ဆိုင်လား ဘာတွေရောင်းတာလဲ"

"Fancy ပစ္စည်းတွေပေါ့ လာ ကော်ဖီဆိုင်သွားမယ်"

"နေအုံးလေ ငါ ကားကို ရွှေ့ခဲ့အုံးမယ်"

"နေပါစေ ထားခဲ့ဒီအတိုင်း ကားရပ်ထားလို့ ဆိုင်ကို လာမဝယ်လည်း မဝယ်ပစေပေါ့"

"ဖြစ်ရပြန်ပြီ အမျိုးမျိုး ခုနက သူမဟုတ်တဲ့အတိုင်းပဲ"

"ဒါနဲ့ နံနက်ခင်းကို ခေါ်လိုက်လေ"

"အေးပါ ခေါ်လိုက်မယ်"

"ရိပ်ရိပ်"က ဖုန်းဆက်လိုက်လေသည်။

"နက်နက်" ချုပ်ခ်ထဲသို့ တိတ်တစိတ်ကလေးပဲ ဝင်ခဲ့သည်။ ချုပ်ခ်ထဲတွင် စန္ဒရားသံလေးက ပျံ့လွင့်နေသည်။ သူ ခုံတန်းလေးမှာ ဝင်ထိုင်လိုက်သည်။ ထိုင်ပြီး တီးခတ်နေသူ သူ တတော့ သူမရဲ့ "သင်္ကေတ"ပါပဲ။ တေးသံလေးကို နားထောင် ရင်း သူမ မျက်ရည်ကျမိသည်။ ထိုစဉ် သာသနာ့တော်ရဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သော အမျိုးသမီးတစ်ယောက်က သူ့အနားကို ခပ်တိုးတိုးကပ် ပြောလိုက်တာကြောင့် သူမ ရုတ်တရက် ခုံအောက်မှာ ငုံ့လိုက်သည်။ ခုံအောက်မှ သူ့ကို ခိုးကြည့်တော့ သူက မတ်တပ်ရပ်ကာ သူမရှိရာသို့ ထလာတာမို့ သူမခုံအောက်မှထွက်ကာ အပြင်ဘက်သို့ ပြေးထွက်လာခဲ့တော့သည်။

"နက်နက်" ဘုရားကျောင်း အပြင်ဘက်ရှိ လမ်းမကြီးပေါ်တွင် မျက်ရည်ကျရင်း လမ်းလျှောက်လာမိသည်။ လမ်းသွားလမ်းလာတချို့က စပ်စုကာ ကြည့်သွားကြပေမယ့် သူမတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး။ ထိုစဉ် သူမ လက်ကိုင်ဖုန်းလေးမှ အသံမြည်လာ၍ နားထောင်ကြည့်ရာ

"နက်နက် နင် အခုဘယ်ရောက်နေလဲ"

"ငါ မြကျွန်းသာနားက ပလက်ဖောင်းပေါ်မှာလေ။ ဘာဖြစ်လို့လဲ ရိပ်ရိပ်"

သူမရပ်ပြီး ဖုန်းပြောနေရာမှ ဖုန်းပိတ်ကာ လမ်းဆက်လျှောက်လာစဉ် တက္ကစီတစ်စီး သူမနှင့် မလှမ်းမကမ်းမှာရပ်ကာ "ရေခဲမုန့်" ဆင်းလာကာ ကားသမားကို ပိုက်ဆံထုတ်ရှင်းလိုက်တာ တွေ့ရသည်။ ပြီးတော့ ပိုက်ဆံအိတ်ကလေးကို ဘောင်းဘီနောက်အိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ရုတ်တရက် ပိုက်ဆံအိတ်က ထွက်ကျသွားသည်။



သူမက လှမ်းကောက်လိုက်ပြီး ဖွင့်ကြည့်လိုက်သည်။ အထဲတွင် "ဂန္တဝင်"၏ ဓာတ်ပုံလေးကို ထည့်ထားသည်။ သူမက

"ရေခဲမုန့် ဟိတ်"

သူက ခပ်သုတ်သုတ်လျှောက်နေရာမှ လှည့်ကြည့်ကာ

"ဪ နာနတ်သီး ဘာကိစ္စလဲ"

"ဒီမှာ ကိုယ့်ပစ္စည်းကို ကိုယ်စစ်မှပေါ့"

သူမက ပိုက်ဆံအိတ်ကလေးကို မြှောက်ပြကာ ပြောလိုက်သည်။ သူက သူမထံ ပြန်လျှောက်လာပြီး

"ကျေးဇူးပဲကွာ"

ဟုဆိုကာ ပိုက်ဆံအိတ်ကိုပြန်ယူသွားသည်။ သူမက ဘာမှမပြောဘဲ လမ်းဆက်လျှောက်လာသည်။ သူကလည်း သူမနောက်မှ လိုက်လာခဲ့သည်။ သူမက

"ဘာလို့ ငါ့နောက်က လိုက်လာတာလဲ"

"ဘယ်မှာလိုက်လို့လဲ ငါ့လမ်းငါသွားနေတာပဲ"

"နင်က ဘယ်သွားမှာလည်း"

"ဆိဒိုးနား"

"တောက်"

"ဟာ အသားလွတ်ကြီး ဘာကိစ္စ ငါ့ကို တောက်ခေါက်ရတာလဲ"

"နင့်ကို ဘယ်သူက တောက်ခေါက်လို့လဲ ငါဘာသာငါ စိတ်တိုလို့"

သူမတို့နှစ်ယောက်အတူ ဆိဒိုးနားဟိုတယ်ထဲသို့ ဝင်လာခဲ့ကြသည်။ ဘီယာဘားထဲသို့ရောက်တော့

www.burmeseclassic.com



"ဟိတ် နက်နက် ငါတို့ဒီမှာ"

"ဟေ့ရောင် မှော် ငါဒီမှာဟေ့"

သူမတို့နှစ်ယောက် "ရိပ်ရိပ်"တို့ထံသွားပြီး

"ရိပ်ရိပ် လာခဲ့ပြန်မယ်၊ သူနဲ့ငါနဲ့ ဘယ်လိုမှပတ်သက်လို့ မရဘူးဆိုတာ သိရဲ့သားနဲ့လာခဲ့"

"သိဒ္ဓိ မင်းလည်း ဘာကြောင်တာလဲကွ သွားမယ် ထ"

"ဟာ နင်တို့ကလည်း နက်နက် နင်ကလည်းဟယ် တို့တွေက ကလေးတွေမှ မဟုတ်တော့တာ လာ ထိုင်"

"အေးလေ လာ မှော် မင်းကလည်း ကလေးကျနေ တာပဲ"

သူမတို့နှစ်ယောက်စလုံး ဆောင့်ဆောင့် အောင့်အောင့် ဖြင့် ဝင်ထိုင်လိုက်ကြသည်။ "သိဒ္ဓိ"က

"နက်နက် နင့်ကို မနေ့ကတောင် Royal Moon ရှေ့မှာ သာသနာ့ဝတ်ရုံ ဝတ်ထားတဲ့ ဘုန်းကြီးတစ်ပါးနဲ့ စကားပြောနေတာ တွေ့ခဲ့တယ်။ အဲဒီ ဘုန်းကြီးကို ငါမြင်ဖူးသလိုပဲ အဲဒါ ဘယ်သူလဲ"

"နက်နက်"က ရုတ်တရက်မို့ မဖြေနိုင်ပါ။ "ရိပ်ရိပ်"က အခြေအနေကို ထိန်းလိုက်သည့်သဘောဖြင့်

"ဪ အဲဒါ သင်္ကေတလေ"

"သင်္ကေတ ဟုတ်လား သူက သင်္ကေတပေါ့၊ သိပ္ပံခန်းတလေ ဟုတ်လား"

"အေး နင်မှတ်မိလို့လား သိဒ္ဓိရဲ့"

"သိဒ္ဓိ"က "နက်နက်"ကို စချင်ဟန်ဖြင့်



"ဒါဆို နက်နက်အတွက် ဝမ်းသာစရာပေါ့"

"ဟာ သိဒ္ဓိကလည်း သင်္ကေတက သာသနာ့ဘောင်ထဲ အပြီး ဝင်သွားတာဟ"

"ဟာ တကယ် ဒါဆို . . . ဟာကွာ နက်နက် ငါ တောင်းပန်ပါတယ်"

"နက်နက်"က ထွက်လာသော မျက်ရည်များကို ပုတ်ခတ် ပုတ်ခတ်ဖြင့် မျက်တောင်ခတ်ကာ ပြန်ထိန်းလိုက်ပြီး "သိဒ္ဓိ" ကို ပြုံးပြလိုက်သည်။

"ရပါတယ် သိဒ္ဓိရယ် ငါ့ဘာမှ မဖြစ်ပါဘူးဟ"

"မှော်"က

"ကဲပါ တခြားအကြောင်းပြောရအောင်"

"ဒါဆို နင်ရော မှော် . . . ဂန္တဝင်နဲ့ ဘယ်တော့လက်ထပ်မှာလဲ"

"မှော်"က အရှိုက်ကို လက်သီးနဲ့ အထိုးခံလိုက်ရသလို ဖြစ်သွားတာမို့ "သိဒ္ဓိ"က

"နင် မသိသေးဘူးလား ရိပ်ရိပ်၊ ဂန္တဝင်က တခြားတစ်ယောက်နဲ့ လက်ထပ်တော့မှာ"

"ဘာ အဲဒါ တကယ်"

"နက်နက်"က ရုတ်တရက် "မှော်"ကိုလည်း အားနာကာ ထရပ်လိုက်ပြီး

"ရိပ်ရိပ် ငါသန့်စင်ခန်း ခဏသွားအုံးမယ်"

သူမ သန့်စင်ခန်းသို့ ထွက်လာကာ ငိုချလိုက်မိသည်။

"မှော်"ကလည်း "နက်နက်"ထွက်သွားတော့

www.burmeseclassic.com



"ငါလည်း ဆေးလိပ်ဝယ်ဖို့ သွားလိုက်အုံးမယ်"

သူ "နက်နက်"ရှိသော သန့်စင်ခန်းနားသို့သွားကာ "နက်နက်"ကို ရပ်စောင့်နေသည်။ အခုချိန်မှာ "နက်နက်"နှင့်သူက ဘဝတူတွေမှလား။ သူတို့နှစ်ယောက်စလုံး ချစ်သူများရဲ့ စွန့်ပစ်မှုကို ခံရတဲ့သူတွေပဲ။ ထိုစဉ် တစ်ရှူးဖြင့် မျက်ရည်များကို သုတ်ကာ သန့်စင်ခန်းထဲမှ ထွက်လာသော "နက်နက်"ကို တွေ့ရသည်။ "နက်နက်"က အခန်းဝမှာ ရပ်နေတဲ့သူ့ကို မြင်တော့ အံ့သြသွားကာ

"ဘာလုပ်နေတာလဲ"

"နင့်ကို စောင့်နေတာလေ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် တစ်ခါမှ ဒီလိုမခံစားဖူးတော့ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘူး ဖြစ်သွားတယ်"

"အေးလေ ငါတို့ နှစ်ယောက်က ဘဝတူတွေပဲ"

"ဒါနဲ့ နင်ရော ဖြစ်ရဲ့လား မျော်"

"ဖြစ်အောင် ကြိုးစားရမှာပေါ့ဟာ ကဲ ဒါဆိုငါတို့ သွားရအောင် ဟိုနှစ်ယောက် မျှော်နေတော့မယ်"

သူမတို့နှစ်ယောက် အတူတွဲလာတာမြင်တော့ "ရိပ်ရိပ်" နှင့် "သိဒ္ဓိ"က

"ဟော ဘယ်လို တွဲသွားကြတာလဲ"

"မဟုတ်ပါဘူး၊ လမ်းမှာဆုံသွားတာပါနော် မျော်"

"အင်း ဟုတ်တယ်"

ထိုစဉ် စင်တင်တေးဂီတအစီအစဉ် ကြေငြာသော လူကြီးက stage စင်ပေါ်တက်ကာ



"ဒီနေ့ သီချင်းဆိုပြိုင်ပွဲ အစီအစဉ်ရှိတာ အားလုံး သိကြပြီး ဖြစ်ပါတယ်။ အခု ပထမဆုံး သီဆိုမယ့်အလှည့်ကျသူကတော့ မနံနက်ခင်း ဖြစ်ပါသယ်"

"ဟေား"

ပရိသတ်များ လက်ခုပ်တီးကြသည်။ သူမကတော့ အရမ်း အံ့သြကာ

"ငါ့ကိုခေါ်တာလား ဘယ်သူငါ့နာမည်ပေးလိုက်တာလဲ"

"ဟိ ဟိ ငါတို့ပေးလိုက်တာလေ နင်ဆိုတတ်တာပဲ သွားဆိုလေ"

ထိုစဉ် အစီအစဉ်ကြေငြာသူက

"နံနက်ခင်း မရှိဘူးလား"

"ရိပ်ရိပ်"က အော်၍

"ရှိပါတယ်"

"သိဒ္ဓိ"ကလည်း လာပါပြီခင်ဗျာ ခဏခဏ"

သူမ ထွက်လာခဲ့တော့ သူမက ကိုယ့်အသံကို ယုံကြည်မှုရှိပြီးသားပဲ၊ သူမစင်ပေါ်ရောက်တော့ အစီအစဉ်ကြေငြာသူက

"ကဲ နံနက်ခင်း သီဆိုမယ့် သီချင်းက ဘာသီချင်းလဲခင်ဗျာ"

"L ဆိုင်းဇီရဲ့ မိုးရာသီထဲသီချင်းပါ"

သူမသီချင်းဆိုရင်း မျက်ရည်ကျသည်။

" ...ငါလေ တမ်းတမိတယ် ဟိုးအရင်တစ်ချိန်က မိုးရာသီထဲကို... အလှနဲ့ဘဝတွေ မင်းအတွက်...မျှော်နေ

www.burmeseclassic.com

www.burmeseclassic.com



ဆဲပေါ့ . . . ကိုရယ် . . . မင်းလေးပြောတဲ့ . . . သစ္စာတရားကို ယုံတယ် . . . ကိုနော် . . . ထားရစ်ခဲ့လည်း ခွင့်လွှတ်နေမယ် . . . မိုးရာသီထဲ . . . ”

သူမရဲ့သီချင်းသံဆုံးသွားတော့ လက်ခုပ်သံတွေ ဆူညံသွားသည်။ “မှော်”လည်း အားရပါးရ လက်ခုပ်တီးလိုက်သည်။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေနှင့်။

* * *








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

မနက် မိုးလင်းတော့

"ဟဲ့ မှော် မှော် ကောင်စုတ်လေး ထတော့ အလုပ်က ရှုစ်နာရီသွားရမှာမှလား ဘယ်အချိန်ရှိပြီလဲ"

"ခေါင်းကိုက်လိုက်တာ မကြီးရာ"

"ဘာကိစ္စ သောက်လာရတာလဲ ကဲ ကျွန်တော် မိုက်လည်း ဆာတယ်၊ တစ်ခါထဲ ထမင်း စားသွားတော့မယ်"

"အဆင်သင့်ပဲ အောက်ကိုလာခဲ့"

သူမျက်နှာသစ်ပြီး ထမင်းစားရန် စားပွဲသို့ဝင်ထိုင်လိုက်သည်။



"ဟာ ယောက်ဖက ထမင်းချက်နေတာလား"

သူပြောရင်း စဉ်းစားမိသည်။ စဉ်းစားရင်း ညက "နက်နက်"နှင့် တစ်ယောက်တစ်လှည့် ဒါနောက်ဆုံးရိုက်တာဟု ပြောပြီး ရိုက်ကြတာမြင်ယောင်လာသည်။

"ဟာ မဖြစ်နိုင်ပါဘူး"

သူ့ပါးစပ်က ရုတ်တရက်ထွက်သွားတာမို့ အစ်မက

"ဟမ်ဘာမဖြစ်နိုင်တာလဲ ဘာလဲ"

"ဟာ ဘာမှမဟုတ်ပါဘူး၊ ရုံးကိစ္စပါ"

"ပြီးရော"

သူရုံးသို့ ထွက်လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၁၈)



သူမ ရေသောက်လိုက်ပြီး စဉ်းစားလိုက်သည်။ မနေ့က အကြောင်းအရာတွေ ပြန်ပေါ်လာသည်။ သူမမျက်စိမှိတ်ပစ်လိုက်ပြီး အော်လိုက်သည်။

"လုံးဝ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"



"ဟဲ့ နက်နက် ဘာမဖြစ်နိုင်တာလဲ ပြောပါအုံး"

"ဘာမှ မဟုတ်ဘူး"

"တီးတော် တီးတော်"

"မနက်စောစောစီးစီး ဘယ်ကညွှန်သည်လဲ"

"ရိပ်ရိပ်"က တံခါးသွားဖွင့်လိုက်သည်။ အပေါက်ဝမှာ ရပ်နေသူက "ရာဇဝင်"ရဲ့ တပည့်။ "နက်နက်"က

"ဘာကိစ္စလဲ"

"ဆရာက မြီးရှည်ပို့ခိုင်းလိုက်လို့ပါ"

"ဟာ မယူပါဘူး ပြန်ယူသွား"

"ဟို ဆရာက မနက်ခင်း မယူလို့ရှိရင် ကျွန်တော့်ကို အလုပ်ကထွက်တဲ့"

"ဒီလောက်တောင် ရက်စက်ရလား"

"ရိပ်ရိပ်"က ဝင်ပြီး

"ကဲ ကဲ ထားခဲ့လိုက်ပါ ယူထားလိုက်တယ်လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ခင်ဗျ ကျေးဇူးတင်ပါတယ်"

သူမတို့နှစ်ယောက် ဗိုက်ဆာဆာနှင့် စားလိုက်ကြသည်။ ဗိုက်တင်းသွားတော့ MTV ကြည့်နေကြစဉ် ဖုန်းမည်လာသည်။

***

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

"မော်"က စာရွက်စာတမ်းတွေ ပြုစုပြီး "ရာဇဝင်"ထံ လာပေးစဉ်သူ ဖုန်းပြောနေသည်မို့ ခဏစောင့်နေရသည်။ ဖုန်းကို အသံဖွင့်၍ နားထောင်နေတာမို့ သူလည်းကြားရသည်။

"ဟယ်လို နက်နက်လား ကိုယ်ပါ"

"ကိုရာဇဝင် ထင်တယ်ပြောပါ"

"ကိုယ်ပို့လိုက်တဲ့ မီးရှည်ရလား"

"ရပါတယ် သူငယ်ချင်းနဲ့အတူ စားလိုက်တယ်"

"မနေ့က မျှော်စင်ကိစ္စ ဆွေးနွေးတာ မပြီးသေးဘူးလေ။ အဲဒါ ဒီနေ့ နက်နက်အားရင် ရုံးကိုလာခဲ့ပါလား ဆွေးနွေးကြတာပေါ့"

"နက်နက်"က စဉ်းစားပြီးမှ

"အင်းလာခဲ့မယ်လေ"



"OK ကိုယ်စောင့်နေမယ်"

"ရာဇဝင်"က ဖုန်းချလိုက်ကာ "မော်"ကို ပြုံးပြသည်။ "မော်"က မျက်မှောင်ကုတ်၍

"ကိုယ်ရေးကိုယ်တာ ပြောချင်ရင် တခြားအချိန်မှာပြောပါ ကိုရာဇဝင်။ အခု ကျွန်တော့်မှာလဲ အလုပ်ရှိသေးတဲ့ဟာကို"

"Sorry ပဲ မော်ရာ ကိုယ်တောင်းပန်တယ်။ ဒါ အဆောက်အအုံ စာရွက်စာတမ်းတွေလား"

"ဟုတ်တယ် အားလုံး အပေါင်းကိစ္စရှင်းတယ် စစ်ကြည့်လိုက်လေ"

"ကိုယ်ယုံပါတယ်၊ မော် ဒါနဲ့"

ကိုယ်မင်းကို ရှင်းရှင်းပဲမေးမယ်နော် မင်း နက်နက်ကို သဘောကျနေတာလား"

"မော်"က နှုတ်ခမ်းကိုမဲ့ပြီး ပြုံးလိုက်သည်။

"အဲဒါ ကျွန်တော့်ကိစ္စပါ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"မော်"ကပြောပြီး ထွက်လာခဲ့သည်။ ဗိုက်ကလည်း ဆာလာတာမို့ အောက်ထပ်ကို ကော်ဖီဘူးဝယ်ရန် ဆင်းလာခဲ့သည်။ ကော်ဖီဘူးဝယ်ပြီး အပေါ်ထပ်ကို ဓာတ်လှေကားနဲ့ ပြန်တက်မလို့ ဓာတ်လှေကားရှေ့တွင် အောက်ထပ်မှ တက်လာမည့် ဓာတ်လှေကားကို မျက်စိမှိတ်ပြီး စောင့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကား ပွင့်သံကြား၍ မျက်စိကိုဖွင့်လိုက်တော့ မျက်လုံးပြူးကာ ရပ်နေသော "နက်နက်"ကို ဓာတ်လှေကားထဲတွင် တွေ့လိုက်ရသည်။ သူမလည်း သူ့ကို ရုတ်တရက်မြင်လိုက်ရတာမို့ အံ့ဩနေကြဟန်တူသည်။ "မော်"က ဓာတ်လှေကားထဲ ဝင်လိုက်သည်။ ဓာတ်လှေကားထဲရောက်တော့ "မော်"က

"မနေ့ကကိစ္စတွေ မှတ်မိသေးလား"

"လုံးဝ မမှတ်မိဘူး"

"ညာနေတာမှလား"

"ညာပါဘူး၊ မနေ့က ဘာဖြစ်ခဲ့လို့လဲ"

"ငါလည်း မသိဘူး"

သူမတို့နှစ်ယောက် ဓာတ်လှေကားအပြင်ဘက်သို့ ထွက်ကာ "သူမ"က

"ဟဲကွာ"

"ဘုန်း"

"အား . . . နာလိုက်တာ"

"ဟဲ ဟဲ . . . မကျေနပ်ရင် ပြန်ချလေ"

"လာလေ၊ ချလေ"

သူမက ကျောကိုပွတ်ကာ အော်နေသော "မော်"ကို စိန်ခေါ်လိုက်သည်။ "မော်"က လက်သီးဖြင့် ဆွဲထိုးမည်လုပ်တာမို့ သူမက ခြေထောက်ဖြင့် "မော်"ရင်ဘက်ကို ထောက်ထားလိုက်သည်။

"ဟဲ ဟဲ ဘယ်လိုလဲ မော်"

ထိုစဉ် ရုံးခန်းထဲမှ ဝန်ထမ်းတစ်ယောက်က ထွက်လာ



ကာ

"ဟင် ရှေ့နေမော် ရန်ဖြစ်နေတာလား"

"မော်"က လက်သီးဖြင့် ရွယ်နေရာမှ ရုတ်တရက် ရပ်လိုက်တာမို့ သူမကလည်း ခြေထောက်ကို ပြန်ရုပ်လိုက်ကာ ထိုဝန်ထမ်းကို ရယ်ပြလိုက်သည်။ "မော်"ကလည်း ရယ်ရင်း

"ကျွန်တော်တို့က နောက်နေတာပါ"

"ဟုတ်တယ် နောက်နေတာ"

သူမကလည်း လိုက်ပြောလိုက်သည်။

"အစ်မက နံနက်ခင်း ထင်တယ် ဆရာ အထဲမှာစောင့်နေပါတယ်"

"ဟုတ်ကဲ့ ကဲ ရေခဲမုန့် ငါသွားပြီ"

ဟုဆိုကာ "မော်"ကိုကပ်၍ ပိုက်ခေါက်လိမ်ဆွဲလိုက်သည်။

"အား ကွာ သေပါပြီ။"

"မော်"က ခပ်တိုးတိုးဆဲလိုက်ကာ သူစားပွဲခုံမှာ ဝင်ထိုင်ပြီး ကော်ဖီသောက်နေလိုက်သည်။ "နက်နက်"က "ရာဇဝင်"ရဲ့ ရုံးခန်းထဲဝင်သွားတော့ "မော်"ရဲ့ယောက်ဖက သူ့ဘေးနားမှ ဝန်ထမ်းကို

"အဲဒီကောင်မလေးကို ဆရာက သဘောကျနေတာ ထင်တယ်ကွ"

"ဟုတ်တယ် သူတို့နှစ်ယောက် လိုက်တယ်နော်"

"နက်နက်" ရုံးခန်းထဲကိုရောက်တော့

"လာ နက်နက် ထိုင်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မျှော်လေးရဲ့ ကိစ္စကို ရှင်းရအောင်"

"မပင်ပန်းဘူးလား နက်နက်ရယ်"

"အဟင်း ရပါတယ် ဒီကိစ္စကို"

"ကိုယ့်ကို နက်နက်ရဲ့ဘေးမှာ ခဏထားကြည့်ပါလား"

"ရှင်"

"ကဲပါ အဲဒီကိစ္စကို ထားပါတော့ ကဲအကျွေးဆပ်လေ"

"ရှင် ဟုတ်ကဲ့ ဒါဆို ဘယ်လိုလုပ်ရမလဲ နေ့လည် လာခဲ့မယ်"

"ကောင်းပြီလေ ဒါဆို ကိုယ်ရှေ့နေနဲ့ပဲ လုပ်လိုက်တာ ပေါ့"

"ဒါဆို ကျွန်မ သွားပြီး"

"နက်နက်" ရုံးခန်းထဲမှထွက်လာတော့ "ရာဇဝင်"က နောက်မှလိုက်လာကာ





"မော် နံနက်ခင်းကို မနက်စာ လိုက်ကျွေးလိုက်ပါ"

"ကျွန်မ မစားတော့ဘူး ကိုရာဇဝင်"

"မော်က ကိုယ့်ရဲ့ရှေ့နေပါ။ ကိုယ်က မနက်စာစားပြီး သားမို့လို့ ဒွေကိစ္စကို မနက်စာစားသောက်ရင်းနဲ့ မော်နဲ့ပြော ပေါ့၊ သူက စာချုပ်စာတမ်းနဲ့ လုပ်ပေးလိမ့်မယ် ကဲမော်လိုက် သွားတော့"

"မော်"နှင့် "သူမ"ထွက်လာခဲ့ကြသည်။ "မော်"က

"ဘယ်ဆိုင်မှာ စားမလဲ နာနတ်သီး"

"ငါ အရည်တစ်ခုခုပဲသောက်မယ်"

"တော်ပါသေးရဲ့ ငါလည်း အဲဒါပဲဖြစ်စေချင်တာ"

"မော်"က စကားပြောနေရင်းမှ ရုတ်တရက် ရပ်ကာ ငေး နေသည်။ သူမလည်း "မော်"ငေးသည့်ဘက်သို့ ကြည့်လိုက် တော့ "ဂန္ထဝင်"။ စာအုပ်ကလေးပိုက်ကာ အဝင်ဝမှနေ၍ သူမ တို့နှစ်ယောက်ကို ခပ်တည်တည်ဖြင့် ငေးနေသည်။ ဒီလိုပုံစံမျိုး ဆုံရတာ သူမတို့သုံးယောက်အတွက် ဒုတိယအကြိမ်ပါပဲ။

လွန်ခဲ့သော ရှစ်နှစ်လောက်က သူမတို့ ဆယ်တန်းနှစ်က ဖြစ်ပါသည်။ သူမတို့ကျောင်းလမ်းထိပ်တွင် မုန့်ချိုးဆိုင်ရှိပါ သည်။ မုန့်ဝိုင်းဝိုင်းလေးတွင် အလယ်မှာအရုပ်မျိုးစုံ ပါသည်။ ထိုမုန့်ကို အရုပ်ကလေး အလယ်ကောင်တွင် ကျန်လျက်ဘေး နားက မုန့်တွေကို ချိုးပစ်ရသည်။ အလယ်က အရုပ်ကလေး က မပဲ့မရွဲ့ဘဲ ကျန်ခဲ့လျှင် နောက်တစ်ခု လက်ဆောင်ပေးသည်။ ထိုစဉ်က ထိုမုန့်ဆိုင်လေးသည် အလွန်ရောင်းရပါသည်။ ချိုးချိုး နိုင်သော ကလေးတွေက လုံးဝကိုမရှိခဲ့။ "မော်" တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း

"ဟာ သွားပါပြီကွာ ပဲ့သွားပြီ"

"ဘယ်လိုလဲ ရေခဲမုန့် ချိုးလို့မရဘူးလား"

"ဟမ် နာနတ်သီး လာမရစ်စမ်းပါနဲ့ကွာ၊ ဒီမှာ ချိုးလို့မရတဲ့ ကြားထဲ"

"လွယ်လွယ်လေးပါ"

"နင် ချိုးတတ်လို့လား"

သူမက "ဇာဇာ"ကို သူမရဲ့လွယ်အိတ် လှမ်းပေးလိုက်ပြီး "မှော်"ရဲ့ဘေးနားက ခုံမှာ ဝင်ထိုင်လိုက်သည်။ "ဇာဇာ"နဲ့ "ရိုပ်ရိုပ်"ကတော့ သူမတို့နှစ်ယောက်နောက်မှာ ရပ်ပြီး စိတ်ဝင်တစား ကြည့်နေသည်။

"ကဲ ဦးလေးကြီးတစ်ခုပေးပါ ရေခဲမုန့် ငါ လုပ်သလို လိုက်လုပ်လေ"

သူမတို့နှစ်ယောက် မုန့်အဝိုင်းလေး တစ်ယောက်တစ်ခု ကိုင်ကာ စ,ချိုးကြသည်။ ဆိုင်ရှင်ဦးလေးကြီးကလည်း သူ့ဆိုင်တွင် တစ်ယောက်မှ မချိုးနိုင်ခဲ့သော မုန့်ကိုချိုးနိုင်သည်ဟု ပြောသော ဆောင့်ကြွားကြွားကောင်မလေးကို စိတ်ဝင်တစားကြည့်နေလိုက်သည်။

"ကဲ ဒီဘက်ကို တံတွေးစွတ်လိုက် ဟုတ်ပြီ၊ စချိုး ရပြီ နောက်တစ်ဖက် . . . ကဲ ဒါ နောက်ဆုံးတစ်ဖက် နောက်ကို တံတွေးစွတ်လိုက်အုံး၊ ဟုတ်ပြီ ဖြည်းဖြည်းချင်း ချိုးလိုက်တော့ ရပြီပေါ့ ရပြီကွ"

"ဟေး ငါ့မှာလည်း ရပြီကွ"



"ဟုတ်တယ် နက်နက် အရမ်းတော်တယ်"

"မှော်လည်း တော်ပါတယ် ဇာဇာရဲ့"

"ဦးလေးကြီး နောက်တစ်ခုပေးလေ တစ်ခုချိုးနိုင်ရင် နောက်တစ်ခု လက်ဆောင်ပေးမယ်ဆို"

"ဟုတ်တယ် ဦးလေးကြီး ကျွန်တော့်ကိုလဲ ထပ်ပေးပါ"

"ဘာလို့ပေးရမှာလဲကွ တံတွေးစွတ်တာ ငါ့စည်းကမ်းထဲမှာမှ မပါတာ မင်းတို့က တံတွေးစွတ်တာပဲ"

"ဦးလေးကြီး တော်တော်မတရားတာပဲ"

"ဟုတ်တယ် ဦးလေးကြီး ဘာလို့လူလည်လုပ်ကြတာလဲ"

"တောက်၊ ဒီကလေးတွေ သေချင်ပြီထင်တယ်။ ငါခုံနဲ့ ပိတ်ရိုက်လိုက်ရ သေအုံးမယ်"

ထို ဆိုင်ရှင်ကြီးက ခုံကို ကိုင်ကာလိုက်လာတာမို့ သူမတို့ လေးယောက် ပြေးလာကြသည်။ အကွယ်တစ်ခုသို့ရောက်တော့ "နက်နက်"က

"တောက် ဒါ သက်သက်လူလည်ကြတာ"

"ဟုတ်တယ်ကွ ငါလည်း မကျေနပ်ဘူး"

"ငါသိပြီး ဇာဇာ ဒီလူကြီးကို ပညာပေးရမယ်"

"မှော်" က

"ဘယ်လိုပညာပေးမှာလဲ"

လာခဲ့ဟုဆိုကာ သူမက အစီအစဉ်ချပြသည်။ သူမတို့ လေးယောက် ထိုလမ်းထိပ်မှနေ၍ မုန့်လာချိုးသောကလေးများ သူမတို့နှင့် ရွယ်တူများကိုတား၍

"ငါတို့မုန့်သွားချိုးမလို့ ဘာလို့ လမ်းပိတ်

www.burmeseclassic.com



ဖယ်ပေးပါ"

"မဖယ်ပေးဘူး။ သွားစားချင်တဲ့လူရှိရင် ထွက်လာခဲ့၊ ငါ လက်သီးစာမိမယ် လာလေ"

"နက်နက်"က စိန်ခေါ်သည်။ "ဇာဇာ"နှင့် "မော်"က တကယ်ထိုးမဲ့ ပုံတွေနဲ့ဆိုတော့ ကျောင်းသားကျောင်းသူတွေ လုံးဝမလာတော့။ သူတို့လေးယောက် ပျော်လွှန်း၍ ထခုန်ကြသည်။ ဦးလေးကြီးက ထိုနေ့မှစ၍ ဆိုင်လုံးဝပိတ်လိုက်ရတော့သည်။ ထိုစဉ် "ဂန္ထဝင်"ရောက်လာကာ

"နင်တို့ တဲ့ သွားကြပြီပေါ့ဟုတ်လား"

ဟုပြောပြီး ခြေဆောင့်ကာထွက်သွားသည်။ "မော်"က "နက်နက်"ကိုကြည့်ကာ

"နင့်ကြောင့် ငါ့ကို ဝင် အထင်လွဲသွားပြီ ဦးလေးကြီးလဲ ဆိုင်ပိတ်လိုက်ရပြီ။ နင်ဘာလို့ ငါ့ကို ဒုက္ခပေးရတာလဲ။ နာနတ်သီး"

"ငါ ဘာဒုက္ခပေးလို့လဲ နင်ပဲ သဘောတူပြီး ငါတို့နဲ့ လာပေါင်းတာ"

သူမတို့နှစ်ယောက် တစ်ယောက်တစ်ခွန်းပြောရင်း ရန်ဖြစ်ပြီး ထိုးကြိတ်ကြတော့သည်။ ထိုစဉ်ကလည်း ဆရာ "ရာဇဝင်" လိုက်ရှင်းပေးခဲ့ရတာပါပဲ။

* * *



## (၂၀)

"မော်"က ရုတ်တရက် ငေးနေရာမှ "ဂန္ထဝင်"ထံကိုသွားကာ

"ဘယ်သွားမလို့လဲ ဝင်"

"ဂန္ထဝင်"က မဲ့ပြုံးတစ်ချက်ပြုံးပြီး

"အဟင်း ငါ မနက်စာ လာစားတာ နင်တို့ရော"

"မော်"က "နက်နက်"ကို တစ်ချက်လှမ်းကြည့်ရင်း

"ငါတို့လည်း မနက်စာ လာစားတာ"

"ဩော် ထမင်းလက်ဆုံ စားကြမလို့ပေါ့။ ကောင်းသားပဲ ငါနဲ့အတူ စားကြတာပေါ့"

"မော်"က ငြင်းလို့လဲ မကောင်းတော့

"အေးလေ ငါတို့နဲ့အတူ စားကြတာပေါ့၊ ဟဲ့ နက်နက် လာလေ။ ငါတို့ ထမင်းအတူသွားစားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"က နှုတ်ခမ်းဆူကာ ရှေ့မှထွက်သွားသည်။ "မှော်"နဲ့ "ဂန္ဓဝင်"ကလည်း "နက်နက်"၏နောက်မှ ဘာစကား တစ်ခွန်းမှ မပြောဘဲလိုက်ခဲ့ကြသည်။ ထမင်းဆိုင်ရောက်တော့ "နက်နက်"က ထိုင်ခုံမှာဝင်ထိုင်ရင်း

"ရေခဲမုန့် ငါ ဒီဆိုင်က အကောင်းဆုံးနဲ့ ဈေးအကြီးဆုံး အသားကင်စားမယ်"

"ဟမ် အခုနတော့ အရည်တစ်ခုခုပဲ သောက်မှာဆို"

"အခုမှ ဗိုက်ဆာလာလို့ပေါ့ နင်တို့နှစ်ယောက်ရော ဘာမှာမလဲ"

"ဂန္ဓဝင်"က ပြုံးပြီး

"အသားကင်နဲ့ apple chill"

"အိုကေ"

"နက်နက်"က စားပွဲထိုးကောင်လေးကို

"အသားကင် သုံးပွဲနဲ့ apple chill တစ်ခွက်ရယ် chocalate chill နှစ်ခွက်"

"အဟင်း ဟင်း"

"နက်နက်"က ဘာရယ်စရာမှမရှိဘဲ ရယ်နေသော "ဂန္ဓဝင်"ကို မျက်လုံးပြူးပြီး

"ဘာရယ်စရာ တွေ့လို့ ရယ်တာလဲ"

"မဟုတ်ပါဘူး နက်နက် နင်က မှော်ရဲ့အကြိုက်ကို တောင်မှ သိနေလို့ အံ့ဩလို့ပါ"

"မဟုတ်ပါဘူး လူတော်တော်များများက chocalate chill ကို ကြိုက်ကြတော့ မှာလိုက်တာပါ။ ရေခဲမုန့်ကိုလည်း



အရေးတယူ မေးမနေချင်လို့ ရှင်းပြီလား ရေခဲမုန့် chocalate chill ကြိုက်မှန်း အခုမှသိတယ်"

စားပွဲထိုးလေးက စားစရာများ လာချပေးတော့ သူမတို့ စားမလို့ လုပ်နေစဉ် "မှော်"က

"ဝင် နင် ဘယ်တော့လောက် လက်ထပ်မှာလဲ"

"နောက် လဝက်လောက် ဖြစ်မယ်ထင်တယ်"

"နက်နက်"က အသားတစ်ဖဲ့ကိုဖဲ့ပြီး ပါးစပ်ထဲထည့်ရင်း

"ဂန္ဓဝင် နင်က သိပ်တစ်ကိုယ်ကောင်းဆန် မနေဘူးလား"

"ငါက ဘာတစ်ကိုယ်ကောင်းဆန်နေလို့လဲ"

"ရေခဲမုန့်ကိုတော့ ဘာပဲဖြစ်နေပါစေ ငါ့အတွက်ကောင်း ရင်ပြီးရောဆိုပြီး နင့်အတွက်ပဲ နင်ကြည့်တာကိုး"

"နေစမ်းပါအုံး နက်နက် နင်ဘယ်တုန်းကတည်းက မှော် အတွက် ပူတတ်သွားတာလဲ"

"ငါ . . . တောက်"

"တော်တော့ နက်နက် နင်နဲ့ဘာမှ မဆိုင်ဘူး။ နင့်ကိစ္စ မဟုတ်ဘူး။ နင်ဘာမှဝင်မပြောနဲ့ လုပ်စရာမရှိရင် ကိုယ့်ထမင်း ကိုယ်စား"

"နက်နက်"ကို "မှော်"ကအော်တော့ သူမ ငွန်းတွေ ခရင်း တွေချကာ ပိုက်ဆံအိတ်ကို ကိုင်ပြီး ထရပ်လိုက်သည်။ "မှော်"[illegible]

"ဘယ်သွားမလို့လဲ"

"နင်တို့ကိစ္စက ငါနဲ့မှမဆိုင်တာ ငါဒီမှာရှိလဲ [illegible] အဲဒါကြောင့် ငါပြန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးကြီးတာတွေ ဝယ်စားပြီးတော့ ကုန်အောင်လဲ မစားဘူး"

"စိတ်ပူမနေနဲ့ ရေခဲမုန့် ဒီဟာတွေကို ငါမထားခဲ့ပါဘူး။ ပါဆယ်ထုပ်သွားမှာပါ။ နင်လည်း ရင်ပြည့်နေလို့ မစားနိုင်ဘူးမှလား ငါယူသွားမယ်"

"နက်နက်"က စားပွဲထိုးလေးတစ်ယောက်ကို လှမ်းခေါ်ကာ

"မောင်လေး ဒီနှစ်ပွဲကို ပါဆယ်ထုတ်ပေးပါ"

သူမက ပါဆယ်ထုပ်ကိုယူကာ အိမ်သို့ပြန်လာခဲ့တော့သည်။ အိမ်ရောက်တော့ အဝတ်အစား အသစ်ဝတ်ကာ အပြင်ပြန်ထွက်မလို့ ပြင်နေသော "ရိပ်ရိပ်"ကို

"ဘယ်သွားမလို့လဲ ဒီမှာ ဈေးအရမ်းကြီးတဲ့ အသားကင်ဝယ်လာတယ်၊ မစားဖူးလား။ ရုပ်က ဘာဖြစ်နေတာလဲ ပြုံးစိစိနဲ့"

"အဟဲ ငါမစားတော့ဘူးဟ ဆရာက နေ့လည်စာတစ်ခုခုသွားစားမလို့တဲ့ ဖိတ်ထားလို့ အဲဒါ"

"ကိုရာဇဝင်ကို ပြောတာလား"

"အင်း"

"အေးလေ အဲဒါဆိုသွားပေါ့ ငါကတော့ နှစ်ယောက်စာတစ်ယောက်ထဲ စားပစ်လိုက်မှာ"

"ဒါဆို ကောင်းပြီ ငါသွားမယ်နော်"

"သွားပေါ့"

သူမ "ရိပ်ရိပ်" ထွက်သွားတာတော့ အသားကင်မစားဘဲကာတွန်းကား ထိုင်ကြည့်နေလိုက်သည်။ ထိုင်ကြည့်နေရင်း



"မှော်"အကြောင်း တွေးမိလိုက်သည်မို့ ကိုယ့်မျက်နှာကိုယ် ပိတ်ရိုက်ပစ်လိုက်သည်။

"နက်နက်"ဆိုင်ထဲမှ ထွက်သွားတော့ "မှော်"က

"ဝင် ငါလည်းသွားတော့မယ် အလုပ်ရှိသေးလို့"

"သွားလေ ငါတော့ ကျန်ခဲ့အုံးမယ်"

သူပိုက်ဆံရှင်းပြီး ရုံးကိုထွက်လာခဲ့သည်။ ရုံးရောက်တော့လဲ နေ့လည်စာစားချိန်မို့ ရုံးခန်းထဲမှာ ဘယ်သူမှမရှိ။ သူတစ်ယောက်ထဲ ထိုင်ခုံမှာထိုင်ပြီး စဉ်းစားနေမိသည်။

"အင်း ငါမှားသွားပြီ နက်နက်က ငါ့အခြေအနေကိုသိလို့ကူပြီး ငါ့ဘက်က ဝင်ပြောပေးတာပဲ သူငါ့ကို စိတ်ဆိုးသွားလားမသိဘူး။ ဝင်ရဲ့ရှေ့မှာဆိုတော့ သူရှက်သွားမှာပေါ့ ငါကလည်းအကျယ်ကြီးအော်လိုက်မိတာကိုး ငါသွားတောင်းပန်ရမယ်"

သူ "နက်နက်"ထံသို့ သွားမလို့အလုပ်မှာ ရုံးခန်းထဲမှထွက်လာသော "ရာဇဝင်"နှင့်ဆုံသွားသည်။

"ဟင် မှော် ပြန်ရောက်နေပြီးလား၊ နက်နက်ကို မနက်စာ မကျွေးလိုက်ဘူးလား"

"ကျွေးလိုက်ပါတယ် ဈေးအကြီးဆုံးနဲ့ အရသာအရှိဆုံးအသားကင်ကို ကျွေးလိုက်တယ်"

"ငွေကိစ္စရော ရှင်းပြီးပြီလား"

"ဒီနေ့ ကိစ္စလေးနည်းနည်းရှိလို့ နောက်တစ်ပတ် နောက်ဆုံးထားပြီး တင်ပြပါ့မယ်"

"ကောင်းပြီလေ ညနေ အလုပ်မရှိဘူးဆိုရင် ရုံးဆင်းချင်ဆင်းလို့ရပြီ"

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော် အခုပဲဆင်းတော့မလို့ပါ။ သွားလိုက်ပါအုံးမယ်"

"မော့်"က "နက်နက်"ကို တိုက်ခန်းတံခါးရှေ့မှာရပ်ပြီး လူခေါ်ဘဲလ် ခလုပ်ကလေးကို နှိပ်ရင်ကောင်းမလား မနှိပ်ပဲ ပြန်လှည့်သွားရင် ကောင်းမလားဟု တွေဝေလျက်ရှိသည်။

နောက်တော့ ဆုံးဖြတ်ချက်ချလိုက်ပြီး ဘဲလ်ကို နှိပ်လိုက်သည်။

"တီးတော် တီးတော်"

"ဘယ်သူလဲ"

အထဲမှ "နက်နက်"က အော်မေးသည်။

"ငါ မော့် ပါ"

"နက်နက်"က တံခါးဖွင့်ပြီး

"ဘာကိစ္စလဲ"

"ငွေကိစ္စ မရှင်းရသေးဘူးလေ"

"လောလောဆယ် . . . ."

သူမ စကားမဆုံးသေးခင် သူကဖြတ်၍

"အထဲဝင်ပြောမယ်"

ဟုဆိုကာ သူမကိုတွန်း၍ ဧည့်ခန်းထဲဝင်ပြီး ဆိုဖာပေါ်တွင် သွားထိုင်လိုက်သည်။ သူမက ခါးထောက်ပြီး

"ပရမ်းပတာ ဧည့်သည်ပါလား"

"ကဲ ပြောလေ ငွေကိစ္စကို ဘယ်လိုဆပ်မှာလဲ"

"အင်း လောလောဆယ်တော့ လေးဆယ့်ငါးသိန်း အရင်ဆပ်ထားမယ်။ နောက်တစ်လကုန်တိုင်း ငါးသိန်းစီဆပ်မယ်



ဘယ်လိုလဲ"

"မော့်"က မတ်တပ်ရပ်နေသော "နက်နက်"ကို မော့်ကြည့်ပြီး

"ငါ နင့်ကို တကယ် အားနာပါတယ်၊ တောင်းပန်ပါတယ် နက်နက်"

"ဘာကိုလဲ"

"အခုနက ထမင်းဆိုင်မှာဖြစ်ခဲ့တဲ့ ကိစ္စကိုပေါ့။ ဝင်ရှေ့မှာ နင့်ကို အော်လိုက်မိတယ် တကယ်ဆို နင်က ငါ့ဘက်က လိုက်ပြောပေးတာပဲ။

"နက်နက်"က ကြည်ကြည်လင်လင်လေး ပြုံးကာ

"ငါလည်း နင့်ကို တောင်းပန်ပါတယ်"

"ဘာကိုလဲ"

"တကယ်ဆို နင့်ရဲ့အခြေအနေမှန်ကို ဂန္ထဝင်ရှေ့မှာ မပြောသင့်ဘူးလေ။ သူသာနင့်အခြေအနေကို သိသွားရင် ပိုပြီး အားရကျေနပ်သွားမှာပေါ့ ငါလည်း ဒီလိုပဲ"

"ဟုတ်တယ် ငါတစ်ခု စဉ်းစားမိတယ်ဟ၊ ငါတို့နှစ်ယောက်စလုံး ဘာလို့ သူတို့ကို အကုန်မချစ်လိုက်ရတာလဲ မသိဘူးနော် တကယ်ဆို သူတို့က ဒီလောက်ကိုယ့်ကို စွန့်ပစ်သွားတာ ငါတို့ အရှုံးကြီးကို ခံစားရမှာပေါ့"

"ဟုတ်တယ်နော်၊ သူတို့ကို ငါတို့ သိပ်မချစ်ခဲ့လို့ပဲ ဖြစ်ရမယ်"

"နာနတ်သီး နင်ဗိုက်မဆာဘူးလား"

"ငါအခုနက အသားကင် လုံးဝ မစားရသေးဘူး"

www.burmeseclassic.com



“ဒါဆို ငါတို့တစ်ခုခုသွားစားရအောင်”

“နင်ကျွေးမယ်ဆိုရင် သွားစားမယ်လေ”

“အဟင်း ဟင်း လူလည်မ”

သူမတို့နှစ်ယောက် လမ်းလျှောက်ရင်း ထွက်လာခဲ့ကြသည်။ လမ်းထိပ်ရောက်တော့ မုန့်ချိုးသည့်ဆိုင်လေး တစ်ဆိုင်ကို တွေ့ရသည်။ “မော့်” က

“ဟာ ဒီလိုဆိုင်တွေ ပြန်ဖွင့်နေတယ်”

“အဟောင်းတွေ ပြန်ခေတ်စားလာတာလေ ဟဲ ဟဲ”

“နင့်အစွမ်းကော အရင်လိုပဲလား”

“စိန်လိုက်လေ”

သူမတို့နှစ်ယောက် မုန့်ဝင်ချိုးကြသည်။ “နက်နက်” ချိုးနေသည့် ပုံလေးကို “သူဘေးနားကထိုင်ပြီး ငေးနေရင်း ဟိုတုန်းက မုန့်ချိုးနေသော “နက်နက်”ရဲ့ပုံလေးကို မြင်ယောင်လာသည်။ “နက်နက်”က မုန့်တစ်ခုချိုး၍ ရသော အသဲပုံလေးကို ကိုင်ကာ

“ဒီမှာ ရပြီတွေ့လား၊ ရေခဲမုန့် ငါ့အစွမ်းက အရင်အတိုင်းပဲ လုံးဝမပြောင်းလဲဘူး”

ဟုဆိုကာ မြှောက်ကာပြောသည်။ သူက “နက်နက်” ဘက်လှည့်ပြီး ပါးစပ်ဟပေးလိုက်တော့ “နက်နက်”က သူ့ပါးစပ်ထဲကို ထိုအသဲလေးထည့်ပေးလိုက်သည်။ ထိုအချိန်ခဏလေးတွင် သူ့ရင်ထဲ ဘာကြောင့်ရယ်မသိ နွေးကနဲခံစားလိုက်ရသည်။ သူတို့နှစ်ယောက် ထိုဆိုင်လေးမှ ထွက်လာပြီး အိမ်သို့ပြန်လာခဲ့တော့သည်။ သူနှင့် “နက်နက်”တို့တိုက်က သိပ်မဝေးခြေ



လေးတိုက်လောက်ပဲ ခြားသည်။

“ဟား အခုမှဗိုက်နည်းနည်း တင်းသွားတော့တယ်။ အိမ်ရောက်မှ အသားကင်ထပ်စားမယ် ဟဲဟဲ”

ဟုဆိုကာ ဗိုက်ကိုလက်နှစ်ဖက်ဖြင့် တစ်ဖုတ်ဖုတ်ပုတ်ရင်း ပြောနေသည်။

“ဟဲ့ အဲဒါ ဘာလုပ်တာလဲ”

“အင်း နင်ကတော့ နင့်ရဲ့ ဂန္ထဝင်မင်းသမီးလေးကိုပဲ မြင်နေကျမှာ ငါ့လို မိန်းကလေးမျိုးကိုမြင်တော့ အထူးအဆန်းဖြစ်နေမှာပဲနော်”

“ဟုတ်တယ်ဟ ဒါပေမဲ့ တစ်ခါတလေ အဲလိုပွင့်ပွင့်လင်းလင်းရှိမှ ပေါင်းရတာ ကောင်းတယ်”

“နင် တော်တော် ပြောင်းလဲလာတယ်”

“ကဲ ငါတို့တိုက်ကိုရောက်ပြီ ငါဝင်ကျန်ခဲ့တော့မယ်”

“အေးဒါဆို ငါသွားပြီနော်”

“မော့်”က တိုက်ထဲဝင်သွားသည်။ “မော့်”က တိုက်လှေကားပေါ် တက်သွားတော့ “နက်နက်”က နောက်မှပြေးလိုက်သွားကာ “မော့်”ရဲ့နောက်စိကို “ဖောင်း”ကနဲ ပိတ်ရိုက်ပြီး ထွက်ပြေးလာခဲ့တော့သည်။

“မော့်”တစ်ယောက် ခေါင်းလေးကို ပွတ်ကာ တစ်ယောက်ထဲ ရယ်ရင်း တိုက်ခန်းထဲဝင်လာခဲ့သည်။ မကြီးက

“လာခဲ့စမ်း ကောင်စုတ်လေး၊ ငါ့ကိုဘာလို့ အတော မပြောတာလဲ”

“မကြီး ဘာလဲဗျာ၊ ယောက်ဖ မကြီးဘာဖြစ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ဟဲ့ ခုနက ငါ ဂန္ဓဝင်နဲ့သွားတွေ့တယ်၊ နင်နဲ့လမ်းခွဲလိုက်ပြီဆို။ ငါ့ကိုဘာလို့ အစက မပြောတာလဲ။ နင်တစ်ယောက်ထဲ ဘာလို့ ကြိတ်ခံစားနေရတာလဲ"

"မကြီးကလဲဗျာ ဘာလို့ ကျွန်တော့်ကိုမပြောဘဲ လုပ်ရတာလဲ"

"ဟဲ့ နင်တို့လမ်းခွဲတာကို ငါကသိတာကိုး။ မသိလို့ပေါ့ မောင်လေး သနားပါတယ်ဟယ်"

"ရပါတယ် မကြီးရယ်၊ ကျွန်တော် မေ့နိုင်အောင် ကြိုးစားရမှာပေါ့"

"သူထားခဲ့လို့ နင့်မှာ ဟိုရောဂါရတာလား မှော်"

"ဟာ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် သွားအနားယူတော့မယ်"

"မှော်" အခန်းထဲသို့ ဝင်ကာ ကုတင်ပေါ်မှာလှဲရင်း "နက်နက်"နှင့် မုန့်အတူချိုးခဲ့တာတွေကို မြင်ယောင်နေမိသည်။

သူမ "မှော်"နှင့်အတူ မုန့်ချိုးပြီး အိမ်သို့ရောက်တော့ အသားကင်တွေကို ပန်းကန်ထဲထည့်ကာ တစ်ယောက်တည်း စားသောက်နေစဉ်

"နက်နက် စားနေပြီလား၊ ငါပြန်လာပြီ"

"ရိပ်ရိပ်"ရဲ့ ဘေးနားကရပ်နေသော "ရာဇဝင်"ကို မြင်တော့ "နက်နက်"သောက်နေသောရေ သီးသွားသည်။

"အဟွတ် အဟွတ်"

"ဟဲ့ နက်နက် ဘယ်လိုဖြစ်တာလဲ ရရဲ့လား"

"ရတယ် ရတယ် ဒါနဲ့ရိပ်ရိပ် မိန်းကလေးတွေနေတဲ့ အိမ်



ကို ဘာလို့ယောကျ်ားလေး ခေါ်လာရတာလဲ"

"ရာဇဝင်"က "နက်နက်"ဘေးကစားပွဲခုံမှာ လက်တင်ပြီး ဝင်ထိုင်ကာ

"ရိပ်ရိပ်ဆီကိုလာတာ၊ လာပြီး မပတ်သက်နဲ့၊ ရိပ်ရိပ်နဲ့ ကိုယ်နဲ့က သူငယ်ချင်းတွေ"

"ဟမ်"

"နက်နက်က နှစ်ယောက်စာကို တစ်ယောက်တည်း စားနေတယ်"

"ဟုတ်တယ်၊ ကျွန်မက အစားကြီးတယ်"

"ကဲ ရိပ်ရိပ်ရေ ကိုယ်သွားတော့မယ်"

ထိုစဉ် "နက်နက်"ရဲ့ လက်ကိုင်ဖုန်းလေးမှ အသံမြည်လာသည်။

"ဟဲလို ဟာ ကီကီပြော"

"နေကောင်းပါတယ်၊ ဘာလို့ နက်တို့အိမ်ကို မလာတာလဲ"

"ဩော် အေး ဒါဆို မနက်ဖြန်တစ်နာရီ တာပေါင်ကို သွားမယ်လေ"

"ဟုတ်ပါပြီ ဒါဆို ငါးဖမ်းပိုက်နဲ့ ပုံးတွေယူလာခဲ့နော်"

"နက် အိမ်ကပဲ စောင့်နေမယ်၊ ဒါနဲ့ဘယ်သူတွေပါမှာလဲ"

"အားလုံး ရှစ်ယောက် ဟုတ်လား၊ ဒါဆို နက်နဲ့ဆို ကိုးယောက်ပေါ့။ အိုကေ ဒါပဲနော်"

သူမ ဖုန်းချလိုက်သည်။ "ရိပ်ရိပ်"က

"ကီကီက ဘာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် တာပေါင်က ငါးကန်တွေ ရေလျှံနေလို့တဲ့ ငါးတွေ အများကြီးပဲ သွားဖမ်းမလို့ နင်လိုက်မှာလား"

"ငါမလိုက်တော့ဘူး နက်နက်ရယ်၊ မနက်ဖြန် ငါ ကား သန့်ရှင်းရေးလုပ်မလို့"

"အိုကေလေ ဒါဆို ငါနဲ့ကလေးတွေပဲ သွားလိုက်မယ်"

"ကဲ ကဲ ကိုယ်လဲ ပြန်လိုက်အုံးမယ်"

"ဪ ဟုတ်ကဲ့ ကိုရာဇဝင် နောက်မှတွေ့မယ်နော်"

"ရိပ်ရိပ်"က နှုတ်ဆက်ရင်း ထွက်သွားသော "ရာဇဝင်"ကို လက်ပြလိုက်သည်။ "ရာဇဝင်"ထွက်သွားတော့ "နက်နက်"က "ရိပ်ရိပ်"ရဲ့ တင်ပါးကို တဖုန်းဖုန်းရိုက်ပြီး

"ရိပ်ရိပ်မ နင့်အကြံ ငါမသိဘူး ထင်လို့လား၊ ဟမ် ငါ့ကို တော့ ကြားကအောင်သွယ်ပေးဖို့ မကြိုးစားနဲ့နော်"

"နာလိုက်တာ ကောင်မစုတ်"

* * *



(၂၁)

သူမ နာရီကြည့်လိုက်တော့ တစ်နာရီထိုးပြီ။ ထိုစဉ် တံခါး ခေါက်သံကြားရသည်။ "နက်နက်"တံခါး သွားဖွင့်လိုက်တော့ ကလေးတွေတစ်အုပ်ကြီး တွေ့ရသည်။ သူမက ပုံးနှင့်ငါးဖမ်း ပိုက်ကလေးကိုကိုင်ကာ

"ဟာ ကလေးတွေအများကြီးပဲ ဟော မျှော်လေးလဲ ပါ တာကိုး။ ရိပ်ရိပ်ရေ တံခါးလာပိတ်အုံးဟေ့ ငါတို့သွားပြီ လာ သွားကြမယ်"

သူမတို့တိုက်အောက်ရောက်တော့ ပလက်ဖောင်းပေါ် မှာ ရပ်ကာ သူမက

"ကဲ ကလေးတို့ ငါတို့တွေ ဘယ်ကားစီးသွားကြမလဲ တာပေါင်ကို သက်သက်သာသာနဲ့ရောက်အောင်"

"ကိကိ"က

www.burmeseclassic.com

www.burmeseclassic.com



"နက် ပါရမီ စီးသွားရင် ရောက်တယ်"

"ဒါဆို ပါရမီပဲ စီးကြတာပေါ့ ကဲသွားမယ်"

ထိုစဉ် "ရာဇဝင်"ရောက်လာကာ

"ကလေးတွေကို ဒုက္ခခံနိုင်းမလို့လား၊ ကိုယ်ကားအကြီးကြီးယူလာတယ်။ အဲဒါနဲ့ပဲ သွားရအောင်"

သူမ "ရာဇဝင်"ကိုကြည့်ရင်း သူ့ရဲ့"မီနီဘတ်စ်" ပုံစံကားမို့လို့

"ကလေးတွေကို ဒုက္ခမခံစေချင်လို့ ဒီတစ်ခါတော့ အကူအညီယူလိုက်မယ်"

"နက် အဲဒါ နက်ရဲ့ချစ်သူလား"

ကလေးတစ်ယောက်က ဝင်မေးသည်။

"ဟာ မဟုတ်ပါဘူး"

"ရာဇဝင်"က ရယ်၍

"မင်းတို့ နက်က ကိုယ့်ကို သူ့ချစ်သူဆိုတာ ဘယ်တော့မှ လူတွေရှေ့မှာ ဝန်မခံဘူးကွ၊ ကဲ ကဲ ကလေးတို့ ကားပေါ်တက်ကြ"

"ဟေး"

ကလေးတွေက သူမကိုပါ ဆွဲခေါ်သွားတာမို့ သူမမှာ ရန်တွေ့ချိန်မရလိုက်။

"မှော်"ဒီနေ့ ရုံးပိတ်ရက်မို့ တဝကြီးအိပ်ပစ်လိုက်သည်။ အိပ်ရာကနိုးတော့ နေ့လည်တစ်နာရီထိုးနေပြီ။ သူ့အခန်းတံခါးဖွင့်ပြီး ဧည့်ခန်းကို ကြည့်လိုက်တော့ စာအုပ်ဖတ်နေသော "မကြီး"ကိုတွေ့ရသည်။ သူက "မကြီး"ကို နောက်မှသိုင်းဖက်လိုက်ပြီး



"မကြီး ကျွန်တော် တောင်းပန်ပါတယ်"

"မှော် ရယ် မှော်ကိုတောင် မကြီးက သနားနေတာ"

"ရပါတယ်၊ ကျွန်တော် အခု သူ့ကိုမေ့နိုင်အောင် ကြိုးစားနေပါတယ်။ ဒီလိုအချိန်မှာ မကြီးက ကျွန်တော့်ရှေ့မှာ သူ့အကြောင်း မပြောပါနဲ့"

"အေးပါ မောင်လေးရယ်"

သူထမင်းစားသောက်ပြီး "နက်နက်"တို့အိမ်သို့ ထွက်လာခဲ့သည်။ "နက်နက်"တို့ တိုက်ရှေ့ရောက်တော့ ကားရေဆေးနေသော "ရိပ်ရိပ်"ကို တွေ့ရသည်။ "ရိပ်ရိပ်"က သူ့ကိုတွေ့တော့ လက်ပြကာ

"ဘယ်သွားမလို့လဲ မှော်"

"ဘယ်ရယ်လို့ မဟုတ်ပါဘူး ဒါနဲ့ နက်နက်ရော"

"နက်နက် ကလေးတွေ တစ်ဖွဲ့နဲ့ တာပေါင်မှာ ငါးသွားမျှားတယ်လေ ရေထဲဆင်းပြီး ဖမ်းရင်ဖမ်းနေမှာ"

"ဒါဆို ငါသွားတော့မယ်နော်၊ နောက်မှတွေ့မယ်"

"အေး . . . တာ့ တာ"

သူတာပေါင်သို့ လိုက်လာခဲ့သည်။ ရေကန်လေးတွေက တိမ်တိမ်လေးတွေပါပဲ။ သူ အပင်အောက်က ရပ်ကြည့်လိုက်သည်။ ဂျင်းဘောင်းဘီတိုလေးနှင့် အပေါ်က အကျီလက်ပြတ် အဝါလေးကိုဝတ်ထားကာ ကလေးတွေနှင့်အတူ ရေထဲမှာ ငါးဖမ်းနေလေသည်။

"ဟာ ကလေးလား၊ လူကြီးလားကွာ"

www.burmeseclassic.com



သူရှေ့ရှုတ်လိုက်သည်။ "နက်နက်"ကိုကြည့်ရင် ပြုံးနေရာမှ သူမျက်လုံးက "ရာဇဝင်"ကို မြင်သွားသည်။

"ဟင် သူတို့က ဘယ်လိုလုပ် ဒီရောက်နေတာလဲ၊ တောက်"

သူအိမ်သို့ ပြန်လာခဲ့သည်။ တိုက်အောက်ဆုံးထပ် လှေကားမှာထိုင်ကာ သူမ ပြန်အလာကိုစောင့်နေမိသည်။

သူမတို့ကလေးတစ်သိုက်နှင့် ငါးဖမ်းကြရင်း သူမက

"ဟဲ့ ဘယ်နှစ်နာရီတောင် ရှိပြီလဲ ပြန်ရအောင်။ နောက်မှ လာကြမယ်၊ အခုအိမ်က လူကြီးတွေ စိတ်ပူနေလိမ့်မယ်"

"ရာဇဝင်"က

"ကဲ ကလေးတို့ရေ ဒီတစ်ခါတော့ ပြန်ကြမယ်။ နောက်တစ်ပတ်ကျရင်တော့ အရမ်းလောကြီးတဲ့ မင်းတို့ရဲ့ နက်ကို မခေါ်ပဲ တို့တွေပဲ လာရအောင်"

"ဟေး ဟုတ်တယ်"

"ဟုတ်တယ်"

သူမတို့ပြန်လာကြစဉ် သူခလုတ်တိုက်ကာ ခြေထောက်နာသွားသည်။ ဒါပေမဲ့ ကားပေါ်ရောက်တော့ ကလေးတွေကို ကလေးတွေကို တစ်ယောက်ချင်းစီကို အိမ်ကိုလိုက်ပို့ကာ သူမကတော့ နောက်ဆုံးမှ အိမ်ပြန်ခဲ့တော့သည်။ သူမ ကားပေါ်က ဆင်းကာ

"ကျေးဇူးတင်ပါတယ် ကိုရာဇဝင်"

"ရပါတယ် ဒါဆို ကိုယ်သွားပြီးနော်"

သူမတိုက်ခန်းလှေကားပေါ်တက်မလို့ လုပ်နေစဉ်



"နှစ်ယောက်သားချိန်းပြီး လျှောက်လည်ကြတယ်ပေါ့ ဟုတ်လား"

သူမလှည့်ကြည့်လိုက်တော့ ခါးထောက်ပြီး ရပ်နေသော "မော်"ကို တွေ့ရသည်။

"လျှောက်လည်တာ မဟုတ်ပါဘူး ငါးသွားဖမ်းတာပါ"

"မော်"က သူမကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

"ဟင် နက်နက် နင့်ခြေထောက်မှာ သွေးတွေအများကြီးပဲ ဘာဖြစ်တာလဲ"

"မော်"က အလန့်တကြားအော်တော့ သူမရဲ့ခြေထောက်ကို ပြန်ငုံ့ကြည့်မိလိုက်သည်။

"ဟယ် ဟုတ်ပါရဲ့ သွေးတွေအများကြီးပဲ၊ နာလိုက်တာ ကျွတ်ကျွတ်၊ အခုမှ သတိရတယ်ဟ ငါ ကားပေါ်အတက်မှာ ခလုတ်တိုက်မိတယ်၊ အဲဒါကြောင့်ထင်တယ်"

"ဟိုနားကလမ်းထိပ်မှာ ဆေးခန်းရှိတယ် လာ နက်နက် အဲဒီကိုသွားမယ် နီးနီးလေးပဲ"

"ရာဇဝင်"တစ်ယောက် ဒီနေ့ဖြစ်ပျက်ခဲ့သော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများကို ကားပေါ်တွင် ပြန်စဉ်းစားလာခဲ့သည်။ အမှတ်တမဲ့ ခေါင်းငုံ့လိုက်တော့ ကားကြမ်းခင်းမှာ သွေးကွက်ကြီး။

"ဟင်"

သူ့လက်နှင့် ကိုင်ကြည့်လိုက်သည်။ ဒီနေရာမှာ "နက်နက်"ထိုင်သွားတာပဲ။ "နက်နက်"ရဲ့ ခြေထောက်။

"မော်ချွန်၊ ကားကို ပြန်ကွေ့စမ်း"

ကားမောင်းနေသော မော်ချွန်က သူ့ကိုလှည့်ကြည့်ကာ

"ဘာဖြစ်လို့လဲ ဆရာ"

"မမေးနဲ့ ငါလုပ်ခိုင်းတဲ့အတိုင်းလုပ်"

"ဟုတ် . . . ဟုတ်ကဲ့"

လူအရမ်းစိတ်ပူသွားသည်။ "နက်နက်"တစ်ယောက် ခြေထောက် ဘာများထိခိုက်မိလို့လဲ။ သူတို့ကား "နက်နက်"တို့ လမ်းကိုရောက်တော့ "မှော်"

ထွက်သွားတော့သည်။

"မော်ချွန် ကားကိုပြန်လှည့်တော့"

"ဗျာ"

"ကားကို ပြန်လှည့်တော့လို့ ပြောနေတာ"

သူ့အော်လိုက်မှ ကားကိုပြန်လှည့်တော့သည်။

* * *



(၂၂)

သူမတို့ ဆေးခန်းကိုရောက်တော့ ဆရာဝန်က ခြေထောက်ကို ရေဆေးကာ ချုပ်ရသည်။ ရှစ်ချက်တောင် ချုပ်ရသည်။ ဆရာဝန်ကြီးက "နက်နက်"ကို သေချာကြည့်၍

"သမီးက နံနက်ခင်းမှလား"

ဆရာဝန်ကြီးက ထိုသို့မေးသည့်အခါမှ "နက်နက်"က ဆရာဝန်ကြီးဆိုသောသူကို ကြည့်မိလေသည်။ ခုနကတော့ အနာက အရမ်းနာနေသည်မို့ သတိမထားမိခဲ့။

"ဟို . . . ဟို ဆရာဝန်ကြီးမှလား ဟင်"

"ဟုတ်တယ်၊ မင်းတို့ ကိုးတန်းနှစ်မှာ မင်းတို့ရဲ့မြို့ကို တာဝန်ကျခဲ့တဲ့ ခရိုင်ဆရာဝန်ကြီးပါ"

"ဆရာက ကျွန်တော်တို့ကို မှတ်မိတယ်"

"မင်းက မော့်မှလားကွ၊ ငါက မင်းတို့ကို မမှတ်မိဘဲ ..."

www.burmeseclassic.com

www.burmeseclassic.com



မလား၊ နံနက်ခင်းက အဆိုးဆုံးပဲ၊ ဂျူဒိုကစားလို့ လက်ကျိုးရတာနဲ့ ပျဉ်ပြားကို ခြေထောက်နဲ့ကန်လို့ ခြေထောက်ကျိုးရတာနဲ့ အမျိုးစုံဖြစ်ဖူးတာပဲ"

"ဟဲ ဟဲ ဆရာဝန်ကြီးကလည်း နက်နက် ခြေထောက်ကျိုးတာ သူ့ကြောင့်ပေါ့"

"နက်နက်"က "မှော်"ကို မျက်စောင်းလှမ်းထိုးရင်း ပြောသည်။

"အောင်မာ ဘာင့်ါကြောင့်လဲ"

"ဟုတ်တာပဲ ဒီလိုဆရာဝန်ကြီးရဲ့ နက်နက်က ထင်းရှူးပြားကို ခြေထောက်နဲ့ ကန်နိုင်တယ်လို့ပြောတာ အဲဒါကို သူက မယုံဘူး၊ ဒါနဲ့ပဲ နက်နက်က သူ့ကို ထင်းရှူးပြားကို ကိုင်ခိုင်းထားတယ်။ နက်နက်က ခြေထောက်နဲ့ အဲဒီထင်းရှူးပြားကို ကျိုးအောင် ကန်မယ်ပေါ့၊ နက်နက်လည်း ကီးသွင်းပြီး ပြေးအကန် နက်နက်က ခြေထောက်နှစ်ဖက်စလုံးနဲ့ ကန်မှာဆိုတော့ လူတစ်ကိုယ်လုံးက လေထဲရောက်နေပြီ အဲဒါသူက ကောင်းကောင်းမကိုင်ပဲ ကြောက်ပြီး ကြမ်းပြင်ပေါ်မှာ အိပ်ချလိုက်တော့ နက်နက် ပြုတ်ကြရောပေါ့"

"ဟား ဟား ဟား ဟား"

"မှော်"ရော "ဆရာဝန်ကြီး"ရော ဝိုင်းရယ်ကြသည်။ "ဆရာဝန်ကြီး"က

"မှော်က နက်နက်ကို မထူပေးဘူးလား"

"မထူပေးဘူး"

"မှော်က ဘာလို့ ကိုယ့်သူငယ်ချင်းကို မထူပေးတာလဲ"



"ကျွန်တော် သူ့ကို မထူပေးတာက အရင်တခြားသူမှာတွေမှာဆိုရင် ကျွန်တော့်ရှေ့မှာသာ သူက မှုယာမာယာများနဲ့နေတာ ကျွန်တော့်ကွယ်ရာမှာဆို အကောင်းအတိုင်း ပြန်ဖြစ်သွားရော အဲတော့ ကျွန်တော်က သူဖြစ်တယ် ဆိုတာကို မယုံတော့ဘူးပေါ့"

"အဲဒီတုန်းက နက်နက်မှာ အရမ်းနာတာပေါ့ ပြီးတော့ သူကလဲ အပြစ်လုပ်သေးတယ်။ သတင်းတောင် လာမမေးဘူး"

"ငါလာမမေးရဲလို့ပါဟာ နင်က ငါ့ကို လက်သီးနဲ့ထိုးမှာပေါ့။ ဒါပေမဲ့ ငါပစ္စည်းလေးတစ်ခုတော့ ထားခဲ့ပါတယ်ဟာ"

"ဘာထားခဲ့တာလဲ"

"နင့်တို့ခြံရှေ့မှာလေ စက္ကူအပြာရောင်လေးနဲ့ ခြေထောက် အမြန်ကောင်းပါစေလို့လေ"

"ဟင် အဲဒါ နင်လာထားတာလား၊ ငါခြံထဲမှာ ကစားနေတုန်း မေမေကလာပေးတာဟ တစ်ယောက်ထဲ အရမ်းပျင်းနေတုန်း ဒီလို ဆုတောင်းစာလေးရတော့ အရမ်းပျော်သွားတာပေါ့။ ဘယ်သူလာထားတယ်ဆိုတာ မသိပေမယ့် အဲဒီစာပိုင်ရှင်ကိုတော့ ငါအရမ်းကျေးဇူးတင်နေတာ အခုထက်ထိ သိမ်းထားတယ်"

"တကယ်"

"တကယ်ပေါ့"

"ဆရာဝန်ကြီး"က သူမတို့နှစ်ယောက်ကို ပြုံးကြည့်ရင်း

"အခုတော့ နှစ်ယောက်စလုံး တဲ့ရုံတင်မဟုတ်ဘူး ချစ်သူတွေတောင် ဖြစ်သွားကြပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com


“ဟာ ဆရာဝန်ကြီးကလည်း မဟုတ်ပါဘူး”

“နက်နက်” မျက်နှာနီရဲကာ ပြောသည်။ “မှော်”က

“ကျွန်တော်တို့ ပြန်လိုက်ပါအုံးမယ်”

“အေး အေး ကောင်းပါပြီကွာ”

“ငါးသွားဖမ်းတာ ပုလင်းကွဲပြတ်ထိလာတာလေ ရှစ်ချက်တောင် ချုပ်ရတယ်”

“ရှစ်ချက်တောင် ဖြစ်မှဖြစ်ရလေ နက်နက်ရယ် အရမ်းနာမှာပေါ့”

“ရပါတယ်ဟာ ရေခဲမုန့် နင်လည်း ပင်ပန်းနေပြီ သွားတော့လေ ပြီးတော့ နင့်ကို အရမ်းကျေးဇူးတင်ပါတယ်”

“ရပါတယ် နင်လည်း အိပ်ပျော်အောင်အိပ်နော်”

“အေးပါ”

“ရိပ်ရိပ် ငါသွားတော့မယ် နောက်မှတွေ့မယ်”

“အေး အေး မှော် တာ့တာ”

“မှော်”ထွက်သွားတော့ “ရိပ်ရိပ်”က

“ကံကောင်းလိုက်တာ နက်နက်ရယ် နင်ခြေထောက်ရှတာ အရမ်းကံကောင်းတာပဲ။ မှော်ရဲ့ ဂရုစိုက်တာလဲ ခံရသေးတယ်၊


“အပိုတွေ ပြောမနေပါနဲ့ ရိပ်ရိပ်ရယ် ဒီမှာ အနာကနာလွန်းလို့ သေတော့မယ်”

“ကဲ ကဲ အိပ်တော့ ငါလည်း အိပ်တော့မယ်၊ ဂွတ်နိုက်”

“ဂွတ်နိုက်”

* * *





www.burmeseclassic.com

www.burmeseclassic.com



# (၂၃)

သူမ အိပ်ရာကနိုးတော့ အနာက နည်းနည်းသက်သာသည်။ သူမမျက်နှာသစ် သွားတိုက်ကာ အိမ်ရှေ့ကို ခြေတပေါင်ကျိုးဖြင့် သွားလိုက်သည်။ အိမ်ရှေ့ဧည့်ခန်းရောက်တော့ “ရိပ်ရိပ်”က

“နက်နက် သက်သာလား”

“အေး ဒီနေ့ နင်အပြင်သွားစရာမရှိဘူးလား”

“ရှိတယ် ခဏနေရင်သွားမှာ”

“ဘယ်ကိုလဲ”

“ငါ အန်တီလေးနဲ့ မိဘမဲ့ဂေဟာကိုသွားမလို့လေ”

“ဘာသွားလှူမလို့လဲ”

“အကျီတွေပေါ့၊ ငါနဲ့သိပ်မတော်တဲ့ အကျီအကောင်းလေးတွေ ရှိတာယ်မှုလား။ အဲဒါတွေနဲ့ နောက်ပြီး မနက်စာလည်း



ကျွေးမလို့။

“ငါ့မှာလည်း အကျီတွေ ရှိတယ်လေ။ အဲဒါတွေလည်း ယူသွား၊ ငါထုတ်ပေးမယ်”

“ငါရောကူရမလား”

“ရတယ် ငါလုပ်နိုင်ပါတယ်”

သူမ ဗီရိုတွေထဲက အဝတ်အစားတွေ ထုတ်လိုက်သည်။ အဝတ်အစားတွေ ထုတ်လိုက်တော့ ထောင့်တစ်နေရာမှ ငွေရောင်ဖဲကြိုးလေး စည်းထားတဲ့ ခဲသားရောင်စက္ကူဗူးလေးကို ယူကာ ဧည့်ခန်းထဲမှာ ထွက်ထိုင်လိုက်သည်။ ဗူးအဖုံးလေးကို ဖွင့်ပြီး အထဲမှပစ္စည်းလေးများကို ကိုင်ကြည့်လိုက်သည်။ ဖန်ဂေါ်လီလေးများ၊ အရုပ်ကလေးများ၊ လက်မှာပတ်ရသော လက်ပတ်ရောင်စုံလေးများ၊ ဒီပစ္စည်းတွေဟာ “သင်္ကေတ” ဝယ်ပေးထားတဲ့ပစ္စည်းလေးတွေပေါ့။ စာရွက်အပြာရောင်လေး တစ်ရွက် ဗူးထဲမှထွက်ကျသွားသည်။ သူမ ကောက်ခါ ဖွင့်ဖတ်လိုက်သည်။ သူမ အလွတ်ရနေသော စာကြောင်းလေးတစ်ခု

“ခြေထောက် အမြန်ကောင်းပါစေ”

သူမ ဖတ်ပြီး ပြုံးလိုက်မိသည်။ သူမ ခြေထောက် အခုချက်ချင်း ကောင်းသွားသလို ခံစားလိုက်ရသည်။ အဲဒါ ဘာကြောင့်လဲ။

“မှော်” အိပ်ရာကနိုးတော့ အိမ်ရှေ့ဘက်က ဆူညံဆူညံနှင့် အသံကြားရသည်။ သူအပြင်ထွက်ကြည့်တော့ အပြင်သွားရန် လုပ်နေသော အစ်မကို ယောက်ဖက ဆွဲထားကာ မှုန်ရှုန်ဆန်ခက်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



*“ဘာဖြစ်တာလဲ ယောက်ဖ”*

“ဒီမှာလေ မင်းအစ်မပေါ့ ဂန္ဓဝင်ကို သွားရန်တွေ့မလို့တဲ့”

“မကြီးရယ် ဘယ်လိုဖြစ်နေတာလဲဗျ၊ ကျွန်တော် မေ့အောင် ကြိုးစားနေရတာလေ၊ အခု မကြီးက ဒီလိုအလုပ်မျိုးတွေ လုပ်နေတော့ ကျွန်တော်က ဘယ်လို မေ့လို့ရတော့မှာလဲ”

“မှော် ခံစားနေရတာကို မကြီး မကြည့်ရက်လို့ပါဟယ်”

“ကျွန်တော် ဘာမှမခံစားရပါဘူးဗျာ။ အခု ကျွန်တော် သူ့ကို မေ့သလောက်တောင် ဖြစ်နေပြီ”

“တကယ်လား ဟင်”

“တကယ်ပေါ့၊ မကြီးရဲ့ ယောက်ဖ ကူပြောပေးပါအုံး”

“ကဲပါ မိန်းမရာ မှော်က ကလေးမှမဟုတ်တော့တာ။ ဒီကိစ္စတွေက ပြီးသွားပါပြီ။ ကဲ ဒီနေ့အပြင်မှာပဲ မနက်စာ သွားစားတာပေါ့ လာ အခုတစ်ခါတည်း သွားမယ်”

“ဟုတ်တယ် မောင်လေး လာ”

“မှော်”ကို သူမတို့လင်မယား နှစ်ယောက်က အတင်းဆွဲခေါ်ကာ “ဘဲလေး”စားတော်ဆက်သို့ လာခဲ့ကြသည်။ ဆိုင်ထဲဝင်တော့ “မှော်”က

“ယောက်ဖတို့ကလဲဗျာ၊ ကျွန်တော့်မှာ အကျီတောင် မလဲခဲ့ရဘူး အိမ်နေရင်းအကျီကြီးနဲ့”

“မှော်”က တီရှပ် မီးခိုးရောင်လေးကို ဂျင်းဘောင်းဘီအူဖုံလေးနှင့် တွဲဝတ်ထားသည်။ သူက အကျီကိုကိုင်ရင်း ပြောတာဖြစ်ပါသည်။ သူတို့စားပွဲတစ်ခုမှာ ဝင်ထိုင်နေတုန်း ဝင်ပေါက်ဝကို အမှတ်တမဲ့ကြည့်လိုက်တော့ စုံတွဲတစ်တွဲ ဝင်လာတာ တွေ့



ရပါသည်။ မကြီးက

“ဟင် ဟိုဟာ ဂန္ဓဝင်မဟုတ်လား သူ့ဘေးက ကောင်က ဘယ်သူလဲ”

“အဲဒါ သူနဲ့လက်ထပ်မဲ့သူလေ”

“ဘာ ဒါဆိုသူမှာ အရင်ကတည်းက လက်ထပ်မဲ့သူ ရှိပြီးသားပေါ့ ဟုတ်လား မှော်”

“အင်း”

“တောက် ဒီကောင်မ တော်တော်လူပါးဝတယ်”

“မကြီး ပြန်ကြရအောင်ဗျာ”

“မှော် ပြန်ချင်တယ်ဆိုရင်လည်း ပြန်ကြတာပေါ့ မကြီးကတော့ သူ့ကို လုံးဝမကျေနပ်ဘူး”

“ကဲပါမိန်းမရာ ဒေါသကိုထိန်း”

သူတို့အိမ်ကို ပြန်လာကြသည်။ တိုက်အောက်ကို ရောက်တော့

“မကြီး”

“ဘာလဲ”

“ကျွန်တော် နက်နက်တို့အိမ်ကို ခဏသွားမလို့”

“နက်နက်နဲ့ တွဲသွားပြီလား ရန်မဖြစ်နဲ့အုံး”

“ဖြစ်လို့မရပါဘူးဗျာ သူမှာ ဒဏ်ရာကြီးနဲ့”

“ဟင် ဘာဖြစ်တာလဲ”

“မနေ့က တာပေါင်မှာ ငါးသွားဖမ်းတာ ပုလင်းကွဲစူးထိလာလို့လေ ရှစ်ချက်တောင်ချုပ်ရတယ်”

“တကယ် ဒါဆို သွားလေ၊ မကြီးကလည်း သတင်း

www.burmeseclassic.com



တယ်လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့"

"မှော်" "နက်နက်"တို့ တိုက်ခန်းလေးကို ရောက်တော့ တံခါးခေါက်လိုက်သည်။ "နက်နက်"က တံခါးလာဖွင့်ကာ

"သြော် မှော် လာလေ ဒါနဲ့ ရုံးတက်လက်မှတ်ထိုးပြီး ရုံးပြေးလာတာလား"

"ဒီနေ့ နားတယ်လေ"

"သြော်"

"မှော်"က အခန်းထဲဝင်ရင်း ဆိုဖာပေါ်က ငွေရောင်ဘူး လေးကိုကြည့်ကာ

"ဒါ ဘာဘူးလေးလဲ လှလိုက်တာ"

"ဘာမှ မဟုတ်ပါဘူး မကိုင်နဲ့"

"နက်နက်"က "မှော်"ဆီက အတင်းပြန်လုသည်။ "မှော်" ကလည်း လုသည်။

"ဒုန်း"

"ဟင် လွတ်ကျသွားပြီ ကောင်စုတ်"

"ငါပြန်ကောက်ပေးပါမယ်ဟာ အထဲမှာ ဖန်ဂေါ်လီတွေ ပဲ ဟင် နက်နက် ဒါ သင်္ကေတ လက်ဆောင်ဝယ်ပေးထားတာ တွေ မဟုတ်လား"

"နက်နက်"က တစ်ချက်တွေသွားပြီး

"ဟုတ်တယ်"

"နင် ဒါတွေကို မစွန့်ပစ်သ၍ နင်ခံစားနေရမှာပေါ့ လွှင့် ပစ်လိုက်ပါဟာ ငါသွားလွှင့်ပစ်ပေးမယ်"



"ဟင့်အင်း ဟင့်အင်း မလွှင့်ပစ်လိုက်ပါနဲ့"

"နက်နက်"က တအားအော်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"နင်တောင်မှ ဂန္ထဝင်ရဲ့ဓာတ်ပုံကို ပိုက်ဆံအိတ်ထဲက မထုတ်ပစ်နိုင်သေးဘူးမှလား၊ ငါ ဖန်ဂေါ်လီလေးတွေကို မမေ့ နိုင်တာ မဆန်းပါဘူး"

"နက်နက်"က ဘူးအဖုံးလေးကိုပိတ်ကာ ခုံပေါ် တွင်ထိုင် ရင်း ပြောလိုက်သည်။ "မှော်"က "နက်နက်"ရဲ့ဘေးမှာ ဝင်ထိုင် ရင်း

"နက်နက် ငါတို့နှစ်ယောက် သူတို့ကို မေ့နိုင်ဖို့က တစ် နည်းပဲ ရှိတယ်"

"ဘာလဲ"

"နက်နက်"က မျက်လုံးလေး ပြူးကာပြန်မေးသည်။ "မှော်"က သက်ပြင်းချရင်း

"ငါလေ . . . နင့်ကို အရင်ကလို မမုန်းတော့ဘူး"

"ဘာ"

"ဟုတ်တယ်ဟာ ငါတို့ တွဲကြည့် ရအောင်"

"ဟမ် ဘယ်လို ရေခဲမုန့်"

"မှော်"က ရယ်ကာ

"ဟုတ်တယ်လေ သူတို့ကို မေ့နိုင်အောင်လို့ပဲဟာ"

"နင် နေကောင်းရဲ့လား မှန်း"

"နက်နက်"က "မှော်"ရဲ့ နဖူးလေးကို လက်ပြင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ "မော်"က ပြုံးကာ "နက်နက်"ရဲ့ လက်ကလေးကို တယုတယ ကိုင်လိုက်သည်။ "နက်နက်" ရှုန်းရင်း

"နင်ရူးနေပြီလား မော်၊ ငါနဲ့နင်နဲ့က ဘယ်တုန်းကမှ တွဲခဲ့တာ မဟုတ်ဘူးလေ သေချာတယ် နင်ရူးနေပြီ၊ တော်ပြီဟာ ငါနင်နဲ့ စကားမပြောတော့ဘူး၊ ဒီနေ့တွေ့တာ နောက်ဆုံးပဲ"

"နက်နက်"က ဗူးလေးကိုင်ပြီး အိမ်ခန်းထဲဝင်ခဲ့တော့သည်။ "နက်နက်"ဝင်သွားတော့ သူလည်း ဆက်မထိုင်ချင်တော့သဖြင့် ပြန်မလို့အထ သူ့ခြေထောက်နားမှာ စာရွက်ခေါက် အပြာရောင်လေးတွေ့သဖြင့် သူကောက်ယူလာခဲ့သည်။ သူမတို့တိုက်ခန်းက တံခါးမှာ နှစ်ထပ်ဖြစ်သည်။ သစ်သားတံခါးတစ်ထပ်၊ သံပန်းတံခါးတစ်ထပ် ဖြစ်သည်။ အခုနက သူတို့စကားပြောနေစဉ်က သစ်သားတံခါးကို ဖွင့်ထားကာ သံတံခါးတစ်ခုကိုပဲ ပိတ်ထားသည်။ သူ သံတံခါးကိုဖွင့်ပြီး အပြင်ထွက်လိုက်တော့ ပန်းခြင်းတောင်းလေးကိုင်ကာ ရပ်နေသော "ရာဇဝင်"ကို တွေ့လိုက်ရသည်။

"ဩော် ဒီလောက်တောင် စောင့်ပေးတယ်ပေါ့ တရားမျှတအောင်လေ"

"မဟုတ်ပါဘူး၊ မင်းတို့စကားတွေက စိတ်ဝင်စားစရာအရမ်းကောင်းလို့ပါ"

"ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်ကတော့ ခပ်ညစ်ညစ်ပဲ ပြိုင်တတ်တယ်နော်"

"ကိုယ်ပြိုင်ရမှာ မင်းမဟုတ်တဲ့ တခြားတစ်ယောက်ဆိုတာ ကိုသိသွားပါပြီ"



"အင်းလေ သိသွားရင်ပြီးတာပဲ"

"ဒါနဲ့ အဲဒီတစ်ယောက်က ဘယ်သူလဲ"

"ကိုရာဇဝင် သိမှာမဟုတ်ပါဘူး"

"အေးလေ ဒါဆိုလည်း ပြီးတာပဲ"

"ကျွန်တော်သွားတော့မယ်"

"မော်"ထွက်လာခဲ့သည်။ အိမ်ရောက်တော့ ကုတင်ပေါ်မှာ လှဲရင်း တွေးနေမိသည်။

"ဟဲ့ ဒီဗူးကြီးကိုင်ပြီး ဘာလုပ်နေတာလဲ"

"ဟင် ဩော် ရိပ်ရိပ်ပြန်လာပြီလား၊ ဗီရိုဖွင့်ရှင်းတော့ တွေ့လို့ ပြန်ကြည့်နေတာလေ"

"ဩော် အလွမ်းသယ်နေတာပေါ့"

"အဟင်း ပစ္စည်းတွေက လေးဆယ့်နှစ်ခုဆိုတော့ . . . အင်း မထည့်ခင် ပြန်ရေကြည့်လိုက်အုံးမယ်"

သူမတို့နှစ်ယောက်စလုံး ပြန်ရေကြည့်ကြသည်။

"တစ်၊ နှစ်၊ သုံး . . . သုံးဆယ့်ငါး . . . လေးဆယ့်တစ် ဟင် လေးဆယ့်တစ်ခုပါလား တစ်ခုက ဘယ်ပျောက်သွားပါလိမ့်"

"နင် ဘယ်သွားလို့ပျောက်မှာလဲ နင်အရင်က ရေတာမှားတာရှိမှာပေါ့"

"မဟုတ်ဘူး ငါသိပြီ အိမ်ရှေ့က ဆိုဖာခုံနားမှာ ဒီဗူးမှောက်ကျသေးတယ်၊ နေအုံး ငါသွားကြည့်လိုက်အုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"က ထော့နဲ့ထော့နဲ့ဖြင့် အိမ်ရှေ့ကို သွားရာ တော့ "ရိပ်ရိပ်"လည်း လိုက်လာကာ ကူရှာပေးတော့သည်။

"မရှိဘူး နက်နက်ရဲ့"

"ရှိရမှာပဲ ငါသေချာရေထားတာ။ သင်္ကေတပေးထားတဲ့ ပစ္စည်းတစ်ခုခုဆိုရင်တော့ သွားပါပြီဟာ ဟာ ရေခဲမုန့်ဟုတ်တယ် သူယူသွားတာပဲ ဖြစ်မယ်"

"မှော် လာသွားလို့လား"

"လာသွားတယ်"

"တကယ်"

"အင်း သူပဲဖြစ်မှာ တောက်၊ ကောင်စုတ် တွေ့မယ်"

"နက်နက်"က အပြင်ထွက်ဖို့ ပြင်သည်။

"နက်နက် ဘယ်သွားမလို့လဲ မသွားပါနဲ့ဟာ နင့်မှာ အနာနဲ့ ပင်ပန်းမှာပေါ့"

"တောက်၊ ဒါဆို ဘယ်လိုလုပ်မလဲ"

"ဖုန်းဆက်လိုက်လေ"

"ဟုတ်ပြီ"

"နက်နက်"က လက်ဖျောက်တစ်ချက် တီးလိုက်ကာ ဖုန်းခေါ်လိုက်သည်။

"ဟဲလို ကြွယ်စင်ပါ"

"မကြွယ် နေကောင်းတယ်နော် နက်နက်ပါ"

"နက်နက် မဆက်စဖူး ထူးလှချည်လား ဘာကိစ္စလဲ"

"ဟို ရေခဲ အဲ မှော်နဲ့ စကားပြောချင်လို့ပါ"

"မှော်နဲ့ အင်း ခဏလေးနော်"



"ကြွယ်စင်" "မှော်"အခန်းတံခါးကို သွားခေါက်လိုက်သည်။

"မှော်"မှာလည်း စာရွက်ကလေးကိုဖွင့်ကြည့်လိုက်သည်။

"ခြေထောက် အမြန်ကောင်းပါစေ"

သူဖတ်ပြီး ပြုံးလိုက်သည်။

"သင်္ကေတ လက်ရေးကလည်း လှလည်းမလှဘူး"

သူစာရွက်ကလေးကို ခေါက်ပြီး အိတ်ထဲထည့်လိုက်သည်။ ပြီးမှ . . .

"ဟင် ဒါ ဟိုးတုန်းက ငါရေးခဲ့တဲ့ စာရွက်ပဲ အဟားဟား"

သူရယ်နေစဉ်

"မှော် ဒီမှာ နက်နက်ဆီက ဖုန်း၊ နင်တို့က ဖုန်းတွေ ဘာတွေ ဆက်လို့ပါလား"

"ဟာ မကြီးကလည်း သွားဗျာ၊ ကျွန်တော် ဖုန်းပြောမလို့"

သူ့အစ်မက ပြုံးစိစိဖြင့် ကြည့်နေသည်။

"သွားဆို ဘယ်လိုဖြစ်နေတာလဲ"

"အေးပါ သွားမှာပါ ဘယ်လိုဖြစ်နေတာလဲ"

သူ့အစ်မက ပွစိပွစိဖြင့်ပြောရင်း ထွက်သွားသည်။

"ဟဲလို နာနတ်သီးပြောပါ"

"ရေခဲမုန့် နင် ငါ့ဗူးထဲက ပစ္စည်းတစ်ခု ယူသွားတယ်မှုလား"

"အေးလေ ဘာဖြစ်လဲ"

"အဲဒီ ဗူးထဲကပစ္စည်းတွေက အရမ်းအရေး[illegible]

"ငါကလည်း ဘာရယ်လို့ မဟုတ်ပါ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ကောက်ယူလိုက်တာပါ"

"အဲဒီပစ္စည်းက အရမ်းအရေးကြီးတယ် အခုလာပေး"

"နင်ပျောက်တာ ဘာပစ္စည်းလဲ"

"ငါ့ဗူးထဲက ပစ္စည်းပေါ့"

အင်း ဒီပုံဆိုရင် "နက်နက်"ဟာ သူ့ဗူးထဲက ပျောက်တဲ့ ပစ္စည်းဟာ ဘာလဲဆိုတာ သေချာသိမှာမဟုတ်ဘူး။

"ဟိတ် ရေခဲမုန့် ငါပြောတာကြားလား၊ အခု ငါ့ကို လာပေးဆို"

"အခု ငါအရမ်းပင်ပန်းနေပြီ၊ မနက်မှပဲ လာပေးတော့မယ်"

"တောက်၊ ဒါနင် သက်သက်ညစ်တာ"

"သက်သက် ညစ်တာ မဟုတ်ပါဘူး၊ မှော် ညစ်တာပါ အဟဲ"

"အေးလေ ဒါဆိုလည်းပြီးပြီပေါ့ မနက်ဖြန်စောစော လာခဲ့"

"အေးပါ ဟိတ် နေအုံးလေ ဟာ ဖုန်းချသွားပြီ"

* * *



(၂၄)

"မနက်စောစော လာမယ်ဆိုပြီး ခုထိမလာသေးဘူး ကောင်စုတ်"

"နက်နက်ကလည်းဟယ် မှော်က လာမယ်ဆိုရင် လာမှာပေါ့"

"ကလင် ကလင် ကလင်"

"ဟဲ့ ဝရန်တာက ခေါင်းလောင်းမြည်နေတယ်၊ ထွက်ကြည့်လိုက်ပါဦး နက်နက်"

"နက်နက်" အောက်ကိုငုံ့ကြည့်လိုက်တော့ "မှော်"ကို တွေ့ရသည်။ အောက်ကနေ "နက်နက်"ကို လက်ယက်ခေါ်နေသည်။

"မှော်လား နက်နက်"

"ဟုတ်တယ် တက်မလာနိုင်ပဲ အောက်ကနေခေါ်နေ

www.burmeseclassic.com



တယ်။ ငါသွားလိုက်အုံးမယ်"

"ဖြစ်ပါ့မလား နက်နက်၊ နင့် အနာက ကောင်းသေးလို့လား"

"ရပါတယ် အေးဆေးပါ ကဲ သွားပြီ"

သူမ အောက်ရောက်တော့

"ကဲ ပေးတော့ ငါ့ပစ္စည်း"

"မှော်"က ရယ်ကာ ဘောင်းဘီအိတ်ထဲ နှိုက်လိုက်သည်။ ပြီးတော့

"အဲဒီပစ္စည်း အခုပါမလာသေးဘူး"

"ဘာ"

"ဟုတ်ယ် အဲဒီပစ္စည်းကိုလိုချင်ရင် ငါနဲ့ ဒီနေ့ နေ့လည်စာ အတူစားပြီး တွဲရမယ်"

"လုံးဝ မဖြစ်နိုင်ဘူး"

"အေးလေ နင်စဉ်းစားပေါ့၊ ဒီပစ္စည်းကို စွန့်လွှတ်မလား၊ ငါနဲ့အတူ နေ့လည်စာ စားမလား"

သူမ စဉ်းစားကာ တစ်ချက်ပြုံးလိုက်ပြီး

"ကောင်းပြီလေ၊ နင်နဲ့နေ့လည်စာ စားမယ်၊ နေ့လည်ကျရင်တော့ ပေးနော်"

"အေးပါ လှလှလေးဝတ်ခဲ့နော်"

သူမ လှေကားပေါ်တက်လာရင်း

"နင်ကညစ်တော့ ငါကလည်း ညစ်ရမှာပေါ့ ရေခဲမုန့်ရယ်"

အခန်းဝကစောင့်နေသော "ရိုပ်ရိုပ်"ကိုတွေ့တော့ သူမ



ပြုံးပြလိုက်ကာ

"ရိုပ်ရိုပ် နေ့လည်အချိန်အားလား"

"ငါ့မှာ ဖောဖောသီသီရှိတာဆိုလို့ ဒီအချိန်ပဲ ရှိတာကို ဘာလုပ်ဖို့လဲ"

"အိုကေ နေ့လည် ရေခဲမုန့်နဲ့ နေ့လည်စာအတူသွားစားမလို့ နင်လည်းလိုက်ခဲ့လေ"

"တကယ် နက်နက် တကယ်ပြောတာလား"

"တကယ်ပေါ့"

"ကျေးဇူးတင်လိုက်တာဟာ"

"မှော်" "နက်နက်"ဆီမှအပြန် ရုံးသို့ထွက်လာခဲ့သည်။ အပေါ်ထပ်ကို တက်မယ့်လှေကားရှေ့ရောက်တော့ "ရာဇဝင်"လည်း ဓာတ်လှေကားကို စောင့်နေတာတွေ့လိုက်ရသည်။ သူ သက်ပြင်းချပြီး "ရာဇဝင်"ဘေးမှာ ဝင်ရပ်လိုက်သည်။ ဓာတ်လှေကား ရောက်တော့ "ရာဇဝင်"က အရင်ဝင်သွားသည်။ သူ လိုက်ဝင်မလို့အလုပ်

"နောက်တစ်ခေါက်မှ လိုက်ပါလား မှော်"

"ဘာဖြစ်လို့လဲ တစ်ထပ်ထဲကို သွားမှာပဲဉစ္စာ၊ ဓာတ်လှေကားက နှစ်ခါ အတက်အဆင်းလုပ်ရမှာ"

"အဲဒါဘာဖြစ်လဲ ဒီတိုက်က ငါပိုင်တာပဲ ငါဘယ်လိုပဲလုပ်လုပ်"

ဓာတ်လှေကား တက်သွားသည်။ သူစိတ်တိုသော တောက် တစ်ချက်ခေါက်ရင်း ရိုးရိုးလှေကားမှ တက်လာသည်။ ရုံးခန်းထဲရောက်တော့ ယောက်ဖက

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ နောက်ကျရတာလဲ မှော်၊ ဆရာတောင် ရောက်နေပြီ"

"ဓာတ်လှေကားမှာ တွေ့သားပဲ"

ယောက်ဖက ဘာမှမပြောတော့။ သူ့စာရွက်စာတမ်းတစ်ထပ်ကို ကိုင်ကာ "ရာဇဝင်"ရဲ့အခန်းထဲသို့ ဝင်လိုက်သည်။

"ကိုရာဇဝင် ဒါ Naing Group ရဲ့ အဆောက်အအုံစာတမ်းတွေ ကျွန်တော် စစ်ပြီးပြီ၊ ခင်ဗျား ထပ်စစ်လိုက်ပါ။ မကြိုက်တာရှိရင် ပြန်ပြောပါ"

"အိုကေ ကိုယ်စစ်လိုက်မယ်"

"မှော်"ထွက်သွားတော့ သူ သူ့ရဲ့အချစ်ဆုံး ညီဝမ်းကွဲလေးဆီ ဖုန်းဆက်လိုက်သည်။

"ဟုတ်ပါတယ် ကိုကိုပါ"

"အင်း ဟုတ်ပြီလေ၊ နေ့လည်တွေ့ကြတာပေါ့"

***



(၂၅)

"မှော်" "နက်နက်"နှင့်ချိန်းထားရာ "Super Note" ဆိုင်သို့ ထွက်လာခဲ့သည်။ ဆိုင်ကိုရောက်တော့ "နက်နက်"နှင့်အတူ "ရိပ်ရိပ်"ကိုပါ တွေ့လိုက်ရသည်။ ဘာလို့ "ရိပ်ရိပ်"ကိုခေါ်လာရပါလိမ့်၊ "နက်နက်"တော့ ညစ်ပြီ။ "နက်နက်"က သူ့ကိုမြင်သွားပြီး

"ရေခဲမုန့် လာလေထိုင်၊ ရိပ်ရိပ် ဟိုဘက်ရွှေ့ပေးလိုက်လေ၊ ရေခဲမုန့် ရိပ်ရိပ်ဘေးမှာ ဝင်ထိုင်လိုက်"

"မှော်" "ရိပ်ရိပ်"ဘေးမှာ ဝင်ထိုင်လိုက်သည်။ "နက်နက်"က

"ရေခဲမုန့် ငါ အသားလွှာကင် စားမယ်ရမလား"

"နင်ရှင်းမှာပဲဟာ စားချင်တာစားပေါ့"

"ကောင်စုတ် လူလည်တော်တော်ကျ"ဟု နင်ထိုးမှာ

www.burmeseclassic.com



ယောက် အခုလိုတွဲထိုင်နေတာ တော်တော့်ကိုလိုက်တယ်။ ရေခဲမုန့် နင် ရိပ်ရိပ်နဲ့ တွဲလိုက်ပါလား"

"ဟာ နက်နက် ဘာတွေပြောနေတာလဲ ရိပ်ရိပ် ငါ တောင်းပန်ပါတယ်ဟာ"

"အေးလေ နက်နက်ရယ် ဘာလို့စနေတာလဲ"

"နင်တို့ မှာထားနှင့်နော်။ ငါ သန့်စင်ခန်း ခဏသွားဦးမယ်"

"နက်နက်" တမင်တကာပင် "မှော်" နှင့် "ရိပ်ရိပ်" ကို ထားခဲ့ကာ သန့်စင်ခန်းသို့ ထွက်လာခဲ့ပါသည်။ သန့်စင်ခန်းထဲ ရောက်တော့ ခဏထိုင်နေလိုက်သည်။ တော်တော်လေးကြာမှ ပြန်ထွက်ခဲ့တော့သည်။ သူမ 'မှော်' နှင့် 'ရိပ်ရိပ်' ကို တမင် စကားအကြာကြီးပြောရအောင် ရှောင်ပေးတာဖြစ်သည်။

သူမ သန့်စင်ခန်း အပြင်ရောက်တော့ -

"နက်နက်"

"အမလေး ဘုရားကြီး ငုတ်တုတ်"

သူမအနားမှာကပ်ပြီး ခေါ်လိုက်တာမို့ လန့်သွားရသည်။ ကြည့်လိုက်တော့ 'မှော်' ဖြစ်နေသည်။

"နက်နက်"

"ဘာတုန်း . . . နင် ဒီမှာ ဘာလာလုပ်နေတာတုန်း။ ရိပ်ရိပ်ရော ဘယ်မှာလဲ။ သူနဲ့စကားပြောမနေပဲနဲ့ ဘာလို့ ဒီနား မှာ လာရပ်နေတာလဲ"

"နင့်အကြံ ဒါအကုန်ပဲလား နက်။ နင် ငါနဲ့ ရိပ်ရိပ်ကို နှစ်ယောက်ထဲ ထားခဲ့ပြီး ဒီကို ထွက်လာကတည်းက နင့်အကြံ ကို ငါ ရိပ်မိတယ်"



"အဲဒါနဲ့ ငါ ရိပ်ရိပ်ကို ထားခဲ့ပြီး နင့်နောက်ကို ချက်ခြင်း လိုက်တာတာ"

"နက်နက် ငါ တွဲချင်တာ သူနဲ့ မဟုတ်ဘူးနော်။ ပြီးတော့ ငါ နင့်ကို ပြောရဦးမယ်။ နင် အခုပိုလှလာတယ် သိလား။"

"မှော်" ဆီက သူမထင်မှတ်ထားတဲ့ စကားကြောင့် တော်တော်လေး အံ့သြသွားသည်။ ပြီးတော့ ရှက်သွားကာ -

"မှော် နော် . . ."

သူမ 'မှော့်' ကို မျက်စောင်းထိုးကြည့်လိုက်သည်။ ဒါကို 'မှော်' က သဘောတကျ ရယ်မောကာ -

"နက်နက် နင်က မျက်စောင်းလဲ ထိုးတက်သားပဲဟ"

"အပိုတွေပြောမနေနဲ့ မှော်။ ရိပ်ရိပ် စောင့်နေရတာ ကြာလှပြီ။ ငါတို့သွားရအောင်"

သူမတို့ စားပွဲကိုရောက်တော့ 'ရိပ်ရိပ်' က စားပြီးနေပြီ။

"ရိပ်ရိပ် Sorry ဟာ။ ငါ မနက်က စားထားတာတွေ များလို့ ပြန်စွန့်တာတွေလည်း များနေတယ်လေ။ အဟဲ အဲ့ဒါ နည်းနည်း ကြာသွားတယ်။ ခွင့်လွှတ်"

"ရိပ်ရိပ်" က ခေါင်းတစ်ချက်ညိတ်ပြီး

"ငါ နင်တို့နှစ်ယောက်အတွက် အသားလွှာကင်နှစ်ပွဲနဲ့ Banana Ckill နှစ်ခွက်ပဲ မှာထားလိုက်တယ်။ နင်တို့

www.burmeseclassic.com



ပြန်မလာရင် ငါ ပါဆယ်ထုတ်ခဲ့တော့မလို”

“ဟာ လာမှာပေါ့ ရိပ်ကလဲ . . .”

“ကဲစားကြလေ။ နက်နက် ပြီးရင် အိမ်ကိုပဲ ပြန်ရအောင်”

“အေးပါ . . . ငါလည်း သွားစရာလည်းမရှိတော့ပါဘူး။ မော် ငါ့ပစ္စည်းပြန်ပေးတော့လေ”

“နင့်ဆီက ငါတောင်းဆိုထားတာ နှစ်ခုလေ။ အခု ပထမတစ်ခုပြီးသွားပြီ။ ငါ့ ဒုတိယ အစီအစဉ်ကို လက်ခံတယ်ဆိုရင် အခုချက်ခြင်း နင့်ပစ္စည်းကို ပေးလိုက်မယ်။ ဘယ်လိုလဲ”

“မော်” က မချိုမချဉ်မျက်နှာနှင့် ပြောသည်။

“မော် . . . နင် လူလည်မလုပ်နဲ့နော်။ ငါ့ဘက်ကတစ်ဆင့်လျှော့တဲ့အနေနဲ့ နင့်ကို ရေခဲမုန့်လို့ မခေါ်တော့ဘူးဟာ။ အခုအချိန်ကစပြီး မော်လို့ပဲ ခေါ်မယ်လေ။ ဘယ်လိုလဲ ပြန်ပေးနော်”

“မရဘူး . . . နက်နက် ငါက တစ်ခွန်းဆို တစ်ခွန်းပဲကဲ စားလို့လဲပြီးပြီ။ ဗိုက်လည်းဝသွားပြီ။ နင် စဉ်းစားထားပေါ့ဟာ . . . ညကျရင် ငါ ဖုန်းဆက်လိုက်မယ်။ ok ငါသွားပြီ”

“မော်” က ပြောပြောဆိုဆို ထွက်သွားတော့သည်။

“မော် . . . မော် . . . ဟော့ကောင် . . . တောက် . . . တော်တော် လူပါးဝတဲ့ ကောင်စုတ်”

“သူပြောတဲ့အတိုင်း လက်ခံပေးလိုက်ပါလား နက်နက်”

“ရိပ်ရိပ် . . . နင် . . .”

“ဟုတ်တယ် . . . နက် . . . မော် ငါ့ကို အကုန်ပြောပြပြီးပြီ။ လက်ခံလိုက်ပါဟာ။ ပြီးတော့ မော်က ငါ့ကို



အကူအညီတောင်းထားတယ်။ သူ့ဘက်က ကူညီပေးပါတဲ့။ ငါသိနေတယ် နက်နက်။”

မော် . . . နင့်ကို တကယ်စိတ်ဝင်စားနေတာ။ အဲ့ဒါကို သူကိုယ်တိုင်တောင် မသိသေးဘူး။ ငါက သူ့မျက်လုံးတွေကို ကြည့်ပြီး သိနေတာ။ နင့်အကြောင်း ငါ့ကို ပြောတုန်းက သူ့မျက်လုံးက အရောင်တွေတလက်လက်နဲ့”

“မဖြစ်နိုင်တာ ရိပ်ရိပ်ရယ် . . . ပြီးတော့ နင်က . . .”

“ဘာလို့မဖြစ်နိုင်ရမှာလဲ နက်နက်ရဲ့ . . . ငါကလည်း နင့်ကို မော်နဲ့ သဘောတူတယ်။ ငါက မော့်ကို တခြားလူနဲ့သာ သဘောမတူတာ။ နင်နဲ့ဆိုရင် သဘောတူတယ်”

“ရိပ်ရိပ် . . . တော်တော့ဟာ . . .”

“ဆက်ပြောရမှာပဲ နက်နက်။ ငါ တကယ် ပြောနေတာ။ နင်နဲ့ မော်သာ တကယ်လက်တွဲဖြစ်သွားရင် ငါ အရမ်းဝမ်းသာရမှာနော် နက်နက်။ ငါ့ကိုချစ်ရင် လက်ခံနော်”

“နက်နက်” ခေါင်းကုတ်ရင်း စဉ်းစားနေသည်။ ပြီးမှ

“ရိပ် . . . ငါ သဘောတူလိုက်မယ်”

“ဟေး ဒါမှ ငါ့သူငယ်ချင်းကွ”

“ကဲ . . . ပြန်ကြရအောင် ရိပ်ရိပ်”

အိမ်ပြန်ရောက်တော့လည်း “နက်နက်” အကျီအဝတ်အစားပင် မလဲတော့ပဲ ကုတင်ပေါ်မှာ ကန့်လန့်ကြီး အိပ်တာ “မော့်” အကြောင်း စဉ်းစားနေပါသည်။ “မော်” ငါ့ကို စိတ်ဝင်စားနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

ညရောက်တော့ သူမတို့ စားသောက်ပြီး TV ကြည့်နေစဉ် သူမရဲ့ ဖုန်းလေးက မြည်လာသည်။ ကြည့်လိုက်တော့ 'မှော့်' ဖုန်းဖြစ်နေသည်။ ဒါနဲ့ သူမ ဖွင့် နားထောင်လိုက်ပြီး သူမ အိပ်ခန်းထဲသို့ ဝင်ခဲ့တော့သည်။

"ဟယ်လို . . . မှော် . . . ပြော . . ."

"မှော်" က တစ်ချက်ခပ်တိုးတိုးရယ်ကာ -

"နေ့ခင်းက ငါ တောင်းဆိုထားတဲ့ကိစ္စ . . ."

"ငါ စဉ်းစားပြီးပြီ . . . မှော် . . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော် . . . ဒီကိစ္စကို ငါ လက်ခံတယ်ဆိုပြီး . . ."

"ဟာ . . . နင် လက်ခံတယ် . . . တကယ်လားဟင်"

"မှော်" က တအံ့တသြမေးသည်။

"အင်း . . . နေဦး ငါပြောတာ နားထောင်ဦး . . .



နင်နဲ့ ငါနဲ့ တွဲတာကို နင့်အစ်မ မသိစေချင်ဘူး။ ဘာလို့လဲဆိုတော့ . . .

နင့်အစ်မက ငါ့ကို သိပ်မကြည်ဘူးလေ . . ."

"ငါ သဘောပေါက်ပါတယ်။ ဒါပေမယ့် ငါ့အစ်မကတော့ ငါ့စကားတစ်ခွန်းထဲပါပဲ။ ဘာပဲဖြစ်ဖြစ်လေ ငါကတော့ နင်လက်ခံတဲ့အတွက် အရမ်းပျော်တာပဲ"

"ဒါပဲဟာ ငါအိပ်တော့မယ်"

"နက် နင်ကလည်းဟာ အစောကြီးရှိသေးတယ်။ အိပ်တော့မလို့လား . . ."

"အင်း . . . အိပ်တော့မယ် . . ."

"အေး . . . အေး . . . ဒါဆိုလည်း ငါ ဖုန်းပိတ်လိုက်တော့မယ် . . . မနက် နင့်ရုံးကို ငါ လိုက်ပို့ပေးမယ် . . . ဘိုင့်"

သူမ ဖုန်းပိတ်လိုက်သည်။ ထိုစဉ် "ရိပ်ရိပ်" သူမ အခန်းထဲဝင်လာပြီး -

"ဘယ်လိုလဲ နက်နက် . . ."

"အဆင်ပြေပါတယ် . . . မနက်ဖြန် ငါ့ကို ရုံးကို လိုက်ပို့ပေးမယ်တဲ့။ ငါ ဘာမှ မပြောရသေးခင် ဖုန်းပိတ်သွားတယ်။ ငါတို့ကုမ္ပဏီပိတ်ထားတာ သူမသိသေးဘူးလား . . ."

"သိမှာပါ . . . သူ့အစ်မတစ်ယောက်လုံး ရှိတာပဲ မေ့နေလို့နေမှာပေါ့ . . ."

"ရိပ်ရိပ် . . . နင်ရောတကယ် အဆင်ပြေရဲ့[illegible]"

"ရိပ်ရိပ်က တစ်ချက်ရယ်ပြီး သူမကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်ရယ် . . . ငါ့ကို စိတ်မပူစမ်းပါနဲ့။ ငါက အရင်တုန်းက မှော့်ကို သဘောကျခဲ့တာဟာ စိတ်ကစားရုံသက်သက်ပါဟာ။ ပြီးတော့ ငါ့ကို အခု သိဒ္ဓိက Propose လုပ်ထားတယ်။ သိဒ္ဓိကို ငါ စဉ်းစားပေးမလို့"

"တကယ် . . ."

"အင်း . . ."

"သတင်းကောင်းပဲဟေ့ . . . ဇာဇာဆီကို e-mail ပို့ရင်ပြောရမယ်။ ရိပ်ရိပ် ရည်းစားရတော့မယ်လို့"

"အံမယ် . . . နင်ကျတော့ရော . . ."

"ငါတို့က ဘဝတူတွေမို့လို့ တစ်ယောက်နဲ့တစ်ယောက်ဖေးမတာပါဟာ"

* * *



## (၂၃)

"မှော်" တစ်ယောက်မှာလည်း "နက်နက်" ဆီကို ဖုန်းဆက်ပြီးကတည်းက ပျော်လွန်း၍ ဘာလုပ်ရမယ်မှန်းမသိ ဖြစ်နေသည်။ "ဂန္တဝင်" ဆီက အဖြေရတုန်းကတောင် ဒီလောက်မပျော်ခဲ့ရချေ။ မနက်ဖြန် "နက်နက်" ကို ရုံးလိုက်ပို့မည်။ အဲ . . . ရုံးလိုက်ပို့မည်ဆိုမှ သတိရသည်။ "နက်နက်" တို့ရုံးကပိတ်ထားတာပဲ။

ဘာပဲဖြစ်ဖြစ် "နက်နက်" ဆီကိုတော့ မနက်ရောက်အောင်သွားမည်။ "နက်နက်" ဆီကို မနက်သွားရင် ဘာယူသွားရင် ကောင်းမလဲ။ "နက်နက်" က တစ်ခြားမိန်းကလေးတွေနဲ့ မတူတော့ ပန်းစည်းလည်း ယူသွားလို့ မကောင်းဘူး။ "နက်နက်" ကြိုက်မှာမဟုတ်။ ဒါဆို ဘာယူသွားရင် ကောင်းမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟာ . . . ဟုတ်ပြီ "နက်နက်" က အစားအသောက် အရမ်းမက်တယ်။ မကြီးကို အကူအညီတောင်းရမယ်။ ဒါနဲ့ ကျွန်တော် အခန်းထဲမှထွက်ခဲ့ကာ ဧည့်ခန်းထဲတွင် TV ထိုင်ကြည့်နေသော မကြီးတို့လင်မယားဘေးက ခုံမှာဝင်ထိုင်လိုက်ကာ -

"မကြီး . . . မနက်စာ ဘာစီစဉ်ထားလဲ . . ."

"ကြက်သားပလာတာ . . . ဘာဖြစ်လို့လဲ . . . မကြိုက်ဖူးလား . . ."

"ကြိုက်ပါတယ် . . . ကျွန်တော့်ကို ချိုင့်နဲ့ ထည့်ပေးနော် . . ."

"ဟဲ့ . . . အိမ်မှာ မစားဘူးလား . . ."

"ဟင့်အင်း . . . ရုံးရောက်မှပဲ စားမလို့ . . ."

"အေး . . . အေး . . . ပြီးရော . . ."

ကျွန်တော် အိပ်ခန်းထဲပြန်ဝင်ခဲ့သည်။ အိပ်တော့မယ်။ အိပ်တော့မယ်ဆိုခါမှ "နက်နက်" ရဲ့ ပြောင်စပ်စပ် မျက်နှာလေးက မျက်စိထဲမှာ ပေါ်လာသည်။ ဒုက္ခပါပဲ။ ငါ တကယ်ပဲ "နက်နက်" ကို စိတ်ဝင်စားနေပြီလား။

"နက်နက်" အကြောင်းတွေးရင်း အိပ်ပျော်သွားတော့သည်။ အိပ်နေတုန်း မက်လိုက်တဲ့အိပ်မက်တွေကလည်း "နက်နက်" ရဲ့ ပုံရိပ်တွေချည်းပဲ။ မနက်စောစောကျတော့ ထုံးစံအတိုင်း 'မကြီး' က လာနှိုးရသည်။

"မော် . . . မောင်လေး . . . ထတော့လေ . . ."

"ဗျာ . . . ဟုတ်ကဲ့ . . ."



"အံမယ် . . . ဒီတစ်ခါ ထူးထူးဆန်းဆန်း တစ်ခါထဲနဲ့ ထလို့ပါလား . . ."

"မကြီး" က တအံ့တသြဆိုသည်။ ကျွန်တော်က အိပ်ရာမှ ထထိုင်လိုက်ပြီး -

"မကြီး ချိုင့်ထဲကို ကြက်သားနဲ့ ပလာတာကို သပ်သပ်စီ ထည့်ထားလိုက်နော်။ အဆင်သင့်လုပ်ထားလိုက်။ ကျွန်တော် ပြီးရင် တစ်ခါထဲ ယူသွားမှာ . . ."

"ဟဲ့ . . . ရုံးက အစောကြီးရှိသေးတယ် . . ."

"ဝင်စရာရှိသေးလို့ပေါ့ဗျ . . ."

"မကြီး" က ကျွန်တော့်ကို မယုံသင်္ကာသလို ကြည့်ပြီး -

"ကောင်လေးနော် . . . သိပ်မရှုပ်ဘူး . . ."

"ဟာ မကြီးကလည်းဗျာ . . . လူကို မသင်္ကာဖြစ်နေပြန်ပြီ။ စိတ်ချ . . . မကြီး မောင် ဘာမှ မဟုတ်တာမလုပ်ဖူး"

ကျွန်တော် ပြောပြီးပြီးချင်း ရေချိုးခန်းထဲ ဝင်ခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၂၈)

"နက်နက်" နဲ့ "ရိပ်ရိပ်" နှစ်ယောက်မှာလည်း မျက်နှာသစ်ပြီးပြီးချင်း မနက်စာ စားမလို့ဟာကို ကော်ဖီကို သူဖျော်ကိုယ်ဖျော်နဲ့ ပျင်းနေကြသည်။ ထိုစဉ် တံခါးဘဲ(လ်)သံ ကြားရသဖြင့် -

"ရိပ်ရိပ် သွား . . . တံခါးဖွင့်ပေးလိုက် . . ."

"မှော် ထင်တယ် . . ."

"ဒီလောက်အစောကြီး လာမလားဟဲ့ . . ."

"ရိပ်ရိပ်" တံခါးဖွင့်လိုက်တော့ . . .

"ဟယ် . . . မှော် . . . စောစောစီးစီးပါလား . . ."

"နက်နက်ရော . . . ရိပ်ရိပ် . . ."

"နက်နက် အိမ်နောက်ဖေး . . . ထမင်းစားခန်းထဲ မှာ"

"မနက်စာရော စားပြီးပြီလား . . ."



"စားရသေးဘူး"

"ဒီမှာ ငါ ကြက်သားပလာတာတွေ ယူလာတယ် . . ."

"ဟာ ပွတာပဲ"

"ရိပ်ရိပ်" က

"နက်နက်ရေ . . . ဒီမှာ မှော်က ကြက်သားပလာတာတွေ ယူလာတယ်တော့ . . . တို့နှစ်ယောက် ကော်ဖီမဖျော်ချင်တာနဲ့ အနေတော်ပဲ . . ."

"မှော်" က ပန်းကန်ပြားတစ်ချပ်ကိုယူပြီး ပလာတာကို ထည့်ကာ ကြက်သားဖတ်နှင့် ကြက်သားအရည်များကို ထည့်ပြီး "နက်နက်" ရှေ့သို့ ချပေးကာ -

"နက်နက် စားလေ . . ."

"အားပါး စားလို့ကောင်းမယ့်ပုံပဲ . . . မှော် . . . နှင်ရော စားပြီးပြီလား . . ."

"ငါက အိမ်ကစားခဲ့ပြီးပြီဟ . . . အခု နင်နဲ့ ရိပ်ရိပ် အတွက် ထည့်ယူလာတာ . . ."

"ဩော် . . . ဒီလိုလား ဒါဆိုလည်း ကျွေးတဲ့သူ စိတ်ချမ်းသာအောင် စားရမှာပေါ့ . . ."

"နက်နက်" က တစ်ဇွန်းခပ်စားလိုက်သည်။ ပြီးတော့ -

"အိုး . . . ကောင်းလိုက်တာ . . . အရသာရှိလိုက်တာ . . . မကြွယ်က တကယ်တော်တာပဲ . . . ဒါ မကြွယ် လက်ရာမို့လား . . ."

"အေးပေါ့ . . . ငါတို့အိမ်မှာ မိန်းမဆိုလို့ ကျီး တစ် ယောက်ပဲ ရှိတဲ့ဟာကို . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ရိပ်ရိပ် လာစားလေ . . . စားလို့ကောင်းတယ်တ . . ."

"ရိပ်ရိပ်" က ခုထက်ထိ ခုံမှာမထိုင်ရသေး . . . 'မှော်' တို တစ်ချက် မျက်စောင်းထိုးလိုက်ပြီး -

"ငါ့ကိုများ ထည့်ပေးဦးမလားလို့ စောင့်နေတာဟေ့ . . . မထည့်ပေးတော့လည်း ကိုယ့်ဘာသာကိုယ်ပဲ ထည့်စားတော့တာပေါ့ . . ."

"ရိပ်ရိပ်ကလည်း နင်နဲ့ နက်နက်က ဘယ်တူမလဲဟ"

"ဘယ်နေရာတွေများ ကွဲလွဲနေလို့လဲ . . ."

"မှော်" ရော "နက်နက်" ရော မကြားချင်ယောင်ဆောင်နေလိုက်သည်။

"နက်နက် နင်တို့ ရုံးက ပိတ်ထားတယ်မို့လား . . . နေ့ခင်းကြရင် ရုပ်ရှင်သွားကြည့်ရအောင် . . ."

"ဟင် . . . နင့် အလုပ်ကရော . . ."

"ငါ့အလုပ်က လုပ်စရာသိပ်မရှိဘူးဟ . . . မနက်ပိုင်းလောက်ပဲ လုပ်ရတာ . . . ဒါတောင် စာချုပ်ချုပ်တာလောက်ပဲ . . . နေ့ခင်းကနေ ညနေအထိက အားတယ် . . . အပြင်ထွက်လို့လဲရတယ် . . ."

"ဟုတ်လား . . . ဒါဆိုလည်း သွားကြတာပေါ့။ ငါဘယ်ကိုလာခဲ့ရမလဲ . . ."

"နင် နေ့လည် ဆယ့်နှစ်နာရီလောက်ဆိုရင် He & She မှာ စောင့်နေလေ။ ငါ လာခဲ့မယ်"

"ကောင်းပြီလေ . . . ရိပ်ရိပ် နင်ရောလိုက်ခဲ့ပါလား"



"မလိုက်တော့ဘူး နက်ရဲ့ . . . ငါ သိဒ္ဓိနဲ့ Super One ကို သွားမလို့ ချိန်းထားတယ်"

"ဟာ . . . နင်နဲ့ သိဒ္ဓိနဲ့က . . ."

"မှော်" စကားကြောင့် "ရိပ်ရိပ်" က . . .

"မဟုတ်ဘူး မှော် . . . နင် ထင်သလို မဟုတ်သေးဘူး . . ."

"ဟုတ်တယ် မှော်ရဲ့ . . . သိဒ္ဓိက ရိပ်ကို Propose လုပ်ထားတုန်း ရှိသေးတယ်။ ရိပ်ကလည်း စဉ်းစားတုန်း . . ."

"စဉ်းစားမနေနဲ့ဟာ . . . ပေးလိုက်တော့ . . . ကဲ ငါလည်း အလုပ်သွားတော့မယ် . . . နောက်ကျနေပြီ။ နက်နက် နေ့လည်လာခဲ့နော် . . ."

"အေးပါ . . ."

"မှော်" ပြန်သွားတော့မှ "ရိပ်ရိပ်" က

"နက် . . . နင်တို့နှစ်ယောက် တကယ်ချစ်သွားရင် ကောင်းမှာပဲဟာ . . ."

"မဖြစ်နိုင်သေးဘူး . . . ရိပ် . . . ငါ့ရင်ထဲမှာ ခုချိန်ထိ သင်္ကေ်ရှိနေသေးတယ် . . . လုံးဝမေ့လို့မရသေးဘူး . . ."

သူမ ပြောရင်း သတိရလာသည်။ စားပြီးစ, ပန်းကန်နှင့် ချိုင့်ကို ဆေးလိုက်ကာ ပန်းကန်စင်မှာ မှောက်လိုက်သည်။ ပြီးတော့ အိပ်ခန်းထဲဝင်ကာ ဂျင်းဘောင်းဘီ ဒူးပေါ်လေးကို စွတ်ကျယ်ပုံစံအဖြူနှင့် အနက်ကျားလေးကို တွဲဝတ်လိုက်ပြီး ဦးထုပ်တစ်လုံးကို ကောက်ဆောင်းလိုက်သည်။

ပိုက်ဆံအိတ် ပြားပြားလေးကို ဘောင်းဘီအိတ်ထဲ ထိုး

www.burmeseclassic.com



ထည့်လိုက်ပြီး -

"ရိပ်ရိပ် ငါ အပြင်ခဏသွားဦးမယ် . . ."

"ဟဲ့ . . . ချက်ချင်းကြီး ဘယ်သွားဦးမှာလဲ . . ."

"သင်္ကေတ့် ဘုရားကျောင်း . . . သတိရလာလို့ မျက်နှာလေးပဲ မြင်ရ မြင်ရ သွားကြည့်မလို့ . . ."

"နက်နက်ရယ် . . ."

သူမ "ရိပ်ရိပ်" ရဲ့ စကားကို နားမထောင်တော့ပဲ ပြေးထွက်လာခဲ့တော့သည်။ အချစ်ဆိုတာ ဘာလဲလို့ သူမကို မေးလာခဲ့ရင် သူမ ဖြေတတ်လိမ့်မည်မဟုတ်။ ဒါပေမယ့် 'သင်္ကေတ' ကိုတော့ သူမ ခုထက်ထိ မမေ့နိုင်သေး။

* * *



(၂၉)

ဘုရားကျောင်းကိုရောက်တော့ သူမ အုတ်လှေကားထစ်ကလေးတွေအတိုင်း ခေါင်းငုံ့၍ တက်လာခဲ့သည်။ လှေကားထစ်ကလေးများ တစ်ဝက်ရောက်တော့ -

"နက်နက် . . ."

သူမ နာမည်ကို ရှေ့မှခေါ်တာမို့ ခေါင်းမော့ကြည့်လိုက်သည်။

"သင်္ကေ . . ."

"ဒီကို ခဏ ခဏ မလာဖို့ ပြောထားတယ်လေ . . ."

"သိပါတယ် . . . အခုလာတာ နောက်ဆုံးပါပဲ။ ကျေနပ်တယ် . . . ခုပဲ ပြန်တော့မှာ . . ."

သူမက ပြောပြီး "သင်္ကေတ" ကို ကျော်ခိုင်းပြီး လှေကားထစ်အတိုင်း ပြန်ဆင်းဖို့ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နက်နက် . . ."

"နက်နက် . . ."

အသံက နှစ်သံထွက်လာသည်။ တစ်သံက သူမနောက်မှ ရှေ့ဆက်မသွားဖို့ အမိန့်ပေးလိုက်သောအသံ။ တစ်သံက သူမရှေ့မှ အံ့ဩ၍ ခေါ်လိုက်သောအသံ။ နောက်မှအသံသည် 'သင်္ကေတ' ထံမှ ထွက်လာသောအသံဖြစ်ပြီး ရှေ့မှအသံသည် အုတ်လှေကားထစ်အတိုင်း ဘုရားကျောင်းပေါ် တက်လာသော 'ရာဇဝင်' ၏ အသံဖြစ်သည်။

သူမက တအံ့တဩဖြင့် -

"ဆရာ . . . အဲ . . . ကိုရာဇဝင် ဒီကိုဘာလာလုပ်တာလဲ . . ."

"ရာဇဝင်" က လှေကားထစ်အတိုင်း သူမနားသို့ ဆက်တက်လာခဲ့သည်။ 'သင်္ကေတ' က သူမနားသို့ ဆင်းလာခဲ့သည်။ နှစ်ယောက်လုံး သူမနားရောက်တော့ 'သင်္ကေတ' ကစ၍ -

"အစ်ကို လာမယ်ဆိုလို့ ကျွန်တော် ထွက်ကြိုနေတာ"

"ရာဇဝင်" က "သင်္ကေတ" ရဲ့ စကားကိုခေါင်းညိတ်ပြပြီး -

"နက်နက် . . . ဒါ ကိုယ့်ရဲ့ ညီဝမ်းကွဲလေးလေ။ ကိုယ့်အချစ်ဆုံးညီလေးပေါ့။ ကိုယ် ဒီနေ့ ဒီကိုလာတာ မှန်သွားတယ်။ ကိုယ် မှော်ဆီက သိချင်နေတဲ့ အဖြေကို သိလိုက်ရလို့"

"နက်နက် ပြန်တော့မယ် . . ."

သူမ လှေကားထစ်တွေအတိုင်း ပြေးဆင်းခဲ့တော့သည်။ "နက်နက်" ထွက်သွားတော့မှ 'သင်္ကေတ' က -



"လာလေ အစ်ကို . . . ကျွန်တော့် စာကြည့်ခန်းထဲသွားစကားပြောတာပေါ့ . . ."

"ညီနဲ့ နက်နက်နဲ့က . . ."

နှစ်ယောက်သား ယှဉ်တွဲလျှောက်လာရင်း . . . 'ရာဇဝင်' ရဲ့ အမေးကြောင့် 'သင်္ကေတ' ရဲ့မျက်နှာ နီမြန်းသွားကာ ရှက်ကိုးရှက်ကန်းဖြင့် -

"အစ်ကိုရာ ဘာမှ မဆိုင်သေးပါဘူး . . ."

"ဘာမှမဆိုင်သေးပါဘူးဆိုတော့ . . . နောက် . . ."

"ဟာ မဟုတ်ပါဘူး . . . ဒီလိုပါ အရင်က ကျောင်းတုန်းကပေါ့ . . . တစ်ယောက်နဲ့ တစ်ယောက် စိတ်ဝင်စားခဲ့ကြတယ် . . . ဒါပေမယ့် ဖွင့်မပြောဖြစ်ခဲ့တာ ခုချိန်ထိပဲ။

အခု ကျွန်တော့်အခြေအနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလေ။

သူလည်း နားလည်ပါတယ်။

'ရာဇဝင်' က ခေါင်းတစ်ဆက်ဆက် ညိတ်လိုက်ပြီး -

"အစ်ကို လက်ထပ်ဖြစ်မယ့် ကောင်မလေးဆိုတာ တစ်ခြားလူ မဟုတ်ဘူး။ နက်နက်ပဲ . . ."

"ဗျာ . . ."

"ဟုတ်တယ် ညီ . . . အစ်ကို နက်နက်ကို ချစ်တယ်"

"နက်နက်က အစ်ကို့ကို . . ."

"ဟင့်အင်း . . . နက်နက်ဘက်က ဘာအကြောင်း မရှိသေးဘူး . . . အစ်ကိုဘက်ကသာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အစ်ကိုနဲ့ဆိုရင်တော့ နက်နက်ကို စိတ်ချပါတယ် . . ."

ထိုစဉ် အခန်းဝမှ ချောင်းဟန့်သံနှင့်အတူ

"အဟမ်း . . . အဟမ်း . . . ကျွန်တော့်ကိုလည်း ဝင်ခွင့်ပြုပါဦး . . ."

"ဟင် . . . မှော် မင်း ဘယ်လို ရောက်လာတာလဲ"

"မှော်" က တစ်ချက်ပြုံးရင်း အခန်းထဲဝင်လာတာ ခုံအလွတ်တစ်ခုတွင်ဝင်ထိုင်ကာ -

"ကျွန်တော် . . . သင်္ကေတဆီကို လာတာပါ။ ခွင့်တောင်းစရာလေးရှိလို့ . . . ကိုရာဇဝင်ကရော . . ."

"သင်္ကေတ ငါ့ညီဝမ်းကွဲလေ . . ."

"ဩော် . . ."

"ဘာများ ခွင့်တောင်းစရာရှိလို့လဲ မှော် . . . ငါ ဘာကူညီရမလဲ . . ."

"ကူညီစရာမလိုပါဘူးကွာ . . . ဒီနေ့ကစပြီး နက်နက်ကို ငါ ကြိုးစားတော့မလို့ . . . အဲ့ဒါ မင်းဆီက ခွင့်တောင်းတာ"

"ဘယ်လို မှော် . . . မင်းက ဘယ်လိုက ဘယ်လိုဖြစ်ပြီး နက်နက်ကို . . ."

"မင်းမသိသေးတာတွေ အများကြီးရှိသေးတယ် . . . သင်္ကေ"

"ထားလိုက်ပါတော့ကွာ . . . တကယ်တော့ ဒီကိစ္စကို အမှန်တကယ် ဆုံးဖြတ်ပေးမှာက နက်နက်ပဲမို့လား။ အခုဆိုရင် အစ်ကိုနဲ့မင်းနဲ့က ပြိုင်ဘက်ဖြစ်သွားပြီ။ ငါက ဘေးလူပါ။



နက်နက်နဲ့ ငါနဲ့က ဘာမှမဆိုင်ပါဘူး။ ငါ့ကို ခွင့်တောင်းစရာမလိုပါဘူး"

"အိုကေ . . ဒါဆို ငါပြန်တော့မယ် . . . ကိုရာဇဝင်ခွင့်ပြုပါဦး . . ."

"မင်း ဒီနေ့ ရုံးမသွားဘူးလား မှော် . . ."

"သွားပါတယ် . . . ရုံးမှာ လုပ်စရာမှ မရှိတာ . . . လက်မှတ်ထိုးပြီး ပြန်ထွက်လာခဲ့တာ . . . နေ့လည်လည်း ကျွန်တော် ပြန်လာမှာ မဟုတ်ဘူးနော် . . . နက်နက်နဲ့ ရုပ်ရှင်သွားကြည့်မလို့ ချိန်းထားတာ"

"ဘာ . . ."

"မှော်" က အလေးပြုသလိုလုပ်ပြပြီး ထွက်လာခဲ့တော့သည်။ တကယ်ပဲ ကျွန်တော့်မှာ ရုံးအလုပ်က လုပ်စရာမရှိတာ စာချုပ်စာတမ်းကိစ္စကလွဲရင် ကျန်တဲ့အချိန်တွေအားလုံးက အားနေသည်။ ကျွန်တော့်အတွက် ဒီအလုပ်က လခကို အလကားရသလို ရနေသည်။

ကျွန်တော် ထွက်လာတဲ့လက်စ မထူးပါဘူးဟုတွေးကာ 'နက်နက်' နှင့် ချိန်းထားရာ He & She ဆိုင်လေးသို့ ထွက်လာခဲ့တော့သည်။ အချိန်ကြည့်လိုက်တော့ ဆယ့်တစ်နာရီပဲ ရှိသေးသည်။ ဆိုင်ထဲလှမ်းဝင်လိုက်တော့ မထင်မှတ်ထားသော သူကို တွေ့လိုက်ရသည်။ 'နက်နက်' ပေါ့။ ကျွန်တော်နှင့် ချိန်းထားတာက ဆယ့်နှစ်နာရီ အခု သူမရောက်နေတာက အတော်ကြီးရှိသေးသည်။ ကျွန်တော် သူမရှေ့က ခုံမှာဝင်ထိုင်လိုက်တော့ သူမက အံ့သြဟန်ဖြင့် မျက်လုံးကလေးပြူးသွားတော -

www.burmeseclassic.com

www.burmeseclassic.com



"မှော် . . . နင် အစောကြီး ဘာလာလုပ်တာလဲ . . . ခုမှ ဆယ့်တစ်ကျော်ကျော်ပဲရှိသေးတယ်။ ငါတို့ ချိန်းထားတဲ့အချိန်က ဆယ့်နှစ်လေ . . ."

"သိပါတယ်ဟာ . . . ရုံးမှာ အလုပ်မရှိလို့ ပျင်းလို့ စောစောထွက်လာတာ . . . ငါ့ကျတော့ ပြောတယ် နင်ကရော အစောကြီး ဘာလာလုပ်နေတာလဲ . . ."

"ငါလည်း ပျင်းလို့ . . ."

"ထားလိုက်ပါတော့ . . . နက်နက် နင့်ကို ငါ ရတဲ့ လခနဲ့ အမှတ်တရ လက်ဆောင်တစ်ခုဝယ်ပေးချင်တယ်။ နင် ဘာကြိုက်လဲ"

"ငါက ဟိုဟာ ကြိုက်တယ်။ ဒီဟာ ကြိုက်တယ်ဆိုပြီး သီးသန့်ကြီးတော့ မရှိပါဘူး။ နင် သဘောကျတာ ဝယ်ပေးပေါ့။ အမှတ်တရပဲဟာ။ ဈေးကြီးတာတော့ ဝယ်မပေးနဲ့နော်။ တန်ဖိုးနည်းလည်း ကိစ္စမရှိဘူး။

"အိုကေ . . . လာ ဒါဆို ခုပဲ Super One ကို သွားရအောင်"

"ဟင် . . . ခုပဲလား . . . ငါမလိုက်ချင်ဘူး . . ."

"ဘာလို့လဲ . . ."

"ကိုယ် လက်ဆောင်ရမယ့်ပစ္စည်းကို ကြိုမသိချင်ပါဘူး။ နင့်ဘာသာနင် ဝယ်ပြီးမှ လာပေးတော့"

"ဟုတ်ပြီ . . . ဟုတ်ပြီ ဒါဆို နောက်နေ့မှပဲ ဝယ်ပြီး ငါ လာပေးတော့မယ်။ ဟာ နက်နက် နင်က လာလက်စနဲ့ ချိုင့်တစ်ခါတည်း ယူမလာဘူးလား . . ."



"အေးဟာ . . . ငါမေ့သွားတယ် . . . ပြန်မှပဲ တစ်ခါတည်း အိမ်မှာ ဝင်ယူလိုက်တော့ဟာ . . . နော် . . ."

"အေးပါ . . ."

သူမတို့နှစ်ယောက် ရုပ်ရှင်ကြည့်ပြီး လမ်းဘေးဆိုင်မှာ အသုတ်စုံ ဝင်စားကြသေးသည်။

"မှော် . . ."

"ပြောလေ"

"ဂန္ထဝင်နဲ့ရော ဒီလိုပဲ သွားဖူးလားဟင်"

"သူ့အကြောင်းကို ငါတို့နှစ်ယောက်ကြားမှာ မပြောရင် ကောင်းမယ် နက်နက်ရယ်။ ငါ သူနဲ့ ဘယ်မှမသွားဖူးဘူး။"

"Sorry မှော်။ ငါ မှားသွားတယ် . . ."

"ရပါတယ်ဟာ။ နောက်ထပ်တော့ မပြောနဲ့ပေါ့ . . ."

ကျွန်တော်နဲ့ "နက်နက်" စားသောက်ပြီး အိမ်ပြန်တော့ ညနေ ငါးနာရီထိုးနေပြီ။ ကျွန်တော် "နက်နက်" တို့ အိမ်လိုက်ပြီး ချိုင့်ဝင်ယူသည်။ ပြီးမှ အိမ်ကို ပြန်ခဲ့သည်။ အိမ်ရောက်တော့ မီးဖိုခန်းထဲ ချိုင့်ဝင်ထားရင်း 'မကြီး' က

"ဟဲ့ ကောင်စုတ်လေး လာစမ်း။ ငါ့ကို ပြောစမ်း မှန်မှန်။ ဒီနေ့ တစ်နေကုန် ရုံးမသွားပဲ ဘယ်တွေလျှောက်သွားနေလဲ။ နင့်ယောက်ဖကပြောတော့ မနက်က လက်မှတ်ထိုးပြီးကတည်းက ထွက်သွားလိုက်တာ ပြန်မလာတော့ဘူးဆို။ လက်မှတ်လာထိုးတုန်းကလည်း ဒီချိုင့် ပါမလာဘူးတဲ့"

"မကြီးကလည်းဗျာ။ ကျွန်တော် ဘယ်သွားသွားပေါ့"

"ဟဲ့ သွားတဲ့အကြောင်းအရာကို ပြောပြဦးလေ။ တစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့ဘင်ဆိုတော့ . . .”

“ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ . . . ကျွန်တော် ရည်းစားရနေပြီ . . .”

“ဟယ် . . . တကယ် . . . ဘယ်သူတုန်း အိမ်ခေါ်လာခဲ့လေ”

“ဘယ်သူတုန်းဆိုတာကိုတော့ မဖြေသေးဘူး . . . နောက်မှ . . . ခုတော့ ဒီလောက်ပဲ ပြောထားဦးမယ်”

“ကြည့်စမ်း ကိုယ့်အစ်မကိုတောင် လျှို့ထားတယ်။ အစုတ်ပလုတ်လေး . . .”

“နောက်မှ အိမ်ခေါ်လာမယ်လေ . . .”

“ဘယ်တော့ ခေါ်လာမှာလဲ . . . ငါ တွေ့ချင်လှပြီ . . . ချောလားဟင် . . .”

“အဆင်ပြေတဲ့တစ်နေ့ ခေါ်လာမှာပေါ့ မကြီးရာ . . . ချောတယ် မချောဘူးဆိုတာကတော့ မကြီးတွေ့မှ ဆုံးဖြတ်ပေါ့ . . .”

“ပြီးရော . . . ပြီးရော . . .”

“ဩော် . . . မကြီး . . .”

“ဘာတုန်း . . .”

“ကျွန်တော့်ကို မနက်တိုင်း ချိုင့်ထဲမှာ မုန့်တစ်မျိုးစီ ထည့်ပေးပါ . . .”

“အံမယ် . . . မင်း ကောင်မလေးကို ကျွေးမလို့ပေါ့ . . . ဟုတ်လား . . . မင်း ဒီကောင်မလေးကို တော်တော်ချစ်ပုံရတယ် . . . ဂန္ထဝင်တုန်းကတောင် ခုလိုမျိုး အသေးစိတ်



ဂရုမစိုက်ဖူးဘူး . . .”

“ဂန္ထဝင်နဲ့ မနှိုင်းပါနဲ့ မကြီးရာ။ သူနဲ့ ဘာမှမဆိုင်ဘူး။ အခုတစ်ယောက်က ကျွန်တော့်အတွက် သီးသန့်လေး . . . ကျွန်တော့်ရင်ထဲမှာ သူတစ်ယောက်ပဲရှိတယ် . . .”

ကျွန်တော့်ပါးစပ်က ထွက်သွားတဲ့စကားတွေကို ကျွန်တော်ကိုယ်တိုင်တောင် အံ့ဩမိသည်။ ကျွန်တော် ထိုစကားများ ပြောနေချိန်မှာ ကျွန်တော် အရမ်းပျော်ရွှင်နေမိတာကိုတော့ ဝန်ခံပါသည်။ ကျွန်တော် ‘နက်နက်’ ကို တကယ်ပဲ စွဲလမ်းသွားပြီ။ ကျွန်တော် ‘နက်နက်’ ကို တကယ်ပဲ ချစ်သွားပြီ။ ဒါဆို ‘နက်နက်’ ကရော။ ကျွန်တော့်အပေါ်မှာ ဘယ်လိုသတ်မှတ်ထားမှာပါလိမ့်။ ကျွန်တော့်အတွေးထဲမှာရော၊ မျက်လုံးထဲမှာရော၊ အိပ်မက်တွေထဲမှာပါ ‘နက်နက်’ ရဲ့ ပုံရိပ်တွေက ပျောက်ပြက်မသွားတော့ အချိန်တိုင်း စိုးမိုးနေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၃၀)

"နက်နက် ရေ . . . မော်လာပြီဟေ့ . . . ဒီနေ့လည်း လက်ထဲမှာ ချိုင့်ကြီးနဲ့ ဘာမုန့်တွေတုန်း . . ."

"ရိပ်ရိပ်" ရဲ့ အမေးကြောင့် 'မော်' က ချိုင့်ကို စားပွဲခုံပေါ်တင်လိုက်ပြီး -

"ဒီနေ့ နန်းကြီးသုပ် . . . အပေါ်ဆင့်က ဟင်းချိုနော် ပူတုန်းစားလိုက် . . . နင်တို့ ဘာစားပြီးပြီလဲ"

"ဘာမှမစားရသေးဘူး . . . အပြင်မှာပဲ တစ်ခုခု သွားစားမလို့လုပ်နေတာ . . . နင် ယူလာတာနဲ့အတော်ပဲ"

"နောက်ဆိုရင် မနက်စာကို ငါ ယူလာပေးမယ်။ နင်တို့ ဘာမှလုပ်မထားနဲ့။"

"အိုကေ . . . ငါတော့ ဆင်ဖြူတော် မှီပြီး ကြဲစုတ်ရတာပေါ့"



"မော် ရေ . . . နင် နေ့တိုင်းယူလာတော့ နင့်အစ်မက အပြစ်မပြောဘူးလား . . ."

"ပြောပါဘူး . . . ငါက ငါ့ကောင်မလေးအတွက်လို့ ပြောလိုက်တော့ အားရဝမ်းသာနဲ့ သူကိုယ်တိုင် ပြင်ဆင်ပေးလိုက်တာဟေ့"

"အံမယ် . . . ဘာ နင့်ကောင်မလေးလဲ . . ."

"ဟုတ်တာပဲဟာကို . . . ရည်းစားလေးလေ"

"နင့်အစ်မက ငါမှန်းမသိသေးဘူးမှုလား . . . သိရင် လုပ်ပေးမှာမဟုတ်ပါဘူး . . ."

"အဲလိုမျိုးတော့ မဟုတ်ပါဘူးဟာ . . . ပြောတော့ မပြောရသေးဘူး . . ."

"နင် မပြောရဲတာ မဟုတ်ဘူးလား မော် . . ."

"ဟာ အဲလိုမျိုးမဟုတ်ပါဘူး . . ."

"ထားလိုက်ပါတော့ . . . ငါက အလကားစတာပါ . . ."

"ငါ ရုံးသွားရဦးမှာမို့ သွားတော့မယ် . . ."

ချိုင့်ကို ညနေမှဝင်ယူတော့မယ်။ လေးနာရီလောက် ရောက်အောင် လာခဲ့မယ်။ နက်နက် နင် ငါ့ကို စောင့်နေနော်"

"အေးပါ . . . နင် ရုံးမှာပဲနေဦး . . . အလုပ်မရှိဘူး ဆိုပြီး အပြင်ကိုပဲ ထွက်မနေနဲ့ . . ."

"ဟုတ်ကဲ့ပါ ဆရာမရယ် . . ."

"မော် ထွက်သွားတော့မှ ရိပ်ရိပ် က . . .

www.burmeseclassic.com



"နက်နက် . . . မှော့်ကို ကြည့်ရတာ နင့်ကို အရမ်း တွယ်တာနေပုံပဲနော် . . . ကြည့်လည်း လုပ်ဦး ကနေ တစ်သက်လုံး ဖြစ်သွားဦးမယ်"

"နင်ကလည်းဟယ် . . . ငါကလည်း မှော့်အပေါ်မှာ ရိုးရိုးသားသားပဲ။ မှော်ကလည်း ငါ့အပေါ်မှာ ရိုးရိုးသားသားပဲ နေမှာပါ"

"မထင်ဘူးနော် . . ."

"ရိပ်ရိပ်" ရဲ့ စကားကြောင့် သူမက မျက်စောင်းထိုးလိုက်သည်။ ဒီနေ့တစ်နေ့လုံး သူမတို့ နှစ်ယောက် ဘယ်မှမသွားကြပဲ အခွေတွေ တစ်ခွေပြီးတစ်ခွေ ထိုးကာ ထိုင်ကြည့်နေကြသည်။ ထိုစဉ် ဘဲ(လ်)သံကြားရ၍ သူမတံခါးထဖွင့်လိုက်သည်။ တံခါးဖွင့်လိုက်တော့ -

"ဩော် . . ."

"ကိုယ် . . . နက်နက်ရှိပါ့မလားလို့ . . ."

"အထဲဝင်လေ . . . ကိုရာဇဝင် . . ."

"ရာဇဝင်" က ခုံမှာဝင်ထိုင်ရင်း . . .

"ဘယ်လိုလဲ မနေ့က ရုပ်ရှင်ကောင်းရဲ့လား . . ."

"ရှင်"

"ကိုယ်သိနေတာကို အံ့ဩသွားတာလား . . . အံ့ဩစရာမရှိပါဘူးနော် . . ."

"ဆရာ့လို . . . အဲ . . . ကိုရာဇဝင်လိုလူမျိုးအနေနဲ့ ဒီလို အသေးအဖွဲ့ကိစ္စလေးတွေကို သိနေတာ အံ့တော့ မအံ့ဩမိပေမယ့် နည်းနည်းတော့ ထူးဆန်းနေသလားလို့ . . ."



"ရာဇဝင်" က "သူမရဲ့စကားကို ရယ်မောကာ . . .

"အဲဒီကိစ္စတွေထားလိုက်ပါတော့ နက်နက် . . . ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

သူမ ပြုံးလိုက်ပြီး -

"ကိုရာဇဝင်ကို နက်နက် ရှင်းရှင်းပဲ ပြောမယ်နော်။ နက်နက် ကိုရာဇဝင်ကို မချစ်ဘူး"

"သင်္ကေတကြောင့်လား . . ."

သူမ "ရာဇဝင်" ကို စူးကနဲ တစ်ချက် စိုက်ကြည့်လိုက်ပြီး -

"သင်္ကေတနဲ့ ဘာမှမဆိုင်ဘူး . . . နက်နက် . . ."

သူမ ရှေ့ဆက် မပြောနိုင်တော့ . . .

"ကိုယ် နားလည်ပါတယ်။ ကိုယ့်ကို နက်နက် မချစ်တာ မှော် ကြောင့် . . ."

"မှော်"

သူမကို 'ရာဇဝင်' က ဘာလို့ 'မှော်' ကြောင့် သူ့ကို မချစ်တာလို့ စွတ်စွဲရတာလဲ။ တကယ်ဆိုရင် "မှော်" နဲ့ ဘာမှ မဆိုင်။ 'မှော်' ရော သူမရော တစ်ယောက်ကိုတစ်ယောက် နားလည်လို့ ဖေးမခဲ့ကြတာ။

"ဟုတ်တယ် . . . နက်နက်နဲ့ မှော်နဲ့ တွဲနေတာ ကိုယ် သိတယ်"

"ကိုရာဇဝင် ထင်ချင်သလို ထင်နိုင်တယ် . . ."

သူမ ပြောပြီးပြီးချင်း "ရာဇဝင်" ကို ထားခဲ့တာ [illegible] ထဲသို့ ဝင်လာခဲ့သည်။ အပြင်မှာ "ရိပ်ရိပ်" နဲ့ "[illegible]" [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကျန်ခဲ့သည်မသိ။ သူမ တစ်နေကုန် အခန်းပြင်မထွက်တော့။ "ရိပ်ရိပ်" က "ရာဇဝင်" ပြန်သွားပြီဟုဆိုကာ လာတံခါးခေါက်တာတောင် သူမ မထွက်။ ထမင်းစားရန်လာခေါ်တော့လည်း မထွက်။ သူမ ဘာဖြစ်နေတာလဲ။ သူမကိုယ်သူမတောင် ဘာဖြစ်နေမှန်းမသိ။

ဒါပေမယ့် မျက်လုံးက နာရီကို ခဏခဏ မော့ကြည့်မိတာကိုတော့ ဘာကြောင့်လည်းဆိုတာ သူမသိသည်။ လေးနာရီထိုးရင် 'မော်' လာမှာဆိုတာကို သူမ မျှော်လင့်နေမိသည်။ သူမ 'မော့်' ကိုများ . . . ဟင့်အင်း . . . မဟုတ်သေးပါဘူးလေ . . .။

ခုဆိုရင် သူမနဲ့ 'မော်' နဲ့ ကြားထဲမှာ ဘာမှ လျှို့ဝှက်စရာ . . . ဖုံးကွယ်စရာ ဘာမှမရှိ။ တစ်ယောက်နှင့်တစ်ယောက် နားလည်သည်။ သူမ 'မော်' အကြောင်းတွေးရင်း အိပ်ပျော်သွားသည်။ သူမ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ။ 'ရိပ်ရိပ်' တံခါးလာခေါက်မှပဲ နိုးတော့သည်။ နိုးနိုးချင်း နာရီကို လှမ်းကြည့်မိလိုက်သဖြင့် သူမကိုယ်သူမ ရယ်ချင်သွားသည်။

"ဟဲ့ . . . နက်နက် . . . နိုးနေပြီလား ထဦး။ ဒီမှာ မော်ရောက်နေတယ် . . ."

"နိုးနေပြီဟ . . . လာမယ် . . . လာမယ် . . . ခဏစောင့် . . ."

သူမ ပုံစံကို မှန်တစ်ချက်ကြည့်လိုက်သည်။ ခေါင်းကို ဘီးလေးဖြင့် တစ်ချက်နှစ်ချက် ခပ်မြန်မြန်လေး ဖြီးလိုက်သည်။



ပြီးတော့ ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ 'ရိပ်ရိပ်' နဲ့ 'မော်' က လက်ဖက်သုပ်တစ်ပန်းကန်နှင့် ထိုင်စကားပြောနေကြသည်။

"ဟော . . . နက်နက် နိုးလာပြီ။ နက်နက် . . . မော်က နင့်ကို လက်ဆောင်ပေးမလို့တဲ့ . . ."

"နက်နက်ရော့ . . ."

"မော်" က သူ့ဘေးက Parking Paper နှင့် ထုတ်ထားသော ဗူးရှည်ရှည်အကြီးကြီးကို လှမ်းပေးသည်။ သူမက လှမ်းယူလိုက်ရင်း -

"ဗူးက အကြီးကြီးပဲ။ ငါ့အရပ်လောက်ရှိတယ်။ ဘာလဲဟင် . . ."

"နောက်မှ ဖွင့်ကြည့်ပေါ့ . . . နင် အိပ်ရင် သူ့ကို ခေါ်သိပ်နော် . . . ငါလည်း တစ်နေ့ . . . အင်း . . . အိမ်ရောက်တော့မှ ဖုန်းဆက်လိုက်မယ် . . ."

"အခုပြောတော့ ဘာဖြစ်မှာမို့လို့လဲ . . ."

"နင်ကြိုသိသွားမှာပေါ့ . . ."

"အံမယ် . . . နင်က ငါ့ကို ရင်ခုန်အောင်လုပ်တာပေါ့ဟုတ်လား . . ."

"မော်" က ရယ်ပြီး ချိုင့်နှင့် သူ့အိတ်ကလေးကို ကိုင်ကာ

"ငါ အိမ်ပြန်တော့မယ်။ အိမ်ရောက်မှ ဖုန်းဆက်လိုက်မယ် . . ."

"မော်" က ပြောပြီး ပြေးဆင်းသွားသည်။ [illegible]

"ရိပ်ရိပ်" လည်း ဗူးကြီးကို ရင်တထိတ်ထိတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . လှလိုက်တာ . . ."

"အေးနော် . . . အကြီးကြီးပဲ . . . ချစ်စရာ ကောင်းလိုက်တာ . . ."

ဗူးကြီးထဲမှ ထွက်လာတာက သူမ အရပ်လောက်ရှိသည့် ခရစ္စမတ်ဘိုးဘိုး အရုပ်ဝဝကြီး ဖြစ်သည်။ သူမ သဘောကျသွားသည်။ ထိုစဉ် ဖုန်းလေးမြည်လာသည်။ သူမ ဖုန်းကို ဖွင့်လိုက်ပြီး -

"မှော် . . . ငါ နင်ပေးတဲ့ အရုပ်ကြီးကို သဘောကျတယ်။ စိတ်ချ နင်ပြောသလို ငါ့ကုတင်ပေါ် ခေါင်းသိပ်မှာ"

"နက်နက် . . ."

"ဟင် . . ."

"ငါလည်းလေ . . ."

"မှော်" က မပြောသေးပဲ ရပ်နေသဖြင့်

"ပြောလေ မှော် . . ."

"ငါလည်း တစ်နေ့ နင့်ကုတင်ပေါ်မှာ အဲလို အရုပ်ကြီး အဖြစ် ရောက်အောင် ကြိုးစားမယ် . . ."

"ဘာ . . . ဘယ်လို . . ."

သူမ အမေးကိုမဖြေပဲ "မှော်" က ဖုန်းပိတ်သွားသည်။

"ကောင်စုတ်လေး . . ."

သူမ နှုတ်ခမ်းလေးကိုက်ပြီး 'မှော်' စကားကို ရယ်နေလိုက်သည်။ 'ရိပ်ရိပ်' က -

"ဘာတဲ့လဲ နက်နက် . . ."

"မစပ်စုကြေး . . . ဟင်း . . . ဟင်း"



"အံမယ် . . . ခုမှ . . ."

သူမကတော့ အရုပ်ကြီးကို အခန်းထဲသို့ ယူလာခဲ့တော့သည်။ အခန်းထဲရောက်တော့ အရုပ်ကြီးကို ကုတင်ပေါ် တင်လိုက်သည်။

"မှော့်" စကားကို ပြန်တွေးမိရင်း သူမ ပြုံးလိုက်သည်။ နင် ပြောတဲ့စကားတွေဟာ အတည်ပြောနေတာလား။ နောက်နေတာလား 'မှော်' ရယ်။ အရုပ်ကြီးကတော့ သူမရဲ့ ကုတင်ပေါ်မှာ အငြိမ့်သား"

ထိုစဉ် -

"နက်နက် . . . အခန်းထဲမှာ စိတ်ကူးတွေ စွတ်ယဉ်မနေနဲ့ . . . အပြင်ထွက်ခဲ့ဦး . . . ဒီမှာ ဇာဇာ့ဆီက e-mail ရောက်လို့ . . ."

"လာပြီ . . ."

"ဇာဇာ" ဆီက e-mail ကို သူမတို့နှစ်ယောက်အတူ ဖတ်လိုက်သည်။ 'ဇာဇာ' က လာမယ့် Sunday မှာ ပြန်လာမည်ဖြစ်ကြောင်း လေဆိပ်မှာ လာကြိုရန် အကြောင်းကြားထားသည်။ ပြီးတော့ သူ ရောက်ရောက်ခြင်းမှာ အံ့ဩစရာကိစ္စ တစ်ခုကိုလည်း ပြောပြမည်ဟု ရေးထားသည်။

"ဘာ အံ့ဩစရာများလဲ မသိဘူးနော် . . ."

"အေးလေ . . ."

"လာမယ့် Sunday ဆိုတော့ သိပ်မလိုတော့ဘူး . . . နော် ရိပ်ရိပ် . . ."

"အေး ဟုတ်တယ် . . . ဇာဇာ ရောက်လာရင် မှော်

www.burmeseclassic.com



စရာကြီးနော်”

“ဟုတ်ပ၊ တွေးကြည့်ရင် ကျောင်းသူဘဝ ပြန်ရောက်သွားသလိုပဲ”

“ဇာဇာ ပြန်လာမှပဲ တို့ သုံးယောက် အတွဲညီတော့မှာ”

***



## (၃၁)

Sunday

ဒီနေ့ ‘ဇာဇာ’ ရောက်မှာမို့ သူမတို့နှစ်ယောက် လေယာဉ်ကွင်းမှာ ‘ဇာဇာ’ ကို ကြိုရန်အတွက် ပြင်ဆင်နေကြသည်။ သူမက T-Shirt သေးသေးလေး အပြာနုရောင်လေးကို ဂျင်းဘောင်းဘီပွပွ ဒူးဖုံးရုံအနက်ကလေးနှင့် တွဲဝတ်လိုက်သည်။ ‘ရိပ်ရိပ်’ ကတော့ ကျောက်စိမ်းရောင် ဂါဝန်လက်ပြတ်လေးကို ဝတ်နေသည်။ ထိုစဉ် သူမ လက်ကိုင်ဖုန်းလေး မြည်လာ၍ သူမ ဖွင့်၍ နားထောင်လိုက်သည်။

“ဟယ်လို . . .”

“ငါပါ နက်နက်။ နင် အခု အားလားဟင်”

“အားဘူး . . . မှော်ရဲ့ . . .”

“ဘာလို့ . . .”

www.burmeseclassic.com

www.burmeseclassic.com



"လေယာဉ်ကွင်းကို ခုပဲ သွားမှာမို့လို့ . . ."

"လေယာဉ်ကွင်းကို . . ."

"အင်း . . ."

"ဘာသွားလုပ်မှာလဲ . . ."

"ဒီနေ့ ဇာဇာ ရောက်မှာလေ . . . ငါနဲ့ ရိပ်ရိပ် သွားကြိုမလို့ . . . နင်က ဘာလုပ်မလို့လဲ . . . ငါတို့ အားလားလို့ မေးတာ . . ."

"ဘာမှမလုပ်ပါဘူး။ ဒီနေ့ ငါ အားလို့ အပြင်လျှောက်လည်ရအောင်လို့ . . ."

"အံမယ် . . . ဒီနေ့က အားလို့ဆိုတော့ . . . အရင်နေ့တွေကကျတော့ မအားတာကျနေတာပဲ . . . သူ့အလုပ်က တော်တော်ပင်ပန်းတာကိုး . . ."

"နက်နက် . . ."

"ဘာတုန်း"

"ထူးပုံလေးက ချစ်စရာလေး"

"အပိုတွေပြောမနေနဲ့ မြန်မြန်ပြော ငါတို့ ဖုန်းပိတ်လိုက်တော့မှာ"

"ငါတို့ဆိုတာ . . ."

"ငါနဲ့ ရိပ်ရိပ်ပေါ့ဟဲ့ . . . ဘယ်သူရှိရမှာတုန်း . . ."

"မော် . . . နင်ကလေ သိပ်လေကြောရှည်တာပဲ။ ငါ ဖုန်းပိတ်လိုက်တော့မယ်"

"ဟာ . . . နေပါဦး နက်နက်ရဲ့ . . . ခဏလေးပါ။ ငါလည်း နင်တို့နဲ့ ဇာဇာ့ကို ကြိုဖို့ လိုက်ချင်တယ်"



"ဟာ . . . ဘယ်ဖြစ်မလဲ . . ."

"ဘာလို့လဲ . . ."

"ဇာဇာက ရှုတ်တရက်ကြီးဆိုရင် Shock ရသွားမှာပေါ့။ နင်နဲ့ငါနဲ့က အရင်က တည့်တာမှ မဟုတ်တာ"

"နင်က မပြောရသေးဘူးလား"

"မပြောရသေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

"အံမယ် . . . နင်က ရှက်တတ်သေးတယ်ပေါ့"

"ကောင်စုတ် . . . နင်ပြောတဲ့ပုံက ငါကပဲ အရှက်မရှိတဲ့ သူကြနေတာပဲ . . . ဇာဇာကို ရောက်တော့မှ အေးအေးဆေးဆေး ပြောပြရတာပေါ့ . . ."

"ငါ့ကောင်းကြောင်းလေးတွေ များများပြောနော် . . ."

"သူမက နှုတ်ခမ်းလေးကိုက်ကာ ပြုံးလိုက်ပြီး"

"တော်ပြီ . . . ငါဖုန်းပိတ်တော့မယ် . . . ဘိုင်"

သူမ ဖုန်းပိတ်လိုက်သည်။ သူမ ဖုန်းပိတ်လိုက်တော့မှ 'ရိပ်ရိပ်' က . . .

"အမလေး . . . လေယာဉ်ကွင်းထဲတောင် ကားက ဝင်လာပြီ။ တစ်ချို့ဆိုရင် လေယာဉ်ကွင်းထဲ ကားဝင်နေတာတောင် မသိဘူး။ ပတ်ဝန်းကျင်ကိုမေ့လို့ . . ."

"ရိပ်နော် . . . မစနဲ့"

သူမတို့ ကားလေးကို လေယာဉ်ကွင်းတစ်နေရာမှာ ကားပါကင်ရပ်လိုက်သည်။ ပြီးတော့ လေယာဉ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သည်။ သူမတို့ ရောက်ပြီး သိပ်မကြာခင်မှာပဲ လေယာဉ်ဆိုက်လာသည်။

လေယာဉ်ပေါ်က ဆင်းလာတဲ့ လူအုပ်ကြားထဲမှာ 'ဇာဇာ' ကို သူမတို့ လိုက်ရှာကြသည်။ ဟော . . . တွေ့ပါပြီ။ ဆံပင်တိုတိုလေးနဲ့ ကောင်မလေး T-Shitr အဖြူကို ဂျင်းဘောင်းဘီရှည်နဲ့ တွဲဝတ်ထားတဲ့ 'ဇာဇာ' 'ဇာဇာ' ကလည်း သူမတို့ကို မြင်၍ လက်လှမ်းပြသည်။ သူမတို့နှစ်ယောက်က လည်း လက်ပြန်ပြလိုက်သည်။

ပစ္စည်းတွေစစ်ပြီး ကားပေါ်တင်ရင်း 'ရိပ်ရိပ်' က 'ဇာဇာ' ကို -

"ဇာဇာ ဆိုင်တစ်ခုခုကို ဝင်ဦးမလား။ အိမ်ကိုပဲ တန်းသွားမလား"

"အိမ်ကိုပဲ သွားရအောင်။ ဆိုင်မှာဆို တို့တွေစကားပြောတာ လွတ်လပ်မှာမဟုတ်ဘူး။ အိမ်မှာမှ တို့ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ပြောကြဆိုကြနဲ့ ရယ်မောလို့ရမှာ"

"ဟုတ်တယ် . . ."

ထိုစဉ် သူမရဲ့ ဖုန်းလေးက မြည်လာပြန်သည်။ ဖွင့်ကြည့်လိုက်တော့ "မှော်" ဖုန်းနံပါတ်ပေါ်နေသည်။ ကျွတ် . . . 'မှော်' ဘယ်လိုဖြစ်နေတာလဲ။ သူမအသံကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထူးလိုက်သည်။

"ဟယ်လို . . ."

"နက် . . . ဇာဇာ ရောက်ပြီလား . . ."

"ရောက်ပြီ။ ခု အိမ်သွားနေတာ . . . ဘယ်လိုဖြစ်လို့



ခဏခဏ ဆက်နေရတာလဲ . . ."

"လွမ်းလို့"

"အပိုတွေ . . . တော်ပြီ ဖုန်းပိတ်လိုက်တော့မယ်။ ဒီနေ့ တစ်နေ့လုံး နောက်ထပ် ဖုန်းလည်း မဆက်နဲ့။ လူလည်း မလာနဲ့ ဒါပဲ . . ."

"ဟာ နေပါဦး . . . နက်ရာ . . . ခုတောင် တော်တော်လေး မနေနိုင် မထိုင်နိုင်ဖြစ်နေတာ . . . တစ်နေ့လုံးဆိုရင် တော့ ဒုက္ခပဲ . . ."

"သေလိုက် . . ."

သူမ ဖုန်းပိတ်လိုက်သည်။ 'ဇာဇာ' က -

"ဘယ်သူတုန်း နက်နက် . . ."

"မှော်"

သူမ ရှက်ကိုးရှက်ကန်းဖြင့် ဖြေလိုက်သည်။

"မှော် . . . ဟုတ်လား . . ."

"အင်း . . ."

"နင်နဲ့ မှော် နဲ့က . . ."

"နောက်မှပဲ အေးအေးဆေးဆေး ပြောပြတော့မယ်ဟာ . . ."

အိမ်ရောက်တော့ 'ဇာဇာ' က ရေချိုးသည်။ ပြီးတော့ သနပ်ခါးရေကျဲလေး လူးနေရင်းမှ -

"ငါ သနပ်ခါး လူးချင်တာ ကြာလှပြီဟာ။ ဒီမှာက သနပ်ခါး လူးပြီး အပြင်ထွက်ရင် ဘာမှမဖြစ်ပေမယ့်။ ဟိုမှာက သနပ်ခါး လိမ်းပြီး အပြင်ထွက်ရမှာ ရှက်စရာကြီးလေ . . ."

www.burmeseclassic.com



"အဲဒါဆိုရင် သနပ်ခါးမလိမ်းဖြစ်ဖူးပေါ့ . . ."

"ဟိုလိုမလိမ်းဖြစ်တာတော့ မဟုတ်ပါဘူး . . . ညဘက် အိပ်ရာဝင်ခါနီးလောက်ပဲ ခပ်ပါးပါးလေး လူးဖြစ်တယ် . . ."

"ဇာဇာ . . . နင် ငါတို့ကို အံ့ဩစရာ ပြောစရာရှိတယ်ဆို . . . ပြောလေ . . ."

"ငါ့အကြောင်းမပြောခင် မှော်နဲ့နင်နဲ့ အကြောင်းကို အရင် ပြောပြဦး နက်နက်"

"သိပ်ထွေထွေ ထူးထူးမဟုတ်ပါဘူးဟာ . . . ဒီလို . . ."

သူမက 'မှော်' နဲ့ အကြောင်းကို အစအဆုံး အကုန် ပြောပြလိုက်သည်။ အားလုံးပြောပြီးတော့ 'ဇာဇာ' က -

"အင်း . . ."

"ငါတော့ မထင်ဘူး . . ."

"ဘာလို့လဲ . . ."

"ရိပ်ရိပ်" ရဲ့ အပြောကို သူမနဲ့ 'ဇာဇာ' က ပြိုင်တူ ပြန်မေးလိုက်သည်။ "ရိပ်ရိပ်" က သူမ ကုတင်ပေါ်က အရုပ်ကြီးကို လက်ညှိုးထိုးပြရင်း -

"အဲ့ဒါ မှော်က နက်နက်ကို လက်ဆောင် ဝယ်ပေးထားတာလေ။ တော်ရုံလောက်ဆို ဒီလိုလက်ဆောင်မျိုး ဘယ်ဝယ်ပေးမလဲ . . ."

"ရိပ်ရိပ် နင်ကရော မှော့်အပေါ် . . ."

"No . အဲဒီကိစ္စပြီးသွားတာ ကြာပြီ ဇာဇာ . . . ငါ



မှော့်ကို အရင်က စိတ်ဝင်စားခဲ့တာမှန်တယ် . . . ဒါပေမယ့် အဲ့ဒါဟာ စိတ်ကစားရုံသက်သက်ပဲ။ ခု မှော့်ကို နက်နက်နဲ့ ဆိုရင် သဘောတူတယ်။ နက်နက်နဲ့ လွဲရင်တော့ တစ်ခြားမိန်းမတွေနဲ့တော့ လုံးဝသဘောမတူဘူး . . ."

"ဒါဆို . . . နက်နက် . . . နင်ကရော မှော့်အပေါ်မှာ ဘယ်လိုသဘောထားလဲ . . ."

"ငါ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အရင်ကလောက် အထိတော့ သူ့ကို မခါးသီးပါဘူး"

"ဇာဇာ နင်မသိဘူးနော်။ မှော်က နက်နက်ကို အရမ်းငြိနေတာ၊ သူ့မျက်လုံးတွေကိုကြည့်ရင် သိသာတယ်။ ငါသိတယ်။

နက်နက် ရင်ထဲမှာ မှော့်အပေါ် ဘယ်လိုထားလဲ မသိပေမဲ့ မှော်ကတော့ နက်နက်ကို တော်တော်ကြီးကို စွဲလမ်းနေတာ။ အခုဆို ငါတို့ မနက်စာကို ဘာမှ လုပ်စရာ ‌မလိုဘူး။ မနက်တိုင်း မှော်က မုန့်တစ်မျိုးစီ နေ့တိုင်းမရိုးရအောင် ယူယူလာတာ"

"ဟာ . . . ယောကျ်ားလေးတစ်ယောက်အနေနဲ့ ဒီလောက်ထိ ဂရုစိုက်ပြတာ သူ နင့်ကို တော်တော်ကြွေနေလို့ပဲ နက်နက် . . ."

"သူကိုယ်တိုင် လုပ်လာတဲ့ မုန့်တွေမဟုတ်ပါဘူး ဇာဇာ ရယ်။ သူ့အစ်မလုပ်ပေးတဲ့ မုန့်တွေပါ"

"အေြာ် . . . နက်နက်ကလည်း ဘယ်ယော[illegible] က ကိုယ်တိုင်လုပ်တတ်ပါ့မလဲဟ . . . ဒါ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှိမှာပေါ့ . . . နားလည်ပေးလိုက်ပါ . . .”

“အံမယ် . . . နင်တို့နှစ်ယောက်က မော့်ရဲ့ ရှေ့နေတွေလား . . .”

“ရှေ့နေတော့ မဟုတ်ပါဘူး . . . အကျိုးဆောင်တွေပါ . . .”

“ကဲ ထားပါတော့ ဇာဇာ နင့်ကိစ္စပြောပြ . . .”

“ဇာဇာ” က တစ်ချက်ရယ်ရင်း -

“ဒီအကြောင်းကို ပြောလိုက်ရင် နင်တို့ တော်တော်အံ့ဩမှာ၊ ဒီကိစ္စကို ငါ e-mail နဲ့ ပို့မလို့ပါပဲ။ ဒါပေမယ့် ဒီရောက်မှ နင်တို့ အံ့ဩအောင်ပြောပြတာ ပိုကောင်းမယ်ထင်လို့”

“နိဒါန်းတွေ ချွေမနေပါနဲ့တော့ ဇာဇာရာ ငါ သိချင်လှပြီ . . .”

“ပြောပါ့မယ်ဟဲ့ . . . အခု ငါ ဒီကို အပြီး ပြန်လာတဲ့ အဓိကအကြောင်းအရင်းက ငါ လက်ထပ်ပြီး ဒီမှာပဲနေတော့မလို့လေ . . .”

“ဘာ”

“ဇာဇာ နင်လက်ထပ်တော့မယ် . . . ဟုတ်လား . . .”

“ဇာဇာ” က သူ့မျက်နှာကို လက်ဝါးလေး နှစ်ဖက်ဖြင့် အုပ်ထားသည်။

“အောင်မယ် . . . ကောင်မစုတ် ခုမှ ရှက်နေတယ်။ ပြောစမ်း ဘယ်သူနဲ့တုန်း . . .”

“ပြင်းရှု” နဲ့

“ပြင်းရှုနဲ့ . . . တကယ် . . .”



“အင်း . . .”

“သေချာပြောပြစမ်းပါဦးဟယ် . . .”

“အဓိကကတော့ဟယ် . . . ငါတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်။ လူကြီးချင်း သဘောတူတယ်။ အဲဒါကြောင့် လက်ထပ်ဖြစ်တာ . . .”

“ဒါဆို အခု ပြင်းရှုကရော . . .”

“အလုပ်တွေက မပြတ်သေးဘူးလေ။ ကျန်ခဲ့တယ်။ နောက်မှ လိုက်လာမှာ . . .”

“ဩော် . . . တို့ ဇာဇာတောင် စွံတော့မှာကိုး . . .”

“အခုဆိုရင် ငါကလည်း လက်ထပ်တော့မယ်။ နက်နက်ကလည်း မော်နဲ့ အဆင်ပြေနေပြီ။ အချိန်ပဲလိုတော့တာ။ ရိပ်ရိပ်ပဲ ရှာတော့တာ . . .”

“အမလေး . . . ဇာဇာ . . . ရှာစရာမလိုဘူး . . . ရှိပြီးသား . . .”

“ဘယ်သူတုန်း နက်နက် . . .”

“သိဒ္ဓိလေ . . . သိဒ္ဓိက နက်နက်ကို propose လုပ်ထားတာ . . .”

“သိဒ္ဓိက . . .”

“ဟုတ်တယ် . . .”

“ရိပ်ရိပ် . . . နင့်သဘောကရော . . .”

“ရိပ်ရိပ်” က “ဇာဇာ” အမေးကြောင့် ရှက်သွားသော -

“နင်တို့ကလည်းဟယ် . . . ဘာတွေပြောနေမှန်း မသိဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် ခုမှ ရှက်နေပြန်ပြီ။ ပြောစမ်း . . ."

"ငါ သိဒ္ဓိကို ဒီလကုန်ရင် အဖြေပေးမလို့ ပြောထားတယ်"

"ချစ်တယ်ပေါ့ . . ."

"ရိပ်ရိပ်" က ရှက်ရယ်ရယ်သည်။ သူမက -

"ဇာဇာ နင်က ဘာမှမပြောင်းလဲဘူးနော်။ အရင်ရုပ် အတိုင်းပဲ"

"ဘာမှမပြောင်းလဲဘူး . . . နက်နက် နင်ကတော့ တော်တော်ပြောင်းလဲတယ် . . ."

"ဘာပြောင်းလဲလို့လဲ"

"အရင်ကထက် အဆတစ်ရာလောက်ပိုလှလာတယ်"

"မြှောက်ပြန်ပြီ။ အရင်အတိုင်းပါပဲဟာ . . ."

"အဲ . . . နေဦး နက်နက်။ ဆရာရာဇဝင်နဲ့ကရော"

"သူ့ကိုငါ အပြတ်ပြောလိုက်ပြီးကတည်းက မလာတော့ဘူး။ သူလည်း လူကြီးလူကောင်းတစ်ယောက်ပဲ ရှက်သွားမှာပေါ့"

"အေးနော် . . ."

"ဇာဇာ" ရောက်ပြီး သိပ်မကြာခင်ရက်ပိုင်းမှာပဲ "ပြင်းရှ" ရောက်လာသည်။ သူမရယ် . . . 'ရိပ်ရိပ်' ရယ် . . . 'ဇာဇာ' ရယ် . . . 'ပြင်းရှ' ရယ် . . . 'မှော်' ရယ် . . . 'သိဒ္ဓိ' ရယ် အားလုံး ခြောက်ယောက်တစ်အုပ်စုကြီးနှင့် ပျော်စရာကောင်းလှသည်။





'ဇာဇာ' နှင့် 'ပြင်းရှ' တို့ရဲ့ မင်္ဂလာဆောင်ကို ဝိုင်းကူညီကြရင်း အရင်ကထက် ပိုရင်းနှီးခဲ့သည်။ 'မှော်' နှင့် တွဲသည့်

* * *



www.burmeseclassic.com



# (၃၂)

"နက်နက် ငါနဲ့ အအေး တစ်ခုခုသွားသောက်ရအောင်"

"အင်း . . . သွားမယ်လေ . . . နေ့ခင်းကြီးဆိုတော့ နေအရမ်းပြင်းတယ်နော် . . . ဘယ်ဆိုင်သွားမှာတုန်း . . ."

"(၇)မိုင်မှာ ဖွင့်ထားတဲ့ ဆိုင်အသစ်ကလေးကို သွားမှာ"

ဒီလိုနဲ့ သူမတို့နှစ်ယောက် 'မှော်' ပြောတဲ့ အအေးဆိုင်လေးကို သွားကြတော့သည်။ တကယ်ပဲ ဆိုင်လေးက ချစ်စရာလေးနှင့် အေးအေးချမ်းချမ်းလေးပါ။ တောအုပ်ကလေးတစ်ခုနှင့်တောင် တူနေသည်။

'မှော်' က စားပွဲဝိုင်းတစ်ဝိုင်းမှာထိုင်ရင်း -

"ဘာသောက်မလဲ နက်နက် ဒီမှာအစုံရတယ်"

"ကော်ဖီအေးပဲ သောက်မယ် . . ."

'မှော်' က စားပွဲထိုးလေးကို ကော်ဖီအေးနှစ်ခွက်နှင့်



ကွတ်ကီး မှာလိုက်သည်။

"နက်နက် . . . ငါတို့တွဲတာ ရက် (၁၀၀)ပြည့်ဖို့အတွက် (၅)ရက်ပဲ လိုတော့တယ်နော် . . ."

"အင်း . . ."

"နင်နဲ့ တွဲခဲ့တဲ့ရက်တွေမှာ ငါ အရမ်းပျော်ခဲ့တယ်။ ဂျွန်ဝင်နဲ့တုန်းကတောင် ဒီလိုမပျော်ခဲ့ဖူးဘူး။ နင်ရော နက်နက် . . ."

"တူတူပါပဲ . . ."

"ငါ နင့်ကို ဒီစကားတွေ အလေးအနက်ထားပြီး ပြောတာပါ နက်နက်။ ငါ့အသက်နဲ့ ထပ်တူသစ္စာဆိုရဲပါတယ်။ တကယ်ပါ . . ."

"မှော်" ကပြောပြီး စားပွဲထိုးလေး လာချပေးထားသော ကော်ဖီအေးကို တစ်ငုံသောက်လိုက်သည်။ ပြီးမှ -

"နက်နက် . . . နင့်ကို ငါအရမ်းချစ်တယ်။ ငါ့ကို လက်ထပ်ခွင့်ပေးပါ။ ငါ မကြီးကိုလည်း ဖွင့်ပြောပြီးပြီ။ မကြီးက ငါ့ သဘောပဲတဲ့။ ငါ ပြင်းရှတို့ကို အရမ်းအားကျတယ်။ နင့်ကိုလည်း အရမ်းချစ်တယ်။ နက်နက် ငါ နင့်ကို လုံးဝ မခွဲနိုင်ဘူး"

သူမ 'မှော်' ကို မျက်လုံးလေးပြူးပြီး -

"မှော် . . . နင် အိပ်မက်မက်နေတာလား . . ."

"ဟာ . . . နက်နက်ကလည်း ဒါ နောက်စရာလား . . . ငါ အတည်ပြောနေတာ . . . ငါ့ကို အဖြေပြန်ပေးစမ်း နော် . . . ငါ နင့်ကို အမြန်ဆုံးလက်ထပ်မယ် . . ."

"မှော်ရယ် ဘယ်လိုဖြစ်နေတာလဲ . . . ချက်ချင်းကြီး"

"နင်နဲ့ ငါနဲ့ ကြားမှာ စဉ်းစားဖို့လိုသေးလို့လား . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟင် နက်နက် . . .”

“ငါ့ကို ဘာမှ ထပ်မမေးနဲ့တော့ နင့်ကို ရက် (၁၀၀)ပြည့်တဲ့နေ့ကြမှ အဖြေပေးမယ် . . .”

“ဟာ . . . တကယ် . . . တကယ်နော် . . . နက်နက်”

“အင်း . . .”

* * *



(၃၂)

ဒီနေ့ ရက်(၁၀၀)ပြည့်သောနေ့။

သူမ မနက်ကတည်းက ‘မှော့်’ ကို မျှော်နေမိသည်။ ခဏကြာတော့ ‘မှော်’ ရောက်လာသည်။ သူမ တံခါးဖွင့်ပေးလိုက်သည်။ ပြီးတော့ သူမတို့ နှစ်ယောက်စလုံး ဝရန်တာမှ ဒန်းလေးပေါ်မှာ ထိုင်လိုက်ကြသည်။

“ဘယ်သူမှမရှိဘူးလား . . . နက်နက်”

“အင်း . . . ပြင်းရှနဲ့ ဇာဇာက ဒီနေ့ မင်္ဂလာဝတ်စုံရွေးဖို့ သွားရွေးတယ်။ သိဒ္ဓိနဲ့ ရိပ်ရိပ်ကတော့ ဘယ်သွားတာလည်း မသိဘူး . . .”

“ဒီနေ့ နင် ငါ့ကို အဖြေပေးမယ်ဆိုတာ သူတို့ သိလား”

“သိတယ် . . . ငါတို့ကြားမှာ ဖုံးကွယ်ထားစရာ ဘာမှ မရှိဘူး”

www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့အဖြေကို ဒီစာရွက်လေးကို ကြည့်ပြီးပေးလေ"

"ဘာစာရွက်တုန်း . . ."

'မှော်' က စာရွက် အဖြူလေးတစ်ရွက်ထုတ်လာပြီး

"ဒီစာရွက်မှာ မေးခွန်းလေးတွေ မေးထားတယ်။ အဲဒီ မေးခွန်းတစ်ခုစီမှာ အဖြေသုံးခု . . . အဲဒီထဲကမှ တစ်ခုကို ရွေးရမှာ"

"ငါက စာမေးပွဲ ဖြေရမှာပေါ့ . . ."

"အင်း"

သူမက ပထမမေးခွန်းကို ဖတ်လိုက်သည်။

"ငါတို့နှစ်ယောက် ရက် (၁၀၀) တွဲခဲ့ခြင်းက -

(၁) မုန်းခြင်း

(၂) လက်စားချေခြင်း

(၃) ချစ်ခြင်း"

"ဖြေလေ"

"အဲဒီသုံးခုထဲက တစ်ခုလား"

"အင်း"

"မုန်းခြင်းနဲ့ လက်စားချေခြင်းက ဟုတ်မှမဟုတ်ပဲ။ ချစ်ခြင်းပေါ့"

"အိုကေ . . . နောက်မေးခွန်းတစ်ခု ငါ ဖတ်ပြမယ်။ အဖြေကို နင်ဖြေ"

"ဟုတ်ပြီ"

"ငါတို့နှစ်ယောက်ကြားမှာ အရင်က မရှိခဲ့တာ -

(၁) သံသယ



(၂) နားလည်မှု

(၃) အညိုးအတေး"

"အင်း . . . နားလည်မှု"

"ရက် (၁၀၀)ပြည့်ခံစားမှု (၁) အချစ် (မှော့်ကိုချစ်တယ်) (၂) ရှေ့ဆက်ဖို့ လုံးဝမဖြစ်နိုင်တော့ဘူး (၃) သူငယ်ချင်းတွေပဲ အဲဒီလိုပဲ ဆက်နေသွားရအောင် . . ."

"အင်း . . ."

သူမက မျက်လုံးလေး ထောင့်ကပ်ပြီး စဉ်းစားသလို လုပ်သည်။

"နက်နက် . . . မနောက်နဲ့နော် ဒါ ငါ့ဘဝအတွက် အရမ်းအရေးကြီးလို့ . . ."

"နံပါတ် (၁)"

"ဟာ . . ."

"မှော် . . . ဒါ ငါအမှန်အတိုင်းပြောတာ . . . နင့်ကို အရမ်းချစ်တယ်။ ငါ့ကိုယ်ငါတောင် မယုံကြည်နိုင်ဘူး . . ."

"ကျေးဇူးတင်ပါတယ် နက်နက်ရယ် . . . ကဲ ဒီမေးခွန်း က နောက်ဆုံးမေးခွန်းပဲ။ သွားတိုက်ဆေးတစ်ဗူးထဲကို အတူ သုံးခွင့် ဘယ်တော့ပေးမှာလဲ -

(၁) အခုချက်ခြင်း

(၂) နောက်လ

(၃) နောက်နှစ်လကြာရင် . . ."

"အင်း . . ."

သိပ်ကဗျာဆန်တဲ့ 'မှော်' ပဲ။ လက်ထပ်ခွင့်တောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



*သွားတိုက် ဆေးတစ်ဗူးထဲကို အတူသုံးခွင့်တဲ့။*

"(၃) နောက်နှစ်လလောက်ကြာမှ . . ."

"အိုး . . . ငါ အရမ်းပျော်သွားပြီ နက်နက် . . ."

"မှော်" အရမ်းပျော်နေတယ် . . . သူမ သိသည် "မှော်" မျက်လုံးလေးတွေ အရောင်လက်နေသည်။ သူမလည်း အရမ်း ပျော်နေသည်ပဲ။

* * *



## (၃၃)

မယုံနိုင်လောက်အောင် သူမတို့ ချစ်ခရီးက ဖြောင့်ဖြူးနေသည်။ သူမရဲ့ မိဘတွေကလည်း သဘောတူသည်။ 'မှော်' ဘက်ကလည်း သဘောတူသည်။ လူကြီးခြင်းလဲ စကားပြော ပြီးပြီဆိုတော့ ဘာမှမလိုတော့။ အရာရာအဆင်ပြေနေသည်။

"ဇာဇာ" တို့ မင်္ဂလာဆောင်မှာ ရောက်လာကြသော ငယ်သူငယ်ချင်းတွေက 'မှော်'နဲ့ 'နက်နက်' ကို ကြည့်ပြီး အံ့သြ နေသည်။ 'မှော်' ကတော့ သူငယ်ချင်းများ၏ အမေးကို ခပ်ပြုံးပြုံးဖြင့် ဖြေနေသည်။

"ငါတို့လည်း သိပ်မကြာခင်မှာ မင်္ဂလာဆောင်တော့ မှာ . . . အခုတော့ စောင့်ဦး။ အဲဒီခါကျရင်လည်း [illegible] လာရမယ်နော် . . ."

"အေးပါကွာ . . . ဒါနဲ့ လုံးဝ[illegible] [illegible]

www.burmeseclassic.com



နှစ်ယောက် ဘယ်လိုလုပ်ချစ်သူတွေဖြစ်ပြီး လက်ထပ်ဖို့အထိ ဖြစ်သွားရတာလဲ . . .”

“အချစ်ရဲ့တန်ခိုးပေါ့ကွာ . . . မင်းတို့ကို ရှင်းပြရရင် အရှည်ကြီးပဲ . . .”

သူမကတော့ ‘မျှော်’ ပျော်နေတာကို ကြည့်ပြီး ပျော်နေမိတာပါပဲ။

* * *



(၃၄)

သူမတို့နှစ်ယောက် လက်ထပ်ပြီးရင်နေဖို့အတွက် စမ်းချောင်းဘက်မှာ တစ်ထပ်တိုက်ကလေးနှင့် ခြံကလေးကို နှစ်ဖက်မိဘတွေက လက်ဖွဲ့သည်။ အဲဒီခြံကလေးမှာပဲ မင်္ဂလာပွဲလုပ်ဖို့ သူမတို့ဆုံးဖြတ်လိုက်သည်။

သူမတို့နှစ်ယောက်ရယ် . . . “ဇာဇာ” နဲ့ “ရိုင်ရိုင်” တို့ စုံတွဲရယ် လက်ထပ်ပွဲအတွက် ခြံလေးကို အလှပဆုံး ဖြစ်အောင် ပြင်ဆင်ကြတော့သည်။

“မျှော် . . . နက်နက်ကို ဘယ်မှာအလှပြင်မှာလဲ . . .”

“ဇာဇာ” ရဲ့ အမေးကြောင့် “မျှော်” က . . .

“နင့်ကို ပြင်တဲ့ မာမိဆီမှာပဲ ပြင်မှာလေ . . . အဲဒီ မာမိကို ဒီအိမ်လေးကိုပဲခေါ်ပြီး ပြင်မှာ . . .”

“အိုး . . . ကောင်းသားပဲ . . . နင်လည်း ဒီမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှာမှလား . . . ”

“မဟုတ်ဘူး ရိပ်ရိပ် . . . ငါက မင်္ဂလာပွဲနီးမှ အိမ်က ထွက်လာမှာ . . . ”

“တစ်ခါထဲ ဒီမှာနေတော့ ပြီးရော . . . ”

“အေးလေ . . . ”

“သတို့သမီးအတွက် သီးသန့်လေကွာ . . . ”

* * *



## (၃၅)

မင်္ဂလာပွဲနေ့။

သူမ အလှပြင်နေပါသည်။ အလှပြင်ပေးသည့် မာမီက လည်း သူမကို အစွမ်းကုန်ပြင်ဆင်ပေးနေပါသည်။ သူမရဲ့ ဘေးနားမှာ ‘ရိပ်ရိပ်’ နဲ့ ‘ဇာဇာ’ က လိုအပ်တာတွေ လုပ်ပေး နေသည်။

‘သိဒ္ဓိ’ နဲ့ ‘ပြင်းရှ’ ကတော့ ခြံထဲမှာ ဧည့်ခံဖို့အတွက် အလုပ်ရှုပ်နေကြသည်။ ‘မှော်’ ကတော့ တစ်မနက်လုံး သူမနဲ့ အတူရှိနေပြီး သူမ အလှပြင်တော့မှ အိမ်ကို ခဏပြန်သွား သည်။ အိမ်ကနေမှ အဝတ်အစားလဲပြီး တစ်ခါထဲ လာခေါ်မှ မည်။

သူမ အလှပြင်ပြီး၍ အဝတ်အစားလဲပြီးချိန်တွင် ‘မှော်’ ရောက်မလာသေး။ သူမက သခွားရောင် ဖော်လာထားနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အရမ်းလှုပနေသည်။ သူမက 'ရိပ်ရိပ်' ကို -

"ရိပ် . . . မှော် မလာသေးဘူးလား . . ."

"မလာသေးဘူးဟ . . ."

ခဏကြာတော့ 'ပြင်းရှ' ရောက်လာကာ -

"ဖေ . . . ကိုနဲ့ အပြင်ခဏလေးလိုက်ခဲ့ပါ . . . ပြောစရာရှိလို့ . . ."

"အမလေးဟဲ့ . . ငါတို့ရှေ့မှာပြောတော့ ဘာဖြစ်မှာမို့လို့လဲ . . ."

"အေးလေ . . ."

သူမနဲ့ 'ရိပ်ရိပ်' က ဝိုင်းအော်ကြသည်။ 'ဖေဖေ' ကတော့ ပြုံးစိစိဖြင့် 'ပြင်းရှ' လက်ဆွဲခေါ်ရာနောက်ကို လိုက်သွားရတော့သည်။ 'ဖေဖေ' အပြင်ရောက်တော့ . . .

"ဖေ . . . အခု ပြန်သွားရင် နက်နက်ကို သေချာပြောပြနော် . . . ကို့အနေနဲ့ဆိုရင်တော့ မပြောချင်ဘူး . . . ဒါပေမယ့် မပြောလို့လဲ မဖြစ်ဘူး . . ."

မျက်စိမျက်နှာအပျက်ပျက်ဖြင့် ပြောနေသော မိမိခင်ပွန်းသည်ကို "ဖေဖေ" နားမလည်သလို ကြည့်လိုက်သည်။ "ပြင်းရှ" က -

"ဒီကိုအလာမှာ မှော်ကား accident ဖြစ်လို့ အခု ဆေးရုံမှာ . . . ဒဏ်ရာက အတော်ပြင်းတယ် . . . မကြယ်စင်ဖုန်းဆက်တာကတော့ အခြေအနေသိပ်မကောင်း ဘူးတဲ့ . . . ကိုနဲ့ သိဒ္ဓိ အရင်လိုက်သွားမယ်။ နက်နက်ကိုတော့ ဖေတို့ ဘာသာပဲပြောပြီး ဆေးရုံကြီးကို အမြန်လိုက်လာခဲ့တော့"



"အင်း . . . အင်း . . . ဘုရား . . . ဘုရား . . . မှော် ဘာမှမဖြစ်ပါစေနဲ့ . . ."

"ဖေဖေ" အခန်းထဲသို့ ပြန်ဝင်လာတော့ . . . "ရိပ်ရိပ်"က

"ဖေဖေ မျက်နှာလည်း မကောင်းပါလား . . . ပြင်းရှက ဘာပြောသွားလို့လဲ . . ."

"ဖေဖေ" က "နက်နက်" ရဲ့ ပုခုံးလေးကို ကိုင်ကာ -

"နက်နက် စိတ်အေးအေးထားနော် . . . မှော်လေ . . . မှော် . . ."

"ဟင် . . . မှော် ဘာဖြစ်လို့လဲ ဖေဖေ . . ."

"မှော် ဒီကိုအလာမှာ . . . ကား accident ဖြစ်လို့ . . . အခု ဆေးရုံ . . . ဆေးရုံမှာတဲ့ . . ."

"ဘာ"

"ဟုတ် . . . ဟုတ်တယ် . . . ဒဏ်ရာက ပြင်းတယ်တဲ့ အခြေအနေမကောင်းဘူးလို့ ပြောတယ် . . ."

"နက်နက် . . . နက်နက် စိတ်ထိန်းဦးလေ . . . လာ ငါတို့ ဆေးရုံကို လိုက်သွားရအောင် . . ."

ဖြစ်မှဖြစ်ရလေ "မှော်" ရယ် . . . သူမ သတို့သမီးဝတ်စုံကြီးနှင့် ဒီတိုင်းလိုက်လာခဲ့သည်။ ဆေးရုံရောက်တော့ 'မှော်' ရှိမယ့်အခန်းကို 'ဖေဖေ' တို့ စုံစမ်းနေချိန်မှာ သူမကတော့ ရင်တွေပူလှပြီ။ 'မှော်' သာ တစ်ခုခုဖြစ်ရင်တော့ . . . ဟင့်အင်း . . . မဖြစ်နိုင်ပါဘူး။ 'မှော်' ရယ် ကျေးဇူးပြုပြီး ဘာမှမဖြစ်ပါ နဲ့နော်။

"လာ နက်နက်"

www.burmeseclassic.com



"ရိပ်ရိပ်" က သူမလက်ကို ဆွဲပြီး ခေါ်သွားသည်။ အခန်းတစ်ခုရှေ့ရောက်တော့ "ဇာဇာ" က တံခါးဆွဲဖွင့်ရင်း အထဲဝင်သည်။ အားလုံး အထဲကိုရောက်တော့ အထဲမှာ "မကြွယ်စင်" နှင့် သူ့အမျိုးသား "မော့်" မိဘတွေနှင့် "သူမ မိဘတွေ . . . သိဒ္ဓိ နဲ့ ပြင်းရှ အားလုံးရဲ့ မျက်လုံးတွေက ဝမ်းနည်းရိပ်တွေနဲ့ပါလား . . ."

ကုတင်ပေါ်က "မော့်" ကတော့ . . .

"နက်နက် . . . မော့်ဆုံးပြီ . . . မကြွယ် မောင်လေး ဆုံးပြီ နက်နက်ရဲ့ . . ."

"မကြွယ်" က ငိုရင်း သူမကိုဖက်ရင်းပြောသည်။

သူမ ဘာကိုမှ မယုံကြည်နိုင် . . . အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။ "မော့်" ဆုံးပြီတဲ့ . . . ဘာတွေလဲ . . . မဖြစ်နိုင်ပါဘူး . . . ဒါ 'မော့်' မဖြစ်နိုင်ဘူး . . . 'မော့်' က မင်္ဂလာပွဲကိုရောက်အောင် လာမှာသေချာတယ် . . . အခုချိန် ဆို 'မော့်' ရောက်နေလောက်ပြီ . . . သူမကို မင်္ဂလာပွဲမှာ မတွေ့ရင် စိတ်ပူနေတော့မယ် . . . သူမ ပြန်မှဖြစ်မှာ . . .

သူမ ချာကနဲ လှည့်ထွက်လိုက်သည်။

"နက်နက် . . . နက်နက် ဘယ်သွားမလို့လဲ . . ."

"သမီး"

သူမလက်ကို ဆွဲထားသော 'ရိပ်ရိပ်' ရဲ့လက်ကို ဖြုတ်လိုက်သည်။ သူမ ဖေဖေနဲ့မေမေ ခေါ်တာကို တစ်ချက်ကြည့်ပြီး

"သူ မော့် မဟုတ်ဘူး . . . ဖေဖေ . . . မော့်က သမီးဆီကိုရောက်အောင်လာမှာ . . . အခုတောင် ရောက်ချင်



ရောက်နေတော့မှာ . . . သမီး ပြန်မှဖြစ်မယ် . . . အချိန်က အရမ်းနီးနေပြီ . . ."

"သမီး . . . သမီးလေး စိတ်ထိန်းပါသမီးရယ် မော့် . . . ဘယ်တော့မှ သမီးဆီမလာနိုင်တော့ဘူး . . . မော့် တကယ် ကို ဆုံးသွားပါပြီ သမီးရယ် . . . မေမေတို့ရှေ့မှာပါပဲ"

"သမီး မယုံဘူး ဖေဖေ . . ."

"သမီး"

သူမ အတင်းရုန်းကာထွက်ပြေးလာခဲ့တော့သည်။

"သမီး"

"နက်နက်"

အားလုံးရဲ့ ခေါ်သံတွေက သူမနောက်မှာ ကျန်ခဲ့သည်။ "မော့်" ရေ ငါ နင့်ဆီကို အရောက်လာခဲ့မယ်နော်။ သူမ ဆေးရုံရှေ့ ကားလမ်းမကြီးကိုရောက်တော့ ကားငှားရန် ကြည့် လိုက်သည်။ မင်္ဂလာသတို့သမီးဝတ်စုံဖြင့် သူမကို လူတွေက ဝိုင်းကြည့်နေကြသည်။

သူမ ကား လက်တားနေရင်း တစ်ဖက်လမ်းကိုကြည့် လိုက်သည်။

"ဟင် . . . မော့် . . ."

"မော့်" က သူမကို လှမ်းခေါ်နေသည်။ သူမ ကားလမ်း ကို အတင်းဖြတ်ကူးလိုက်သည်။ သူမရဲ့ ဘယ်ဘက်က လာနေ သော ကားကြီး သူမ "မော့်" ထံ အရောက်သွားလို့မရတော့

"ဒုန်း"

"မော့်"

www.burmeseclassic.com

www.burmeseclassic.com



သူမ လွင့်စင်ထွက်သွားသည်။ နာကျင်မှုများကြားမှ သူမ "မှော့်" နာမည်ကိုခေါ်နေမိသည်။ သူမ အသံမထွက်။ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်လိုက်တော့ သူမဘေးနားမှာ လူတွေ အများကြီး . . . "မှော်" ရော . . .

ဟောတွေ့ပါပြီ "မှော်" . . . "မှော်" ရေ . . . "မှော်"က သူမကို ဆွဲထူလိုက်သည်။ သူမ နာကျင်တာတွေ ပျောက်သွားသည်။

"မှော်" နဲ့ သူမ မင်္ဂလာပွဲကို သွားရတော့မယ်။ ပျော်လိုက်တာ "မှော်" ရယ် . . . သူမ "မှော့်" ရဲ့ လက်မောင်းလေးကို မှီလိုက်သည်။

* * *

မင်္ဂလာပွဲဟာ အ,မင်္ဂလာပွဲ ဖြစ်သွားပါတော့တယ်။ သူတို့နှစ်ယောက်ရဲ့ မိဘဆွေမျိုး၊ သူငယ်ချင်းတွေ ဘယ်လိုမှ ဖြေမဆည်နိုင်ကြ။ သတို့သားနဲ့ သတို့သမီးကို တစ်ရက်ထဲမှာပဲ သင်္ဂြိုဟ်ခဲ့ကြသည်။

လူတွေရဲ့ ပါးစပ်ဖျားမှာ သနားစရာပုံပြင်လေးတစ်ပုဒ် အဖြစ် . . .

သင်္ဂြိုဟ်တဲ့ အဝတ်အစားလေးတွေက သတို့သားဝတ်စုံ သတို့သမီးဝတ်စုံလေးဖြင့် . . .

ဝရိသတ်အတွက်
အမြဲထာဝရ လေးစားကြိုးစားလျက်မှ . . .
ပျို့ခေတ်

www.burmeseclassic.com